
တက္ကသိုလ်
စိန်ပွင့်စာပေ
နေလမင်းအောက်
လူရောင်မှုန်နှင့်
ပုလဲနက်ဝက်ပါ
ပထမပိုင်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၇၈၀၅၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၁၄၀၅၀၂

၂၀၀၅-ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက်
၂၃၉၊ ခေမာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း
[illegible]ဝေအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်

# နေလင်းအောင်

# ရှာရှောင်ဖုန့်နှင့် ပုလဲနက်ဝက်ပါ

ပထမပိုင်း

## အခန်း (၁)

သူ့စိတ်မှာ တစ်မျိုးကြီး ဖြစ်နေသည်။

သူ့ရင်မှာ ခံစားမှုက တကယ့်ကို တစ်မျိုးကြီး ဖြစ်နေပါသည်။

တကယ်တော့ မဆန်းလှပါ။ အချိန်ကြာမြင့်စွာ တစ်နေရာသွားပြီး အချိန်တန် ပြန်လာရခြင်းမှာ သူ့အတွက် သာ၍ပင် မဆန်းလှပါ။

သူကား မျက်ခုံးမွေးလေးခုနဲ့လူ။

ခြေသလုံးအိမ်တိုင်ပမာ တစ်နေရာမှ တစ်နေရာ အစဉ်တစိုက်သွားလာနေသူတစ်ယောက်မို့ နေရာအတည်တကျရယ်လို့တော့ မရှိပါ။

ထိုသူကား လုရောင်ဖုန့်ပင် ဖြစ်သည်။

သူ၏ နှုတ်ခမ်းမွေးသည် သူ့မျက်မုံးမွေး တည်နေပုံနှင့် တသွေ

မတိမ်း တူညီနေသဖြင့် သူ့ကို မျက်ခုံးမွှေးလေးခုရှင် လုရှောင်ဖုန့်မ

လည်း ခေါ်ကြသည်။

ယခု သူ ပြန်ရောက်လာပါပြီ။

သည်နေရာမှ ယခု အဆုံးသတ်ခဲ့သော ခရီးစဉ် မစခင် နေ

ဆုံးနေခဲ့သော နေရာပါပေသည်။

လှေကြီးက ကမ်းနားတွင် ရှိသည်။ လုရှောင်ဖုန့်လှေကြီးပါ

ဒါမှမဟုတ် သူ့ရဲ့ အိမ်ရာလေးဟု ခေါ်ဆိုနိုင်သည်။

လုရှောင်ဖုန့် ကုန်းပတ်ပေါ် တက်ခဲ့သည်။ လေလွင့်နေသေ

အိမ်ပြေးက မိမိအိမ်ကို ပြန်ရောက်လာသကဲ့သို့ နွေးထွေးစွာ ခံစ

လိုက်ရသည်။

နေရောင်က တောက်ပလို့နေ၏။

ရေပြင်က ပြာလဲ့လဲ့၊ ပြာလဲ့လဲ့ပင်လယ်ရေပြင်မှာ နေရော

အောက်တွင် လွှန်စွာမှ လှပတင့်တယ်လို့ ရှိနေသည်။

သူက အကျီနှင့် ဖိနပ်ကို ချွတ်လိုက်သည်။ ကုန်းပတ်မှာ ပူနေ

နေသဖြင့် ခြေဖဝါးအစုံမှာ နွေးထွေးသွားသည်။

သူ ပတ်ဝန်းကျင်ကို ဝေ့ကြည့်သည်။ မည်သူမျှ မရှိ။ မည်သူမျှ

မတွေ့ရ။

သူ စောင့်နေသည်။ သူ့ကိုတွေ့လျှင် အံ့အားသင့်သွားစေချ

သည်။



သို့ရာတွင် အတန်ကြာသည့်တိုင် မည်သူ့ကိုမျှ အရိပ်အရောင်

မတွေ့ရသဖြင့် သူ မအောင့်နိုင်တော့ဘဲ အော်ခေါ်လိုက်သည်။

"စုယုံယုံ"

တခဏစောင့်သည်။ သို့သော် ထူးသံ မကြား။ -

"ဟန်ရှူး.... အန်းအော့...."

ဘာမှ မထူးခြား။

"စုယုံယုံ၊ ဟန်ရှူး၊ အန်းအော့၊ စားစရာတွေ ယူခဲ့ကွာ...အေး

စားစရာတွေ မြန်မြန်ယူမလာရင်တော့ လှေကြီးကို ငါ ဝါးမြိုစားလိုက်

မယ်နော်...."

လုရှောင်ဖုန့်က အော်ပြောသည်။ ထူးသံမကြား။ လှုပ်ရှားမှု

မရှိ။ လှေကြီးပေါ်တွင် လူရိပ်လူရောင် မရှိသည့် သွင်ဟန်။

လုရှောင်ဖုန့်၏ ရင်တွင်းမှ နွေးထွေးသော ခံစားမှုများ ရုတ်ခြည်

ကွယ်ပျောက်သွားပါလေပြီ။ လှေကြီးကို နံ့စပ်အောင် ရှာဖွေပြန်သည်။

ဘာမှ မထူးခြား။ မည်သူမျှ မရှိ။ မိန်းကလေးတွေ ဘယ်

ရောက်သွားပြီနည်း၊ တခါတရံ သူတို့လေးတွေ မြို့ပေါ်သွားတတ်

သည်။ မိန်းမ အသုံးအဆောင် ပစ္စည်းများ ဝယ်တတ်သည်။ သို့ရာတွင်

သုံးယောက်စလုံး သွားလေ့မရှိဘူးပေ။

မိန်းကလေးသုံးယောက် ဘယ်ရောက်သွားပြီနည်း၊ သူ့ကို နှုတ်

မဆက်ဘဲ ထွက်ခွာသွားကြလေသလား။

ဤသို့လည်း မဖြစ်နိုင်။

ဤနှစ်များအတွင်း သူတို့သည် လုရှောင်ဖုန့်၏ အစိတ်အပိုင်း လေးတွေ ဖြစ်နေကြသည်။

သူတို့နှင့် လုရှောင်ဖုန့်မှာ တစ်သွေးထဲ တစ်သားတည်း ဖြစ်နေ ကြပြီ။ မည်သူကမျှ သူတို့ကို ခွဲခွာ၍ မရ။

ဤသို့ဆိုလျှင်....။

သူတို့လေးတွေ တစ်ခုခုများ ဖြစ်နေပြီလား။

လုရှောင်ဖုန့် လှေဝမ်းထဲ ပြေးဝင်သွားပြန်သည်။

သူက မိန်းကလေးသုံးယောက်၏ သိုင်းပညာနှင့် ပါးနပ်လျှ မြန်မှုကို ကောင်းကောင်းသိသဖြင့် ယုံကြည်စိတ်ချသည်။

တစ်စုံတစ်ခု သော အန္တရာယ်ကို အေးဆေးစွာ ဖြေရှင်းနိုင်မည် ကိုလည်း ယုံကြည်ထားသည်။

ထို့အပြင်....

လှေထဲတွင် အရေးပါသော လျှို့ဝှက်စက်ယန္တရား ထောင် ချောက် လေးဆယ့်ကိုး တပ်ဆင်ထားသေးသည်။

ဆန်းသည်က စက်ယန္တရား ထောင်ချောက်များသည် နဂို အတိုင်းပင် ဘာမှ အပြောင်းအလဲ မရှိ။ လှုပ်ရှားခဲ့သည့် အရိပ်အရောင် မရှိ။



လှေဝမ်းထဲတွင်လည်း သပ်သပ်ရပ်ရပ်၊ ရှုတ်ထွေးခြင်း မရှိ။

သတ်ပုတ်သည့် လက္ခဏာလည်း မတွေ့ရ။

မိန်းကလေးသုံးယောက် အေးဆေးစွာပင် လှေကြီးထဲမှ ထွက် ခွာသွားကြဟန်ပင်၊

ဒါမှမဟုတ် တစ်စုံတစ်ယောက်က အလွန်တိုတောင်းသော အချိန်လေးဖြင့် မိန်းကလေးသုံးယောက်ကို ထိန်းချုပ်သွားဟန်ပင်။

သို့ရာတွင် ဤမျှ သိုင်းပညာတော်သောလူ ဤလောကတွင် ရှိသည်ဟု သူ မယုံကြည်။

အဖြစ်က ဆန်းလှသည်။ အဖြစ်ဆန်းသည်နှင့်အမျှ သူ ပို၍ စိုးရိမ်ပူပန်ရလေပြီ။

လုရှောင်ဖုန့် ကုန်းပတ်ပေါ် တက်လိုက်၊ လှေဝမ်းထဲဆင်းလိုက်၊ ဆင်းလိုက် တက်လိုက် သဲလွန်စရှာလိုက် လုပ်နေရာမှ အခေါက်ပေါင်း ရှစ်ဆယ်ခန့်ရှိမှ တစ်စုံတစ်ခုကို သူရုတ်တရက် တွေ့လိုက်သည်။

သူ အမြဲတမ်း ထိုင်နေကြဖြစ်သော ကုလားထိုင်ကြီးပေါ်တွင် အဝါရောင် သဲမှုန့်တစ်ပုံကို တွေ့ရသည်။

သဲပုံ၏ အလယ်တည့်တည့်တွင် တောက်ပြောင်နေသော ပုလဲ နက် တစ်လုံးကို တွေ့လိုက်ရသည်။

လုရှောင်ဖုန့်က သဲမှုန့်များကို ရုတ်တရက် ကမန်းကတန်း

ဆွဲယူလိုက်သည်။

သဲမှုန့်များက သူ့လက်ချောင်းများကြားမှ စီးကျသွားသည်၊ စာရွက်တစ်ရွက်ကတော့ လက်ပေါ်တွင် ကျန်နေရစ်သည်။

သူ ဖတ်ကြည့်လိုက်တော့....

'လုရှောင်ဖုန့်က မြင်းကိုခိုးတော့ ပုလဲနက်က လူပြန်ခိုးရတာပေါ့'တဲ့....။

❀ ❀ ❀ ❀ ❀

## အခန်း (၂)

ပုလဲနက်....

လုရှောင်ဖုန့် ရေရွတ်သည်။

တကယ်တော့ သူစီးနေသော မြင်းမှာ ပုလဲနက်ရဲ့ မြင်းပဲမဟုတ်လား။

သူ ပုလဲနက်ကို အလွန်အမင်း ဒေါသထွက်နေသည်။

ယခု ပုလဲနက်ရဲ့ မြင်းကိုစီးပြီး ပုလဲနက် ရာပုံတော် ဖွင့်နေရပြီ။

ယခု သူမြို့လေးတစ်မြို့ကို ရောက်လာပါပြီ၊ တလင် မြစ်ကမ်းဘေးနားရှိ မြို့လေးတစ်မြို့ဖြစ်သည်။

နေက ပူပြင်းလှသည်။ လေကလည်း ထန်လာသည်။ သဲမှုန်တွေကလည်း ထူပြောသည်။

သို့ရာတွင် မြို့လေးမှာ စည်ကားလို့နေသည်။ လှုပ်ရှားလို့ နေကြသည်။ သဲကုန်းပြင်မြင့် ဒေသရှိ မြို့လေးများတွင် သည်မြို့လေးမှာ အစည်ကားဆုံး ဖြစ်လို့နေသည်။

ထိုသို့ စည်ကားရခြင်းမှာလည်း ထိုက်ထိုက်တန်တန်အကြောင်းရင်းက ရှိနေသည်။ အနီးအပါး မိုင်တစ်ရာ ပတ်ဝန်းကျင်တွင် ရေမရနိုင်၊ အဖိုးတန်သော ရေချိုကို ဤမြို့လေးတွင်သာ ရရှိနိုင်သောကြောင့် စည်းကား၍နေသည်။

သို့ကြောင့် လမ်းမကြီး၏ ဘေးတဘက်တချက်တွင် အုတ်ဖြင့် ဆောက်ထားသော ဆိုင်ခန်းများ၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်များ ပြည့်နှက်နေသည်။

လုရှောင်ဖုန့်မှာ အလွန် ပင်ပန်းနွမ်းနယ်သော ခရီးကိုဖြတ်သန်းလာရသဖြင့် ဤနေရာလေးကို ရောက်သည့်အခါ အမောပြေသွားရသည်။ ရင်မှာ ချမ်းမြေ့သွားရသည်။

ဤရက်များအတွင်း နေ့စဉ်ရက်ဆက် မြင်းကို ဒုံးစိုင်းခဲ့ရသည် မဟုတ်လား။ ဤမြင်းမို့လို့သာ သည်ခရီးကို ဤမျှမြန်မြန်ရောက်လာရခြင်း ဖြစ်သည်။

မြင်း တကိုယ်လုံးမှာ ချွေးများ ရွှဲနစ်လို့နေသည်။

လုရှောင်ဖုန့်က ချွေးများ ရွှဲနစ်နေသော မြင်း၏ လည်တိုင်ပွတ်သပ်ပြီး။



"သိပ်ပင်ပန်းနေလားလား၊ အေးလေ ဒီရက်တွေမှာ မင်းလည်း သိပ်ပင်ပန်းမှာပေါ့....တို့ ဒီနေ့ကောင်းကောင်း အနားယူကြတာပေါ့ကွာ...."

လုရှောင်ဖုန့်က ယုယကြင်နာစွာ ပြောနေလေသည်။

ထိုစဉ်မှာပင် မြင်းလည်းတစ်စီးက အရှိန်ပြင်းပြင်းဖြင့် မောင်းနှင်လာနေသည်။ မြင်းပိန်ပိန်လိုလိုလေးကို ကြာပွတ်ဖြင့် တရှမ်းရှမ်းရိုက်ရင်း အရှိန်ပြင်းစွာ မောင်းနှင်လာရသည်။

ထိုအခိုက်တွင်ပင် ကြောင်လေးတစ်ကောင်က အရက်ဆိုင်တစ်ဆိုင်းအတွင်းမှ ရုတ်တရက် ပြေးထွက်လာပြီး လမ်းမကို ဖြတ်ကူးသည်။

မြင်းလှည်းမှာ အရှိန်ပြင်းစွာ မောင်းလာသဖြင့် ကြောင်လေးမှာ ရှောင်နိုင်မည် မဟုတ်တော့။

ကြောင်လေးမှာ လှည်းဘီးဖြင့် ကြိတ်မိတော့မလို ရှိနေစဉ်ပင် အရက်ဆိုင်တွင်းမှ လူတစ်ယောက် လျှပ်တပြက် ထွက်လာသည်။ သူ၏ ကိုယ်ဟန်မှာ လေးမှ ပစ်လွှတ်လိုက်သော မြားလို မြန်လှပေ၏။ ဒိုင်ဗင်ထိုး၍ ကြောင်လေးကို မိုးထားလိုက်သည်။ ကြောင်လေး၏ ကိုယ်နှောကို သူ့ကိုယ်ဖြင့် မိုးထားလိုက်သည်။

ကြည့်။ မြင်းက သူ့ကိုယ်ကို နင်းသွားပြီး လှည်းဘီးကလည်း ကြိတ်သွားပြီ။

"ဟယ်...."

"အင်...."

လမ်းပေါ်ရှိ လူများ အထိတ်တလန့် အော်ဟစ်ကြသည်။ ဆူညံသွားသည်။

လုရှောင်ဖုန့်က မျက်မှောင်တစ်ချက် ကုပ်သည်။

မြင်းလှည်း မောင်းသူမှာ မြင်းလှည်းကို ကြောက်အားလန့်အား ကမန်းကတန်းပင် ရပ်လိုက်ပြီး မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်၏။ ပြီးတော့ အပြေးအလွှား ထိုသူနား ရောက်လာသည်။

ထိုသူက ထထိုင်သည်။ ကြောင်လေးကို ရင်ခွင်မှာ ပိုက်ပြီး ရယ်မောနေသည်။ ပြီးတော့....

"ဟင်...တယ်ခက်တဲ့ကောင်၊ နောက်တစ်ခါလမ်းဖြတ်ကူးရင် သတိထားနော် ကောင်လေး၊ ဒီနှစ်ထဲမှာ မျက်လုံးအပြူးသားနဲ့ ကန်းနေတဲ့ လူတွေ အများကြီးပဲကွ...."

ထိုသူက အေးဆေးစွာ ကြောင်လေးကို ပြောနေသည်။

သူ့အပေါ် မြင်းလှည်းတစ်စီးလုံး တက်ကြိတ်သွားပေမဲ့ ... ဒဏ်ရာဒဏ်ချက်မှ သူ့မှာမရှိ၊ ဒါပေမယ့် စုတ်ပြတ်ဟောင်းနွမ်းသော သူ့အဝတ်အစားမှာ ပို၍ စုတ်ပြတ်သွားပါပြီ။



မြင်းလှည်းဆရာမှာ ဒေါသထွက်သွားသဖြင့်....

"မင်းက ငပေါပဲ....အေး မင်းသေသွားတာ အရေးမကြီးဘူးကွ၊ ငါက မင်းသေရင် အချောင်သက်သက် တရားစွဲခံရမှာကွ တယ်"

မြင်းလှည်းသမားက အော်ပြောသည်။ ပြီးတော့ ပို၍ ဒေါသထွက်ဟန်ဖြင့် ထိုသူကို ခြေဖြင့် လှမ်းကန်လိုက်သည်။

မှားပေစွ၊ ထိုသူက လှည့်၍ပင် မကြည့်ပါ။

ကြောင်လေးကို ညာလက်ဖြင့် ပွေ့ပိုက်ထားရက်ဖြင့်ပင် ဘယ်လက်ဖြင့် သူ့ဆီရောက်လာသော ခြေကို မြှောက်ပင့်မလိုက်သည်။

မြင်းလှည်းသမား၏ ကိုယ်မှာ မြောက်သွားသည်။ လွင့်စင်သွားသည်။ လမ်းဘေးရှိ ဆိုင်ခန်း တစ်ခုပေါ်သို့ ကျသွားသည်။

ပတ်ဝန်းကျင်မှ လူများ တုန်လှုပ်သွားကြသည်။ တခဏ ငြိမ်သက်သွားကြသည်။ ပြီးတော့ ရယ်သံတွေ ညံသွားသည်။ မြင်းလှည်းသမားက ခေါင်မိုးပေါ်မှ မျက်စေ့ပျက် မျက်နှာပျက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

ထိုသူကတော့ အေးအေးလေးပါ။

ကြောင်လေးကိုပိုက်ပြီး အရက်ဆိုင်ထဲသို့ ဖြေးညင်းစွာလျှောက်သွားသည်။

စောစောက သူ့သွင်ဟန်မှာ မြားကဲသို့ အရှိန်မြန်လှသော်လည်း ယခုတော့ သူ့သွင်ဟန်မှာ သူ့ကိုယ်သူ အနိုင်နိုင် သယ်နေရသလို လမ်းကိုပင် မလျှောက်ချင်သလိုလို သူ့ကိုပင် အများက ပွေ့ချီပြီးဆိုင်ထဲ ခေါ်သွားရတော့မလိုလို။

ဖျင်းရိသော အပြုံးနဲ့ တောက်ပနက်နဲသော မျက်လုံးတို့ကတော့ ရှိနေဆဲ။

လုရှောင်ဖုန့် မြင်းပေါ်မှ ရုတ်တရက် ခုန်ဆင်းလိုက်သည်။ ပြီးတော့....

“ဟော့.... ဆက်တူ မင်း ဘယ်နှယ့်လုပ် ဒီရောက်နေရတာလဲကွ”

လုရှောင်ဖုန့်က အော်၍ မေးလိုက်သည်။

တဆက်တည်းပင် ကိုယ်ဖော့ပညာ သိပ်တော်သော ဆက်တူသည် အတွင်းအား အလွန်ကောင်းကြောင်း တွေ့ရသဖြင့် အံ့အားသင့်နေသည်။ မြင်းလှည်း ကြိတ်သွားသည်ကိုပင်လျှင် ဘာမှ မဖြစ်သဖြင့် အတွင်းအား မသေးလှကြောင်း သိရှိသွားသည်။

“ဟော့ ကြယ်ချွေ....ဆက်တူ....သူခိုးဝိဇ္ဇာ”

လုရှောင်ဖုန့်က ဆက်ခေါ်သည်။ ပျော်လင့်သောနေရာတွင် သူငယ်ချင်းတစ်ယောက်ကို တွေ့ရသဖြင့် ပျော်ရွှင်မြူးသွားသည်။

ကြယ်ချွေက ရုတ်တရက်လှည့်ကြည့်ပြီး ထခုန်သည်။ •



ပြီးတော့ အော်ဟစ်ရယ်မောသည်။ ကြောင်ကို ရုတ်ချည်းလွှတ်ချလိုက်သည်။

“ဟ....လုရှောင်ဖုန့် မြေခွေးကြီး၊ မင်းကရော ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာရတာတုန်း....”

ကြယ်ချွေဆက်တူပြေးလာသည်။ လက်သီးဖြင့် လုရှောင်ဖုန့်ကို ထိုးလိုက်သည်။

လုရှောင်ဖုန့်က သူ့ပခုံးဆီဝဲလာသော လက်သီးကို မရှောင်နိုင်ပါ၊ သူက လက်သီးဖြင့်ပင် ကြယ်ချွေဆက်တူ၏ ဗိုက်ကို ပြန်ထိုးလိုက်သည်။

ပြင်းထန်သော လက်သီးဒဏ်ကြောင့် နှစ်ယောက်စလုံး နာကျင်သွားကြ၏။

သူတို့က လွှတ်ခနဲ အော်လိုက်ကြပြီးမှ ရယ်မောကြတော့သည်။

လုရှောင်ဖုန့်က ရယ်မောရင်း....

“မင်းကို မတွေ့တာကြာပြီနော်...အင်း မတွေ့တာကြာတော့ ဒီကောင်တော့ သူခိုးဝိဇ္ဇာတွဲ့ သူများလက် လွှဲပေးလိုက်ပြီလား.... သေပြီလား တွေးနေတာ...လက်စသပ်တော့ မင်းက ဒီမှာလာပုန်းနေတာကိုး....”

“ဘာလဲ မင်းက တိကောင်ဖမ်းချင်ပြန်ပြီလား....”

ဆက်တူးစကားကြောင့် လုရှောင်ဖုန့် မျက်နှာမှာ ပုတ်သိုး ဖြစ်သွားသည်။ တခါက သူနှင့်ဆက်တူတို့ ကျွမ်းထိုးပြိုင်ခဲ့ဖူးသည် ပွဲတွင် ဆက်တူနိုင်သွားသည်၊ လုရှောင်ဖုန့်မှာ ဆက်တူကိုရှုံးသ ဆက်တူအလိုကျ ဆယ်ရက်အတွင်း တီကောင် ခြောက်ရာ့ရှစ်ဆ တိတိ ဖမ်းပေးခဲ့ရသည်။

"ဘယ်လိုလဲကွ...တီကောင်ဖမ်းချင်သေးလို့ ငါ့ကိုသတိရ လား...."

"တော်ကွာ...မင်းက သူခိုးဝိဇ္ဇာပီပီ သိပ်ဉာဏ်များတယ်. အဲဒီတုန်းက မင်းတိတ်တိတ်လေး ကျွမ်းထိုးကျင့်ထားတာ ငါ မသိ ခံလိုက်ရတာ...."

"ဟား....ဟား....ဟား"

ဆက်တူက သဘောကျစွာ ရယ်မောလိုက်သည်။ လုရှောင်ဖု လည်း ရယ်မောမိသည်။

"ဒါထက် နေပါဦး...မင်းက ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာ တာလဲ မြေခွေးကြီးရဲ့...ကောင်မလေးတွေက မင်းကို သွားစရာနေရာ မရှိအောင် လုပ်လိုက်လို့လား...."

ဆက်တူကမေးသည်။

မထုံတတေး အတတ သွင်ဟန်နှင့် ရှိတတ်သော မျက်ခုံးမွေး



လေးခုရှင်ဟု ကျော်ကြားသော လုရှောင်ဖုန့်ကို မိန်းကလေးတွေ ချစ်မြတ်နိုးကြသည်ကို ဆက်တူ ကောင်းကောင်းသိထားသည်။

လုရှောင်ဖုန့် ဘာမှမပြောသေး။

နှစ်ယောက်သား ရှင်မြို့စွာ ရယ်မောရင်း အရက်ဆိုင်တွင်း ဝင်ခဲ့ကြသည်။ နှစ်ယောက်သား စားပွဲခုံတစ်ခုတွင် ဝင်ထိုင်လိုက်ကြ၏။

စားပွဲခုံမှာ ဟောင်းနွမ်းလှသည်၊ စုတ်ပြတ်လှသည်၊ ကျိုးပဲ့ပြတ် ကျလုမတတ် ရှိနေသော စားပွဲခုံ။

သူတို့နှစ်ယောက်က ထိုင်မိစဉ်ပင် ကြောင်ကလေးက စားပွဲခုံ ပေါ် ခုန်တက်လာသည်။

ဆက်တူက ဆွဲယူကာ အောက်ကိုပစ်ချလိုက်ပြီး ရယ်မောကာ

"ဟဲ့....ကောင်လေး၊ မင်းက သဝန်တိုနေသလား....မနာလို မရှိနဲ့ကောင်လေး...ငါနဲ့ ဒီမြေခွေးကြီးနဲ့က သူငယ်ချင်းဟောင်းတွေကွ သူရောက်လာရင် မင်းဘေးမှာ အသာထိုင်ကြည့်ရုံပဲ ရှိတော့တယ် ကွ...."

မြေခွေးကြီးတဲ့။

သူ့ကို ဆက်တူ အမြဲတန်းခေါ်ခဲ့တဲ့နာမည်၊ လုရှောင်ဖုန့်ရယ် သည်၊ အခြားသူတွေ ဘယ်လိုခေါ်ခေါ် ဆက်တူကတော့ မကြာခဏ

မြေခွေးကြီးပဲ ခေါ်သည်။ ခုတော့ စွဲစွဲမြဲမြဲပင် ခေါ်နေပြီကော။

လုရှောင်ဖုန့်ကျ ရှင်မြူးစွာ ရယ်မောရင်း....

"တို့များ မတွေ့တာကြာပြီပဲ...မတွေ့ကြတဲ့နှစ်တွေအတွင်း မင်းက ဒီကြောင်လေးနဲ့ သူငယ်ချင်းဖြစ်နေတာကိုး....ကဲ ဒီနေ့ တို့တွေ အရက်နှစ်ခွက်လောက် သောက်ကြရအောင်...."

"ဘာ နှစ်ခွက် ဟုတ်လား...."

ဆက်တူက စားပွဲကိုလက်ဖြင့် တစ်ချက်ရိုက်ပြီး....

"ဘာနှစ်ခွက်လဲ...ဒီနေ့ မင်းကို ငါအရက်တိုက်မယ်၊ မင်း အခွက်နှစ်ရာမတိုက်ရရင် ငါ့ကိုယ်ငါ လူလို့မသတ်မှတ်ဘူးကွ...."

သူက ပြောပြောဆိုဆို၊

"အရက်...အရက်မြန်မြန်ယူလာစမ်း...ဘယ်လိုလဲကွ မင်း က ငါ့သူငယ်ချင်း အရက်ငတ်ပြီးသေတာ မြင်ချင်နေလို့လား...."

ဆက်တူက အော်ဟစ်လိုက်သည်။

မိန်းကလေးတစ်ယောက် အရက်တခရားကိုင်ပြီး လှုပ်လီလှုပ် လဲ့ ရောက်လာသည်။ အလွန် ပိန်လှီသော မိန်းမပျိုလေးပင်။ ထိုပိန် လှီသော မိန်းကလေးက အရက်ခရားကို စားပွဲပေါ်ဆောင့်တင်လိုက် သဖြင့် 'ဘုန်း' ခနဲပင် အသံမြည်သွားသည်။ မိန်းကလေးက ဆက်တူ ကို ... ပေလေးမျှမကြည့် မျက်စိထောင့်ဖြင့်ပင် စွေစောင်းမကြည့်၊ ချာခနဲ



လှည့်ထွက်သွားသည်။

ဆက်တူကတော့ မိန်းကလေးကို မမှိတ်မသုန် မျက်တောင် မခတ် စိုက်ကြည့်နေပါ၏။ သူ့အကြည့်က သည်မိန်းကလေးသည် ကမ္ဘာပေါ်မှာ အလှဆုံး မိန်းကလေးဟု သတ်မှတ်ထားသည့် အသွင် မျိုး။

လုရှောင်ဖုန့်က ခပ်အုပ်အုပ် ရယ်မောပြီး....

'အင်း...သူငယ်ချင်း သူ့ခိုင်ခံ့ကြီး၊ မိန်းမချော မိန်းမလှလေး တွေကို မတွေ့ရတာကြာလို့ အချောအလှဆိုတာ ဘယ်လိုလဲလို့ မမှတ် မိတော့ဘူး ထင်ပါရဲ့' ဟု လုရှောင်ဖုန့်က ရေရွတ်လိုက်သည်။

တကယ်တော့ မိန်းကလေးမှာ သိပ်အရုပ်ဆိုးလှသည် မဟုတ် ပါ၊ အသက်လည်း မကြီးပါ၊ ငယ်ငယ်ရွယ်ရွယ်နှင့် လှပသော မျက်နှာ လေး ပိုင်ဆိုင်သူဖြစ်ပါသည်။ သို့ရာတွင် ပိန်လွန်းလှသည်၊ ပိန်လှီ၍ နေလွန်းခြင်းသာ ဖြစ်၏။

ဆက်တူက မိန်းကလေးကွယ်ပျောက်သွားမှ ခေါင်းပြန်လှည့် လာသည်။ အရက်ခွက်ထဲ အရက်လောင်းထည့်သည်။

"ကဲ...လုရှောင်ဖုန့် မြေခွေးကြီး သတိထားပေတော့...မင်းက ကုန်းစွန်းမကြီးကိုသာ မမူးဘဲနဲ့ မူးချင်ဟန်ဆောင်လို့ ရမယ်.... ငါ့ကိုတော့ မရဘူး....အဝသောက်စမ်း အမူးသောက်စမ်း...."

"ကောင်းပြီကွာ....ကဲ ကြိတ်လိုက်ကြစို့ရဲ့...."

သောက်ကြပြီဆိုတော့လည်း တကယ်ကို သောက်ကြပြီ။

အရက်ဆယ်အိုးကျော် ကုန်သွားလေပြီ။ ပိန်လှီမလေးက ဆိုင်ခန်းထဲမှ ဆယ်ကြိမ်ကျော် ထွက်လာခဲ့ရပြီ။ ထွက်လာတိုင်း အရက်အိုးချတိုင်း အရက်ခရားကို စားပွဲပေါ် ဆောင့်ချမြဲ။

ခေါင်းကို ချာခနဲလှည့်၍ ထွက်သွားသည်သာ။

ဆက်တူကမူ မိန်းကလေး ထွက်လာတိုင်း မျက်လုံးအစုံ ဝင်းလက် သွားတတ်သည်။ အသံလည်း ကျယ်လာသည်။ ရယ်သံလည်း မြူးလာသည်။ ကျယ်လာသည်။ ပျင်းရိသော အမူအရာမှာလည်း လန်းဆန်းလာတတ်သည်။

ဩော်....ဆက်တူ၊ ဘယ်လို ဖြစ်နေပါလိမ့်။

လုရှောင်ဖုန့် သက်ပြင်းတစ်ချက်ချသည်။

"တကယ် သနားစရာကောင်းတဲ့ ကောင်ပဲ...ဒါထက် ဒီနေရာမျိုးမှာ မင်း လာနေတာ ဘယ်လောက်ကြာသွားပြီလဲ...."

ဆက်တူက စဉ်းစားသလို မျက်တောင်တစ်ချက်ခတ်ပြီး....

"တို့တစ်တွေ ဘယ်တုန်းက နောက်ဆုံးအကြိမ် တွေ့ခဲ့ကြသလဲကွ...."

"အင်း (၇)နှစ် ရှိသွားပြီပေါ့"



လုရှောင်ဖုန့်က ဖြေသည်။

ဆက်တူက တစ်ခဏငေးနေသည်။ အဝေးကို မျှော်ကြည့်သလို င်းနေပြီးမှ ဖြေးညင်းစွာဖြင့်....

"အေး ဟုတ်တယ်....တို့များ မတွေ့တာ (၇)နှစ် ရှိသွားပြီ.... သောက်ရသေးကြီးတို့၊ မန်လိုတို့ မတွေ့ရတာလည်း အတော်ကြာပြီ ၊ အင်း...."

သူက ခေါင်းတညိတညိတ် လုပ်နေပြီး၊ ရယ်မောလိုက်သည်။

"မင်း....ကောင်းရာနန်ကို မှတ်မိတယ်နော်"

ဆက်တူက မေးသည်။

လုရှောင်ဖုန့် ခေါင်းညိတ်သည်။

"ဘယ် မှုပါ့မလဲကွာ...ဒါ ကောင်းရာနန်ကို ကောင်းကောင်း သိတာပေါ့ .... မေ့စရာအကြောင်းလည်း မရှိပါဘူး .... အဲဒီတုန်းက ကောင်မလေးက 'ဝါးဆန်းဂိုဏ်း' ရဲ့ 'လေပွေဓားသိုင်းကွက်'ကို တတ်မြောက်ခဲ့လို့ အရက်သောက်တိုင်း ဒီသိုင်းကွက် ကစားပြလေ့ရှိတယ် လေကွာ...."

လုရှောင်ဖုန့်က ပြောရာ ဆက်တူက ခေါင်းညိတ်ပြီး....

"တကယ်တော့ ဒီကောင်မလေးရဲ့ ဓားသိုင်းက သိပ်ကောင်းတာ မဟုတ်ပါဘူး...ဒါပေမယ့် ဘာဖြစ်လို့ သိုင်းလောကမှာ ဓားသိုင်း

ဆရာမတစ်ယောက်လို့ နာမည်ကြီးနေရတာလဲ မသိဘူးကွ"

လုရှောင်ဖုန့်က ရယ်မောရင်း....

"မင်းကသာ သူ့ရဲ့ဓားသိုင်း မကောင်းဘူးပြောနေ...ဟိုကျိုပင်ရက်ဆိုတဲ့ ကောင်ကတော့ သူ့ရဲ့ဓားသိုင်းကို သိပ်ချီးကျူးပါလားကွ"

ထိုအခါ ဆက်တူက မပွင့်တပွင့် ရယ်သည်။

"အေးကွ ဟုတ်တယ်...ဒီကြက်ဖအိုကြီးက တစ်နေကုန်လုံးနေတာတောင် စကားတစ်ခွန်း ပြောလေ့ပြောထရှိတာ မဟုတ်ဘူး...အဲပြောလိုက်ရင်တော့ ဒီ ကောင်းရာနန်ရဲ့ ဓားသိုင်းဘယ်လောက်ကောင်းတယ်ဆိုတာပဲ ပြော ပြောနေတယ်...ငါ့အထင် ပြောရရင်တော့ ဒီကြက်ဖအိုကြီး ကောင်းရာနန်ကို ကြိုက်နေတာ ဖြစ်ရမယ်...."

လုရှောင်ဖုန့်က မပွင့်တပွင့် ရယ်သည်။ လှောင်သလိုလို၊ သရော်သလိုလိုနှင့်။

"ဒါပေမယ့် ခက်တာက ကောင်မလေးက မင်းကိုမှ အသေအလဲ ကြိုက်နေတာပေါ့ ဟုတ်လား...အလကားသက်သက် တို့အရက်သမားနဲ့ လာပေါင်းနေပါ့မလား...မင်းမှတ်မိသေးသလား ဆက်တူ"

"ဘာကို မှတ်မိရမှာလဲ မြေခွေးကြီးရဲ့"

"မင်းက သူ့ကို အရက်မူးမူးနဲ့ လက်ထပ်မယ်လို့ ကတိပေးခဲ့တာလေကွာ...."



သည့်စကားကြောင့် ဆက်တူက ပြုံးသည်။ သူ့ အပြုံးက မှဲ့ပြုံး။

"မေးမှမေးရက်တယ် မြေခွေးကြီးရယ်...အဲဒီကစတဲ့ ပြဿနာပေါ့ကွ...နောက်တစ်နေ့ ငါ အမူးပြေတော့ ဒီကိစ္စ ငါဘယ်မှတ်မိတော့မလဲ....အဲ ကောင်မလေးကတော့ ကောင်းကောင်းမှတ်မိတယ်လေ၊ သူနဲ့ လက်ထပ်ဖို့ အတင်းလာပြောတော့တာပဲ...."

လုရှောင်ဖုန့်မှာ ထိုအကြောင်းများ မသိသေးသဖြင့် အံ့အားသင့်လို့နေသည်။

"အဲ...သူက ပြောသေးတယ်ကွ [illegible] တည်ရင် သူ့ကို လက်မထပ်ရင် သူကိုယ်သူ သတ်သေမယ်တဲ့ကွ....ဒါကြောင့် ငါခမြာ ညတွင်းချင်း ထွက်ပြေးခဲ့ရတာပေါ့ကွ...."

သူ့စကားကို နားထောင်ရင်း လုရှောင်ဖုန့်မှာ အူတတ်မတတ် ရယ်မောနေမိသည်။ လက်ထပ်ရမှာ ကြောက်လွန်း၍ ဆက်တူတစ်ယောက် ထွက်ပြေးရသည်။ သူ့မှာ ရယ်ရလွန်းသဖြင့် အသက်ပင် မရှူနိုင်လောက်အောင် ဖြစ်သွားခဲ့၏။

လုရှောင်ဖုန့်က သူ့ကိုယ်သူ ထိန်းရင်း အရယ်ရပ်ပြီး၊

"သြော်....ဒါကြောင့် နောက်တစ်နေ့ မင်းတို့နှစ်ယောက်လုံး ပျောက်သွားကြတာကိုးကွ...မင်းတို့နှစ်ယောက် ခိုးရာလိုက်သွားကြတယ်လို့ ငါက ထင်နေခဲ့တာ...ဟိုကြက်ဖအိုကြီး ကျိုပင်းရက်ခမြာ

စိတ်ညစ်ညစ်နဲ့ အရက်ချည်းပဲ ဖိသောက်ခဲ့တာပဲ....အင်း သူလည်း နောက်တစ်နေ့ ပျောက်သွားတာပဲ...."

ဆက်တူက မဲ့ပြုံး ပြုံးသည်။

"ငတိမက ခွဲကောင်းတယ်ကွာ...နောက်တစ်နေ့ အတင်းလိုက်တာပဲ....ဒါကြောင့် ငါဒီလောက်ဝေးတဲ့နေရာ ရောက်ရတာပေါ့...."

လုရှောင်ဖုန့်က မျက်ခုံးပင့်၍....

"မင်း ဒီကို ရောက်နေတာ (၇)နှစ် ရှိသွားပြီ ဟုတ်လား"

"သူက ငါ့နောက်က ခြေရာခံပြီး သုံးနှစ်တိတိ လိုက်နေတာကွ၊ အဲဒီနောက် ငါ ဒီရောက်လာတာ...."

"ဒါဖြင့်....မင်း ဒီရောက်နေတာ လေးနှစ်ရှိသွားပြီပေါ့...."

ဆက်တူက အရက်ကို အလောတကြီး မော့သောက်လိုက်ပြီးမှ၊

"သုံးနှစ်နဲ့ဆယ်လ ရှိသွားပြီကွ...."

လုရှောင်ဖုန့်က ခေါင်းရမ်းသည်။

"မယုံနိုင်စရာပဲကွာ...တကယ့်ကို မယုံနိုင်စရာပဲ မင်းလိုကောင်မျိုးက ဒီလောက် ခြောက်ကပ်တဲ့ မြို့လေးမှာ ဒီလောက်ကြာအောင် နေနိုင်တာ ငါ တကယ့်ကို မယုံနိုင်အောင်ပဲ ဆက်တူ...."

သည်စကားကြောင့် ဆက်တူက အရက်ကို နောက်ထပ်တစ်ကြိမ် အလောတကြီး မော့ချလိုက်ပြန်သည်။ ပြီးတော့ လုရှောင်ဖုန့်



ကို စူးစူးရဲရဲ ကြည့်ပြီး....

"မင်း သိပ်သိချင်သလား....ငါ တကယ်ပြောပြရမှာလား"

"သိချင်လို့ပေါ့....ပြောမှာသာ ပြောစမ်းပါ"

ဆက်တူက လုရှောင်ဖုန့်အနား တိုးကပ်ပြီး လေသံတိုးတိုးဖြင့်၊

"စောစောတုန်းက တို့ကို အရက်လာပို့တဲ့ မိန်းကလေး မင်းမြင်ဂယ် မဟုတ်လား...."

လုရှောင်ဖုန့် ထခုန်သည်။ သူ့အသွင်က အလွန်အမင် အံ့အားသင့်ဟန်ဖြင့်။

"ဒီ...ဒီမိန်းကလေးအတွင် မင်း မင်း ဒီမှာ ဒီလောက်ကြာအောင်နေ နေတယ် ဟုတ်လား...."

"ဟုတ်တယ်...."

လုရှောင်ဖုန့်မှာ အံ့အားသင့်လွန်းသဖြင့် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်လို့နေပါ၏။ ဆက်တူကို သရဲသဘက်အလား ငေးစိုက်ကြည့်လို့ နေပါ၏။

အတန်ကြာ တမေ့တမော ငေးကြည့်နေပြီးမှ ဖြေးညင်းစွာဖြင့် ပခုံးပေါ်ပြန်ထိုင်လိုက်သည်။ အရက်တစ်ခွက် မော့သောက်လိုက်၏။ ပြီးမှ....

"ဆက်တူ"

"ဘာလဲကွ"

"မင်းကို ငါတစ်ခုတော့ မေးချင်တယ်ကွာ"

"ဘာကို မေးချင်တာလဲ"

"ဒီမိန်းကလေးမှာ ကောင်းရာနန်ထက် သာတာဘာများ ရှိသ

ဟင်....ငါ့ကို ပြောစမ်းပါဦး"

ဆက်တူက ချက်ချင်း မဖြေသေး၊ အရက်တစ်ခွက် မော့သော

ပြီးမှ....

"ဒီမယ် မြေခွေးကြီး၊ မင်းကို ငါတစ်ခုပြောမယ် ကောင်းရာနန်

ကို ငါက မလိုက်ဘူး....သူက ငါ့ကိုလိုက်တယ်....အေး ခုကျတော့

ဒီမိန်းကလေးကို ငါက လိုက်နေတယ်၊ လိုက်တာမှ လေးနှစ်လောက်

နေပြီကွ....ခုထက်ထိ ကြိုးစားမှု အရာမထင်သေးဘူး....ဒါက သူနဲ့

သာတဲ့အချက်ပဲ....မင်း သဘောပေါက်ပါတယ်နော်...."

ဆက်တူက အလေးအနက်ပြောသည်။ လုရှောင်ဖုန့်ကတော့

ဆက်တူကို စူးစိုက်ပြီး ကြည့်နေသည်။ အတန်ကြာမှ ကျယ်လောင်စွာ

ရယ်မောလိုက်ပြီး။

"အဲဒါ ဝဋ်လည်တာကွ .... ဝဋ်လည်တာပေါ့ .... လောကမှာ

တကယ်ပဲ ဝဋ်ဒုက္ခဆိုတာ ရှိတာကို ငါခုမှ ယုံတော့တယ်ကွာ...."

ဆက်တူက လုရှောင်ဖုန့် ရယ်နေသည်ကို မကျေမနပ်ဖြစ်သွား

ပုံရ၏။



"မင်းက ဘာရယ်တာလဲကွ...ဒါက မေတ္တာစစ် မေတ္တာမှန်ကွ၊

မင်းတို့လို လူဖျင်းလူနုံတွေ နားမလည်ပါဘူး...နားမလည်ဘဲနဲ့ ရယ်

မနေနဲ့ကွ...."

ဆက်တူက ဒေါသဖြင့် အော်သည်။

လုရှောင်ဖုန့်က အရေးမစိုက်၊ ရယ်ရလွန်းသဖြင့် ဗိုက်ကိုနှိပ်ပြီး၊

"ဘုရားရေ....သူ ဘာပြောလိုက်ပါလိမ့်....ဩော် မေတ္တာစစ်

မေတ္တာမှန်တဲ့...ခွေးပါးစပ်က နတ်စကား ထွက်တယ်ဆိုတာ ဒါမျိုးပဲ

ထင်ပါရဲ့နော်....ဟုတ်ဘူးလား....ဟကောင်ရ...."

ဆက်တူက ဘာမှ ပြန်မပြော၊ မျက်နှာကို ခပ်မာမာ တင်းထား

ပြီး အရက်ကို တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်လိုက်သည်။ သုံးခွက်

မျှ သောက်ပြီးမှ ရုတ်တရက် ပြုံးလာသည်။ ပြီးတော့ ဟားတိုက်

ရယ်မောလိုက်တော့သည်။

သူတို့နှစ်ယောက်မှာ မျက်နှာချင်းဆိုင် ထိုင်ပြီး ဟားတိုက်လို့

ရယ်မောနေကြသည်။ မျက်ရည်ပင် ထွက်လုနီးပါး ရယ်နေကြသည်။

အတန်ကြာမှ အရယ်ရပ်သွားကြ၏။ လုရှောင်ဖုန့်က သက်ပြင်း

ချသည်။ ပြီးတော့ မောဟိုက်သော လေသံဖြင့်....

"ဒါထက် မင်းရဲ့ ဒီမဟာမေတ္တာစစ် မေတ္တာမှန် ဘယ်ကနေ

ဘယ်လို ပေါက်ဖွားလာတယ်ဆိုတာ တဆိတ် မိန့်ကြားတော်မူပါဦး"

ဆက်တူက လုရှောင်ဖုန့်ကို မျက်လုံးပြူးကြည့်သည်။

"မင်း နားထောင်ပြီးရင် မရယ်ရဘူးနော် မြေခွေးကြီး...."

"စိတ်ချပါကွာ....ငါမရယ်ပါဘူး...."

လုရှောင်ဖုန့် ကတိပေးလိုက်၏။ သည်တော့မှ ဆက်တူ လေသံတိုးတိုးဖြင့်....

"ငါ ဒီကိုလာတုန်းက သုံးလေးလလောက် မိန်းကလေးတွေ မတွေ့ရဘူးကွ...အဲ ဒီရောက်တော့ ငါ သူ့ကိုတွေ့ရတယ်....ကေ မလေးက အချောဆုံး အလှဆုံးမဟုတ်ပေမယ့် ဒီမြို့လေးမှာတော့ သူ အချောဆုံးကွ....ဒါကိုတော့ မင်းဝန်ခံရမှာပဲ...."

"အေး....ဒါကိုတော့ ငါ ဝန်ခံပါတယ်...."

"ဒါကြောင့်....ငါ သူ့ကို စိတ်ဝင်စားတယ်....ရှင်းရှင်းဆို ပျော်ပါးချင်တာပါပဲ...ဒီလို မိန်းကလေးမျိုးကို ငါတစ်ချက်ရရှိလိုက်တ နဲ့ ပါလာမှာပဲလို့...ငါထင်ထားခဲ့တယ် ဒါပေမယ့်ကွာ အထင်နဲ့အမြ လွဲသွားတယ်ကွ...သူက ငါ့ကို လူသေတစ်ယောက်လို့များ ထင်ေ သလား မသိဘူး....တစ်ချက်တောင် မကြည့်ဘူးကွ...."

လုရှောင်ဖုန့်မှာ မအောင့်နိုင်ဘဲ တစ်ချက်ရယ်မောလိုက်သည် ပြီးမှ ကပျာကသီ အရယ်ရပ်လိုက်ပြီး....

"ဩော်....ကြယ်ချွေ....ကြယ်ချွေ ဖြစ်ရလေကွာ....မိန်



ပတ်သက်လို့ သတင်းကြီးခဲ့တဲ့ ပန်းလိပ်ပြာကြီးကို ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်က ဒီလို ဆက်ဆံသတဲ့လား...ဖုတ်လေတဲ့ ငပိ ရှိတယ်လို့ မထင်ခဲ့ဘူးကိုး....အင်း....ဒီလိုကျတော့လည်း မင်း ဘယ်သည်းခံနိုင်မှာလဲ....ဟုတ်တယ်...ငါတောင် မင်းအစား ဒေါသ ထွက်မိတယ်ကွ...."

ဆက်တူက ခေါင်းတစ်ချက် ညိတ်ပြီး....

"အေး...သူက ငါ့ကို အရေးမစိုက်လေတော့ ငါပိုပြီး သဘော ကျသွားတယ်ကွ...သူ့ကို တစ်လလောက် အချိန်ယူပြီး အပိုင်ဖမ်းမယ် လို့ စိတ်ကူးလိုက်တာပေါ့....အဲ တစ်လကျော်သာလာတယ်....ဘာမှ တိုးတက်မှု မရခဲ့ဘူးကွ...ဒါနဲ့ နောက်ထပ် သုံးလလောက် အချိန် ထပ်တိုးလိုက်တယ် ဒါလဲ...."

ဆက်တူ စကားရပ်လိုက်သည်။ ပြီး ပြုံးသည်။ သူ့ အပြုံးက မဲ့ပြုံး၊ မခံချိမခံသာ အပြုံးမျိုး။

"အေးလေ ငါမပြောလည်း ဒီလောက်ဆို မင်းရိပ်မိနေရောပေါ့၊ သုံးနှစ်နဲ့ ဆယ်လတိတိ ကြိုးပမ်းခဲ့ရတာ...ခုထက်ထိ သူ့မျက်စိထဲမှာ ငါ့ကို လူသေတစ်ကောင်လို ဖြစ်နေဝံ့နုန်းပဲ ထင်ပါရဲ့...ခုအချိန်အထိ ငါ့ကို သူတခါမှ ပြုံးမပြဘူးသေးဘူး...."

ခိုက်နေပြီ။ ဆက်တူ အပြတ်ခိုက်နေပြီပဲ။

လုရှောင်ဖုန့် မရယ်နိုင်အားတော့ပါ။ ဆက်တူကို တွေဝေ
ကြည့်နေမိသည်။ ဆက်တူက အရက်ကို သုံးလေးခွက် ဆက်တို
သောက်ချလိုက်ပြီး....

"ဟော့....မြေခွေးကြီး....မင်းက ငါ့ကို သနားစရာကောင်းတ
အကြည့်မျိုးနဲ့ မကြည့်နဲ့ကွာ...ငါ မင်းနှာခေါင်းထဲ အရက်တွေ လောင်
ထည့်မိလိမ့်မယ်...."

"သြော်...ဆက်တူရယ်...မင်းကို ငါသနားနေတာ မဟုတ်ဘူ
ကွ...ချီးကျူးနေတာကွ...ချီးကျူးစိတ်တွေ များလွန်းလို့ သေမလိုတော
ဖြစ်နေပြီကွ...."

သည်စကားကြောင့် ဆက်တူရယ်သည်၊ ဟက်ဟက်ပက်ပက
ရယ်သည်၊ အူလှိုက်သဲလှိုက် အတန်ကြာရယ်ပြီးမှ....

"ကဲ...မြေခွေးကြီး...ငါ့အကြောင်း မင်းသိရပြီ...မင်းအကြောင်
ငါသိဖို့ပဲ လိုတော့တယ်...ပြောစမ်း မင်းဘာလို့ ဒီကိုရောက်လာရတာ
လဲ...မင်းလည်း ငါ့လိုပဲ မိန်းကလေးတွေက အတင်းလက်ထပ်ခိုင်းလို့
ပြေးလာရတာလား...."

ဆက်တူက မေးသည်။

လုရှောင်ဖုန်း၏ မျက်နှာမှာ တမုဟုတ်ချင်း တည်သွားသည်၊
မျက်နှာမှာ ခွမ်းနယ်လို့သွားသည်။ အတန်ကြာ စဉ်းစားသလို ငြိမ်သက်



နေပြီးမှ ပင့်သက်ချလိုက်သည်။

"မင်း....စုယုံယုံ-ဟန်ရှုနဲ့ အန်းအော့တို့ကို သိတယ်မဟုတ်
လား ဆက်တူ...."

ဆက်တူက ခေါင်းညိတ်သည်။ ပြီးတော့ ပြုံးသည်။

"ဟ....ငါမသိဘဲ ရှိပါ့မလား....သိတာပေါ့၊ ကောင်းကောင်း
မှတ်မိတာပေါ့....ဟိုတုန်းက ဒီကောင်မလေးတွေက ကလေးတွေပဲရှိ
သေးတာပဲကွ....အေးလေ....ခုလောက်ဆိုရင် အပျိုကြီးတွေ ဖြစ်နေပြီ
ပေါ့....သြော်....သူတို့လေးတွေက မင်းကိုအတင်းလက်ထပ်ခိုင်းလို့
မင်း ဒီလောက်အဝေးကြီး ပြေးလာရတာကိုး ဟုတ်လား...."

လုရှောင်ဖုန့်က ခေါင်းခါရမ်းသည်။ သက်ပြင်းချပြီး....

"...တယ်ကွာ...သူများတွေက ငါနဲ့မိန်းကလေးတွေ တွဲနေ
တာ ငါနဲ့ သူတို့လေးတွေ မရှင်းမရှင်း ဖြစ်နေကြတယ်လို့ ထင်နေကြ
တယ်ကွ....တကယ်တော့ သူတို့ အပျိုဘော်ဝင်စကတည်းက ငါနဲ့
အတူသွားအတူလာ တွဲနေခဲ့မိကြတာ၊ သူတို့က အစ်ကိုကြီးလို့ သဘော
ထားပြီး ငါကလည်း သူတို့ကို ညီမလေးတွေလိုပဲ အမြဲတမ်း သဘော
ထားတယ်၊ မင်းတော့ ယုံလိမ့်မယ် ထင်တာပဲ...."

ဆက်တူ ခေါင်းညိတ်သည်။

"မင်းအကြောင်း ငါကောင်းကောင်းသိတာပဲကွ....ငါယုံတာ

ပေါ့....မင်းမှာ မိန်းကလေးတွေ အများကြီး တွေ့ခဲ့တာပဲဟာ....တွေ့တဲ့မိန်းကလေးတိုင်း မင်းနဲ့ငြိခဲ့တာမှ မဟုတ်တာ....မိန်းကလေးတွေက အခွင့်အရေး အကြိမ်တစ်ရာပေးလို့ တစ်ခါတောင် ယူချင်မှ ယူတတ်တဲ့ မျ...ခုံးမွေး လေးခုရှင်ပဲကွာ...."

ဆက်တူက တည်ကြည်စွာ ပြောလိုက်၏။

လုရှောင်ဖုန့်က သက်ပြင်းချရပြန်သည်။

"ခက်တာက ခု သူတို့သုံးယောက်စလုံး အနိုးခံလိုက်ရပြီကွ"

ဆက်တူက လုရှောင်ဖုန့်စကားကြောင့် ပထမ အံ့အားသင့်သွားသည်။ နောက် မျက်နှာပျက်သွားသည်။ ဒေါသရိပ်တွေ ပေါ်လာသည်။

"ဘာပြောတယ်...အနိုးခံရတယ် ဟုတ်လား...ဘယ...ကောင်က ဒီလောက်တောင် အတင့်ရဲ စော်ကားရတာလဲ...."

"မင်း သဲကန္တာရ ဘုရင်'ကျေစုဟော့' ဆိုတာ ကြားဖူးမှာပေါ့"

"အေး...ကြားဖူးတယ်...ဒီ...ဘင့်လက်ချက်လား၊ ငါ ဒီကောင်ကို အရေခွံနွာလိုက်မယ်...."

ဆက်တူက ...င့် အော်ပြောသည်။ သူငယ်ချင်းအရေးလည်းဖြစ်။ မိန်းကလေးတွေကိုလည်း သိနေသူဖြစ်၍ ဆက်တူမှာ တကယ်ပင် မခံမရပ်နိုင်အောင် ဖြစ်လို့နေသည်။

"သူမဟုတ်ပါဘူးကွာ....သူ့ရဲ့သား ပုလဲနက်ဆိုတာပေါ့"



"အိုကွာ.... သူ့ဟာသူ ပုလဲနက်မကလို့ ပုလဲဖြူဖြစ်ဖြစ်.... သူက ဘာသားစားထားလို့ ဘာကောင်မို့....တို့ကိုလာပြီး ရန်စရတာလဲ"

ဆက်တူက အော်သည်။ စားပွဲခုံကို ဒေါသဖြင့် တစ်ချက်ထုပြီး ထခုန်လိုက်၏။

"ဆက်တူ....မင်း ငါနဲ့လိုက်မယ် ဟုတ်လား...."

"ဟေ့....မြေခွေးကြီး....မင်းက ငါ့ကို ဘယ်လိုလူစားများမှတ်နေသလဲကွ....မင်းမှာ အခက်အခဲ ...တွန်း ငါက မကူညီဘဲ နေရမှာလား...မင်းလို သူငယ်ချင်းတစ်ယောက်ကို မကူညီဘဲ ငါက ဘယ်သူ့ကို ကူညီရမှာလဲကွ...."

သူ့အသံက ကျယ်သည်။ မာသည်။ ပြတ်သည်။ သူငယ်ချင်းအတွက် ဘာမဆို လုပ်ပေးရန် အသင့်ဆိုတဲ့ အသွင်သဏ္ဍာန်။

လုရှောင်ဖုန့် သိပ်ကျေနပ်သွားသည်။ ပြုံးရွှင်စွာနှင့်....

"သူခိုးဝိဇ္ဇာကြီးရယ်.... မင်းသာ ပါရင် ဟိုကောင်ပုလဲနက် လက်ထဲက ကောင်မလေးတွေ ပြန်ခိုးနိုင်မှာပါ...ပြီးတော့ တို့သဲကန္တာရ တစ်ခုလုံးကို ကျွမ်းထိုးမှောက်နေစေလို့ရပြီကွ...."

လုရှောင်ဖုန့်စကားဆုံးသည်နှင့် အရယ်ရပ်၊ အပြုံးပျောက်သွားသည်။

ရုတ်ချည်း ဆိုင်နောက်ဘက်သို့ လှည့်ကြည့်ပြီး....

"ဒါပေမယ့် သူလေးကော၊ မင်း သူလေးကို ဒီအတိုင်းပစ်ထာ

တော့မလားကွ...."

သည်စကားကြားတော့ ဆက်တူရယ်သည်။

"ထားလိုက်ပါကွာ....ခုလောလောဆယ် မင်းကိစ္စက အ

ကြီးတယ်...မင်းကိစ္စက အရေးကြီးတော့ ဘာလို့ သူ့ကို ပစ်မထားရ

လဲ၊ ပစ်ကို ပစ်ထားရမယ်...."

ဆက်တူ၏အပြောကို လုရှောင်ဖုန့် သိပ်ကြိုက်သွားပြီ။

ယင်းကြောင့် လုရှောင်ဖုန့်နှင့်အတူ ဆိုင်အပြင်ဘက်သို တ

ယောက်ပခုံးကိုတစ်ယောက်ဖက်ပြီး လျှောက်လှမ်းကြပြီ။

အဆိုင်အပြင်မရောက်သေးပါ။ ခြေတစ်လှမ်း၊ နှစ်လှမ်းလော

ပင် လှမ်းရသေးသည်၊ မမျှော်လင့်သော အဖြစ်က ဖြစ်ပွားခဲ့သည်

ဆိုင်နောက်ခန်းမှ ကောင်မလေး ပြေးထွက်လာသည်၊ ဆက်

တစ်ယောက် သုံးနှစ်နဲ့ ဆယ်လတိတိ ကြိုးပမ်း၍ အကျိုးမထူးခဲ့သေ

မိန်းကလေး။

ထိုမိန်းကလေးက ရုတ်တရက်ပြေးထွက်လာပြီး ဆက်တူ

အင်္ကျီလက်စကို ဖမ်းဆွဲထားလိုက်သည်။

"ရှင်က ရှင်က ဒီလိုနဲ့ ထွက်သွားတော့မယ်ပေါ့လေ....ဘ

ထွက်သွားမှာလဲ...."



ဆက်တူ ကြောင်နေသည်။ လုရှောင်ဖုန့်မှာလည်း အံ့အားသင့်

လို့နေသည်။

"ကျုပ် အရက်ဖိုးမပေးရသေးလို့လား...ပေးပြီးပြီပဲ...ဘာလို့

မသွားရမှာလဲ...."

ဆက်တူက ကြောင်တောင်တောင်ဖြင့် မေးမိသည်။ မိန်းက

လေးက ခြေဆောင့်သည်။ ပြီးတော့ အော်ဟစ်၍....

"ဘယ်သူက ရှင့်ပိုက်ဆံ လိုချင်လို့လဲ...ရှင့် ပိုက်ဆံလိုချင်လို့

မဟုတ်ဘူး....ရှင့်ကို လိုချင်လို့ ကဲ...."

ဆက်တူနှင့် လုရှောင်ဖုန့်ကို နှစ်ယောက်စလုံးမှာ ငေးကြောင်

သွားကြ၏။ မယုံကြည်နိုင်သလို မိန်းကလေးကို ငေးစိုက်ကြည့်နေမိ

ကြ၏။

တစ်ခဏနေမှ....

"ဒါဖြင့်...ဒါဖြင့်ရင်...မင်းလေးက ဘာလို့ ကျုပ်ကို ဒီလောက်

ကြာတဲ့အထိ အရေးမစိုက်ရတာလဲ...."

ဆက်တူ အသံက ထစ်ထစ်ငေါ့ငေါ့။

"ကျွန်မက ရှင့်ကို အရေးမစိုက်တာက ဒီလို...ကျွန်မ အရေး

မစိုက်ဘဲနေတာကို ရှင်က သဘောကျတယ်မဟုတ်လား...ကျွန်မကို

ဒီလိုနေလို့ ရှင် သဘောကျတာဆိုတာ ကျွန်မ သိပ်သိတာပေါ့...."

ဆက်တူ ကြောင်နေဆဲပါတည်း။

လုရှောင်ဖုန့်ကလည်း ငေးကြောင်ကြောင်ပါတည်း။

တစ်ခဏနေမှ ဆက်တူက လုရှောင်ဖုန့်ဘက်လှည့်ပြီး တစ်ချ

ပြုံးလိုက်၏။

သူ၏ အပြုံးက မဲ့ပြုံးလေးဖြစ်သည်။

"ကဲ...ကြားလား...မင်း ကြားပါတယ်လေ၊ အေးတစ်သက်လုံ

မိန်းကလေးတွေကို ဒီလို မထင်နဲ့တော့ မြေခွေးကြီးရေ...ဒီလိုမထင်

ဒီလိုတွေး ဒီလိုထင်တဲ့ လူက တကယ့် ငပေါတွေကွ...."

ဆက်တူက ပြောသည်။ သူ့ကိုယ်သူ ငပေါလို့များ ဆိုချင်

သလား။

မိန်းကလေးကတော့ မျက်ရည်စက်လက်နဲ့။ ဆက်တူ အင်္ကျီ

ကို ဆွဲထားပြီး ငိုသံလေးနှင့်။

"မသွားနဲ့ ရှင်မသွားပါနဲ့...ရှင်သာ ဘယ်မှ ထွက်မသွားဘူးဆို

ရှင်လေ....ကျွန်မ....ကျွန်မ ခုချက်ချင်းပဲ ရှင်နဲ့လက်ထပ်ပါ့မယ်"

မိန်းကလေး၏ 'လက်ထပ်ပါ့မယ်' ဟူသည့် စကားကို ကြား

သည်နှင့် ဆက်တူမှာ ဆတ်ခနဲ တုန်သွားသည်။

ပြီးတော့ မိန်းကလေး လက်မှ ရုန်းထွက်ပြီး တစ်မုဟုတ်ချင်း

ထွက်ပြေးသွားသည်။



ကျားလိုက်ခံရသော ယုန်ကလေးပမာ ကြောက်အားလန့်အား

ပြေးပါလေတော့သည်။

❁ ❁ ❁ ❁ ❁

မဟာ
၁၅၀၀၅၄၄၁၁၁၁

## အခန်း (၃)

လုရှောင်ဖုန့် မြင်းကို အပြင်းနှင်နေ၏။

ကိုယ်ဖော့ပညာထိပ်တန်း ဆက်တူ တစ်မှုဟုတ်ချင်း ထွက်ပြေးသွားသည်မှာ အရိပ်အရောင်ပင် မမြင်ရတော့။

လုရှောင်ဖုန့်ဖြစ်၍သာ သူ့ကို အမီလိုက်နိုင်သည်။ အခြားလူဆိုလျှင် မည်သို့မှ လိုက်နိုင်မည် မထင်။ သို့တိုင်အောင် လုရှောင်ဖုန့် မြင်းကောင်း ရထားပြီး လိုက်ပေလို့။

ခရီးအတော်ပေါက်မှ ဆက်တူကို အမီ လိုက်နိုင်တော့သည်။ လုရှောင်ဖုန့်က အားပါးတရ ရယ်မောပြီး လှမ်းအော်သည်။

"သူခိုးဝိဇ္ဇာကြီးရဲ့ ဒီလောက်လည်း ကြောက်စရာမလိုပါဘူး ကွ....သူ ဘယ်လိုမှ မင်းကို လိုက်လို့မမီပါဘူးကွာ...သူက ကောင်းရာ



နန်လို ကိုယ်ဖော့ပညာ တော်မှာ မဟုတ်ပါဘူးကွာ...."

သည်တော့မှ ဆက်တူက ခြေလှမ်းကို လျှော့လိုက်သည်။ နှေးလိုက်သည်။ ပြီးတော့ မဲ့ပြုံး ပြုံးပြီး....

"အင်း...မင်း တွေ့ပြီ မဟုတ်လား...ငါသူ့ကို သဘောကျတာ ငါ့ကို သူ ဂရုမစိုက်လို့ဆိုတာတောင် သူ သိတယ်....အေးကွာ...ငါ အံ့သြတယ်၊ ဒီလို မိန်းကလေးမျိုးက ဒီလောက်ပါးနပ်လိမ့်မယ်ဆိုတာ သေတာတောင်မှ ငါ မယုံနိုင်အောင်ဘဲ...."

လုရှောင်ဖုန့်ကလည်း ရယ်မောပြီး....

"ဒါကတော့ သဘာဝပဲ သူငယ်ချင်း....ဘယ်လောက်နုံတဲ့ အတဲ့ မိန်းကလေးပဲဖြစ်ဖြစ်...ဒီလို ကိစ္စမျိုးမှာဆိုရင် အားလုံးပါးနပ်ကြတာပဲ...အင်း...ကြည့်ရတာ ဒီမိန်းကလေး မင်းလို ယောကျာ်းမျိုးကိုပဲ ချောင်းဖမ်းနေတာ ဖြစ်နိုင်တယ်....ရတောင့်ရခဲ လင်ကို သူ ဘယ်လက်လွှတ်နိုင်ပါ့မလဲ...."

ဆက်တူ ဘာမှ မပြောတော့။ မဲ့ပြုံး ပြုံး၍သာ လျှောက်နေသည်။

လုရှောင်ဖုန့် မြင်းပေါ်မှ ဆင်းသက်ပြီး ဆက်တူနှင့်အတူ လျှောက်လေသည်။ ဆက်တူက ဘာမှ ထက်မပြောဘဲ လမ်းသာ တွင်တွင် လျှောက်နေသဖြင့် လုရှောင်ဖုန့်ကလည်း ဘာမှ မမေးတော့။ နှစ်ယောက်သား သွက်သွက်သာ လျှောက်နေကြသည်။

ခရီးအတော်ပေါက်လာမှ ဆက်တိုးသွားနေသော လမ်းမှ သဲကုန်းပြင်မြင့်ဘက်သွားသော လမ်းမဟုတ်ကြောင်း သိရှိလာရသည်။

"ဟ....မင်း ဘယ်ကို သွားနေတာလဲကွ...."

"လန်ချူးနယ်ကိုလေကွာ...."

"လန်ချူးနယ် ဟုတ်လား...ပုလဲနက်က သဲကန္တာရမှာရှိတာကွ တို့ လန်ချူးနယ် ဘာသွားလုပ်ရမှာလဲ...."

လုရှောင်ဖုန့်က မျက်မှောင်ကုတ်ပြီး မေးလိုက်သည်။

"တို့နှစ်ယောက်က အတွေ့အကြုံတွေများခဲ့ကြတာ မှန်ပေမယ့် သဲကန္တာရအကြောင်း ဘာမှမသိဘူး....နားမလည်ဘူးကွ....တို့သာ ဒီအတိုင်း သွားကြရင် ပုလဲနက်ကို မတွေ့ခင် သဲကန္တာရထဲမှာ အရင် သေသွားကြမှာပဲ...."

မှန်သည်။ ဆက်တူ စကားက မှန်ကန်လှသည်။

လုရှောင်ဖုန့် သဘောပေါက်သွား၏။ သဲကန္တာရအတွင်း ခရီးသွားခြင်းမှာ လွယ်ကူသော ကိစ္စမဟုတ်၊ အန္တရာယ် အလွန်များလှသည်။ အတွေ့အကြုံရှိသော ကျွမ်းကျင်သော တစ်စုံတစ်ယောက် မပါလျှင် မလွယ်၊ သဲကန္တာရအတွင်း လမ်းစပျောက်ပြီး သေဆုံးရမည်မှာ အမှန်ပင်။

"ကဲ....မင်း ပြောတာဟုတ်ပါတယ်....ငါ လက်ခံပါတယ်၊



ဒါပေမယ့် တို့ လန်ချူးနယ်ကို သွားတာက ဘယ်သူ့ကိုရှာဖို့လဲ.... တို့အသိ အဲဒီမှာ ဘယ်သူမှလဲ မရှိပါလား...."

လုရှောင်ဖုန့်က ရေရွတ်သည်။

"ကြက်ဖအိုကြီးလေကွာ....မင်း မေ့နေပြီလား...."

"ဘာပြောတယ်....မင်း ကျိုပင်းရက်ကို ပြောတာလား....သူ ဘယ်မှာလဲဆိုတာ မင်းသိလို့လား...."

လုရှောင်ဖုန့် တအံ့တသြ မေးလိုက်ပါ၏။ ဆက်တူက ခေါင်း ညိတ်သည်။

"သိပ်သိတာပေါ့....သူ ခု လန်ချူးနယ်မှာပေါ့...."

"သဲကန္တာရ အကြောင်းကို ကြက်ဖအိုကြီးကို နားလည်လို့လား ကွ...."

"မင်း တကယ်ပဲ ဘာမှမသိပါလား...ဒါကြောင့်လဲ လုရှောင်ဖုန့် ဆိုတဲ့ လူကို တချို့က ငနုံအကြီးလို့ ထင်ကြတာပဲ...."

"အေး...အသလိုလို နုံသလိုလိုကနေ သိပ်လျှင်တာကိုလည်း ပြောပါဦး...."

"ထားပါတော့...ထားပါတော့...အဲ...ဟိုကြက်ဖအိုကြီးက ခု သူဌေးဖြစ်နေပြီကွ....သဲကန္တာရကနေ သူဌေးဖြစ်လာတာပဲ....သူက မင်းနဲ့ နောက်ဆုံး တွေ့ပြီးတဲ့နောက် သဲကန္တာရရဲ့ အတော်ဆုံး အအောင်

မြင်ဆုံး ကုန်သည်ကြီးဖြစ်သွားတယ်ကွ...."

ဩော်...ကြက်ဖအိုကြီး ကျိုပင်းရက် သူဌေးကြီး ဖြစ်သွားပြီပဲ၊ လုရှောင်ဖုန့် သက်ပြင်းချသည်။

"သူများတွေတော့ သူဌေးကြီး ဖြစ်နေပြီ....ငါ့ သူငယ်ချင်း သူခိုးကြီးကတော့ ခုထက်ထိ ငမွဲဖြစ်နေသေးတာကိုး .... ပြီးတော့ မိန်းကလေးတွေလက်က ခုထိ ပြေးနေရတုန်း...."

ဆက်တူက မှဲ့ပြုံး ပြုံးပြန်သည်။

"မင်းက တယ်မေ့တတ်တာကိုး....ငါ အစကတည်းက ပြောဖူးသားပဲ...မိန်းမဘက်မှာ မစွံတဲ့ ယောကျ်ားတွေ အလုပ်အကိုင်အောင်မြင်မှာပဲလို့ ပြောဖူးသားပဲ...."

သည်စကားကြောင့် လုရှောင်ဖုန့် ဟားတိုက် ရယ်မောသည်။

"ဘာပြောတယ် သူဌေးမဖြစ်တာ မိန်းမဘက်မှာ တော်လွန်းလို့ စွံလွန်းလို့ပေါ့ ဟုတ်လား...မင်းကိုယ်မင်း မိန်းမဘက်မှာ သိပ်တော်တယ်ပေါ့ ဟုတ်လား...."

လုရှောင်ဖုန့် ရယ်သည်။

သူ့ရယ်သံက ပတ်ဝန်းကျင် တစ်ခုလုံးကို လွှမ်းမိုးသွားလေတော့သည်။

✾

လန်ချူးမြို့....

သူဌေးမြို့ဟု ခေါ်ဆိုနိုင်သော မြို့ပင်ဖြစ်ပါ၏။ အနောက်မြောက်ပိုင်း ဒေသအတွင်းရှိ မြို့များတွင် လန်ချူးမြို့သည် အစည်ကားဆုံး ဖြစ်လေသည်။ ကုန်သည်ကြီးများ သူဌေးကြီးများက ထိုမြို့တွင်သာ နေထိုင်လေ့ရှိကြသည်။

ကျိုပင်းရက်....

သူတို့က ကြက်ဖအိုကြီးဟု ခေါ်သော ကျိုပင်းရက်၊ ယခု သူက ကုန်သည်ကြီးများထဲတွင် အဌေးဆုံးဖြစ်လို့ နေပါပြီ။ လန်ချူးမြို့တွင် ထင်ရှားသူ တစ်ဦးမို့ မသိသူမရှိ၊ သို့ကြောင့် ကျိုပင်းရက်ထံ အလွယ်တကူပင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားကြပါ၏။

အိမ်ကြီးက ကြီးကျယ်ခမ်းနားလှသည်။ သူဌေးကြီးရဲ့ အိမ်ဖေးပဲကိုး၊ အိမ်ဖော်နှစ်ဦးက သူတို့နှစ်ယောက်ကို ရှိသေလေးစားသော

အမှုအရာဖြင့် အထဲသို့ ခေါ်ဆောင်သွားသည်။ ဆက်တူက ကြီးကျယ်ခမ်းနားသော အိမ်နှင့် အတွင်းရှိ လှပတင့်တယ်သော ပစ္စည်းများကို ငေးကြည့်ပြီး သက်ပြင်းချသည်။

"ဘယ်လိုလဲ သူခိုးကြီး…မင်း ဘာတွေ ခိုးချင်တာတွေ့နေပြီလဲ…."

"မဟုတ်ပါဘူးကွာ…ဒီလိုပုံမျိုး မြင်ရတော့ ငါတောင်မှ သူဌေးဖြစ်ချင်လာပြီကွ…."

ထိုစဉ်မှာပင် အသံသဲ့သဲ့ကြားလိုက်ရသည်။

အတွင်းဘက်မှ ခြေလှမ်းသံ တချွင်ချွင် ထွက်ပေါ်လာပြီး ရောက်လာကြပြီ။

ကျိုပင်းရက်က အကျီအဖြူရောင် ဝတ်ဆင်ထားသော မိန်းမပျိုလေးယောက် ခြံရံလျက် ထွက်လာသည်။ သူတို့ကို တွေ့တွေ့ချင်း ကျိုပင်းရက် ချက်ချင်း မှတ်မိသည်။ ရွှင်လန်းစွာ အော်၍ ရယ်မောပြီး။

"ဆက်တူ…လုရှောင်ဖုန့်…မင်းတို့ ငါ့ကို မမေ့ကြသေးဘူးနော်၊ ဝမ်းသာလိုက်တာကွာ…."

ကျိုပင်းရက်က ရယ်မောရင်း ပြောလိုက်သည်။ ရယ်နေသော်လည်း သူ့မျက်လုံးမှာ အမြဲပင် စူးရှ တောက်ပလျက်ရှိနေသေးသည်။

မည်သူ တစ်ဦးတစ်ယောက်မဆို ပျင်းရိခြင်း၊ နွမ်းနယ်ခြင်း၊ စိတ်လှုပ်ရှားခြင်း စသည့်အမှုအရာများ မျက်နှာပေါ်တွင် ပေါ်လွင်တတ်သည်။ သို့ရာတွင် ကျိုပင်းရက်၏ မျက်နှာတွင် ထိုအမှုအရာမျိုး မည်သည့်အခါမှ မတွေ့ရ၊ တကယ့် သံမဏိလူသားပင်၊ ခက်ထန် မာကြောသော အသွေးအသားဖြင့် ဖွဲ့စည်းထားသော လူသားပင်။

"မင်း…အခု တယ်ကြီးကျယ်ပါလား…တို့နှစ်ယောက် ရောက်လာမှန်း သိရက်သားနဲ့ ခုမှ ထွက်လာရသလား….ဒီလောက်ကြာမှ ထွက်လာရသလားကွ…."

ဆက်တူက ရယ်မောရင်း ပြောလိုက်သည်။ ကျိုပင်းရက် ပြုံးနေသည်။

သူတို့တစ်တွေ ဧည့်ခန်းတွင် ထိုင်လိုက်ကြပြီး ကျိုပင်းရက်က စတင်၍….

"ဪ ထက် မင်းတို့နှစ်ယောက်က ဘယ်သွားကြမှာလဲကွ"

"သဲကန္တာရကို သွားမလို့"

"ဘာပြောတယ်….သဲကန္တာရကို သွားကြမယ် ဟုတ်လား"

လုရှောင်ဖုန့်က လေးလံစွာဖြင့် ခေါင်းညိတ်ပြီး….

"ဟုတ်တယ်….တို့ သဲကန္တာရကို သွားကြမှာ…."

ကျိုပင်ရက် ခေါင်းယမ်းသည်။ သက်ပြင်းလည်း ချသည်။

"ဒီတခါတော့ မင်းတို့ ငါ့စကား နားထောင်စေချင်တယ်၊

မင်းတို့ တစ်သက်လုံး သဲကန္တာရကို မသွားကြပါနဲ့...အဲ သွားချင်ရင် ငရဲပြည်ကို သွားချင် သွားကြ....သဲကန္တာရ အနားတော့ မကပ်ကြနဲ့ ငါ့ကို မင်းတို့ ယုံကြည်ပါ....စိတ်မှုမှန်တဲ့ လူဆိုရင် ဘယ်တော့မှ ဒီလို နေရာမျိုးကို သွားမှာ မဟုတ်ဘူး....စိတ်တောင်ကူးမှာ မဟုတ်ဘူး...."

လုရှောင်ဖုန့် မဲ့ပြုံး ပြုံးလိုက်၏။

"မင်းက ငါ့ကို စိတ်မှုမှန်တယ်လို့ ထင်လို့လား...ဘယ်သူက ငါ့စိတ်မှုမှန်တယ်လို့ ပြောသလဲ...."

"ဟ....လုရှောင်ဖုန့်လို လူကို ဒီလောကမှာ ဘယ်သူ စိတ်မှုမမှန်အောင် လုပ်နိုင်မှာလဲ...ဒီလို လုပ်နိုင်တဲ့ကိစ္စကော ရှိသေးလို့လား"

ကျိုပင်းရက် တုန်လှုပ်သွားသလို ပြောလိုက်သည်။ သည်တော့ ဆက်တူက အကြောင်းစုံ ဝင်ရောက် ရှင်းပြလိုက်ပါ၏။ ပြီးတော့ ဆက်တူကပင် ဆက်၍....

"တို့အစက စိတ်ကူးထားတာ မင်းကိုပါခေါ်ပြီး ဒို့နဲ့အတူ ပုလဲနက်ကို သွားရှာကြဖို့ပဲ....ဒါပေမယ့် မင်းရဲ့လေသံက...."

ကျိုပင်းရက် မျက်နှာမှာ တည်သွားသည်။ သူတို့နှစ်ယောက်ကို စူးစူးစိုက်စိုက် ကြည့်ပြီး....

"မင်းတို့နှစ်ယောက် ဒီအတိုင်းသာ သဲကန္တာရကို သွားမယ်ဆိုရင်...မင်းတို့ ဆယ်ရက်ထက်ပိုပြီး အသက်မရှင်ဘူးဆိုတာ ငါအသေအချာ ပြောရဲတယ်...."



လုရှောင်ဖုန့်က ရယ်သည်။

"ဒါကတော့ကွာ...သူများ နေနိုင်သလောက် တို့နေနိုင်ရမှာပေါ့၊ အဲ.... သဲကန္တာရ သွားတဲ့လူတိုင်း သေကြတယ်ဆိုရင်တော့လည်း သေပါစေပေါ့...ဒီလိုမှ မဟုတ်ရင်...တို့လည်း အများနည်းတူ နေနိုင်ရမှာပေါ့...."

လုရှောင်ဖုန့်က ပြောရာ ကျိုပင်းရက်က ခေါင်းခါသည်။

"ဒီလိုပြောလို့တော့ မရဘူးကွ.... သဲကန္တာရမှာ သွားလာကျက်စားတဲ့ လူတွေက သူတို့သဘာဝနဲ့သူတို့ ကျင့်သားရပြီးသားတွေ၊ သူတို့ရဲ့ ခန္ဓာနဲ့ စိတ်ဓာတ်က သိပ်နိုင်မာလွန်းလို့ပဲ....မင်းတို့ဆိုရင် လုံးဝ စဉ်းစားလို့တောင် မရနိုင်ဘူး....ဒါပေမယ့် မင်းတို့က...."

"မင်းက တို့နှစ်ယောက်ကို အဲဒီလူတွေလောက်မှ မတော်ဘူးပေါ့ ဟုတ်လား...."

ဆက်တူက ဒေါသဖြင့် ဝင်အော်ပြောလိုက်သည်။

"မင်းတို့ရဲ့ သိုင်းပညာ၊ မင်းတို့ရဲ့ ဉာဏ်ပညာ၊ ဒါတွေက သူတို့ထက် အများကြီးသာတယ်.... ဒါက တပိုင်းပဲ.... မင်းတို့ရဲ့ အရိုးတွေက အရက်တို့ မိန်းမတို့ အဲ....စည်းစိမ်တို့ကြောင့် ပျော့နေ

ပြီကွ...သဲကန္တာရမှာ နေထိုင်ရမဲ့ ဘဝက မင်းတို့နဲ့ လုံးဝ မသင့်တော်
မဖြစ်ဘူး...."

"မင်းက တို့ကို ဖိမ်နဲ့နေတဲ့ လူတွေလို့ ထင်လို့လား...."

လူရှောင်ဖုန့်က အပြုံးဖြင့် မေးလိုက်သည်။ ကျိုပင်းရက်
သည်လိုမထင်ကြောင်း ခေါင်းယမ်းပြပြီး....

"ဘယ်လိုပဲဖြစ်ဖြစ် ပြောကြစတမ်းဆိုရင်....မင်းတို့ ဘဝ
သူတို့ထက် ဆယ်ဆမက သာတယ်....ကောင်းမွန်တယ်ကွ....သူ
ဘဝကြမ်းတမ်း ခက်ထရော်တာကတော့ အမှန်ပဲ...သူတို့ဟာ သူ
ကိုယ်ခန္ဓာထဲက ရေတွေ မကုန်ခမ်းလေရအောင်...တစ်နေ့လုံး စက
မပြောဘဲ နေနိုင်တယ်...မင်းတို့ နေနိုင်လား...အဲ အစားအသောက်
ရင်တော့ တော်မှတ်လာပြီဆိုရင်...ပိုးကောင်တွေ ဖမ်းပြီး မီးကင်စား
တယ်၊ မင်းတို့စားနိုင်သလား...အဲ...ရေဖူးမှာ ရေကုန်ပြီ...ရေကလည်
တော်ပြီ....မင်းတို့ ဘာလုပ်မလဲ....သူတို့ကတော့ လက်နဲ့သဲတွေ
အနက်ကြီးတူးပြီး သဲထဲမှာရှိတဲ့ ရေငွေ့တွေကို ပါးစပ်နဲ့စုပ်ပြီး သုံးရ
လောက် အသက်ရှင်နေနိုင်တယ်၊ မင်းဖြစ်မလား...ကဲကွာ...နောက်
ကုန်ကုန်ပြောမယ် ကုလားအုပ်ရဲ့ ကျင်ငယ်ရေတောင် သောက်
တယ်....မင်းတို့က သောက်ဖို့နေနေသာသာ အနံ့ကိုရှူမိတာတော
အန်ပြီပေါ့....အဲ....အဲဒီလို မင်းတို့အန်တာနဲ့ သဲကန္တာရမှာ မင်းတ



သေပြီမှတ်တော့...."

ကျိုပင်းရက်က ရှည်လျားစွာ ပြောပြီး အသက်ပြင်းပြင်း တစ်
ချက် ရှူလိုက်သည်။ လူရှောင်ဖုန့်နှင့် ဆက်တူတို့မှာ ငေးကြောင်သွား
ကြရသည်။

ကျိုပင်းရက်က ပင့်သက်ချပြီး....

"သဲကန္တာရထဲက လူတွေက သူတို့အသက်ရှင်နေနိုင်ဖို့ နည်း
အမျိုးမျိုးနဲ့ ကြိုးစားနေကြရတာ....သူတို့လုပ်သမျှ အလုပ်တွေကို
မင်းတို့ အိပ်မက်ထဲမှာတောင် မက်ဖူးတာမျိုး မဟုတ်ဘူး....မင်းတို့
စဉ်းစားရဲမှာတောင် မဟုတ်ဘူးကွ...."

သည်စကားကိုတော့ ဆက်တူလက်ခံရသည်။ ယင်းကြောင့်
မှုံပြုံး ပြုံးပြီး ခေါင်းညိတ်ကာ....

"ကုလားအုပ်ရဲ့ ကျင်ငယ်ရေကို ငါမသောက်ရဲတာကတော့
အမှန်ပဲ...."

"အသက်ဘေးနဲ့ ကြုံတွေ့နေရတဲ့အချိန်...အသက်ကို လုနေရ
တဲ့ အချိန်မှာ မင်းမသောက်ရဲရင်....မင်းသေမှာ အမှန်ပဲ....သူတို့က
ဒီလိုသောက်ရဲလို့ အသက်ရှင်နေတာပေါ့ ....သူတို့သဘာဝ သူတို့
စိတ်ဓာတ်တွေက မင်းတို့ထက် အများကြီး ခိုင်မာတယ်...အေး ပြော
ရရင်တော့ ဒီလိုနေရာမျိုးမှာ....သိုင်းပညာနဲ့ ဉာဏ်ပညာက အဓိက

မဟုတ်တော့ဘူး....အသုံးသိပ်မဝင်တော့ဘူးကွ...."

လုရှောင်ဖုန့်က ကျိပင်းရက် စကားဆုံးအဆုံးဝယ် ခေါင်းဖ
ချက် ညိတ်လိုက်သည်။ ပြီးတော့ ခိုင်မာသော လေသံဖြင့်....

"တချို့ တချို့ကိစ္စတွေမှာ သေရမယ်ဆိုတာ သိရက်နဲ့ ဖ
ဆောင်ကြရတယ်ကွ...."

"ဟုတ်ပါတယ်...ငါသိပါတယ်...လုရှောင်ဖုန့်ဟာ တစ်ခုခု
စိတ်ပိုင်းဖြတ်ပြီးရင် ဆုံးဖြတ်ပြီးရင် ဘယ်သူတားတား မရတော့ပါဘ
ဒါပေမယ့် ငါဆိုလိုတာက...."

"ဘာလဲ....မင်းဆိုလိုတာက ငါတို့နဲ့ မင်းမလိုက်ဘူးပေါ့"

ဒေါသဖြင့် ဝင်ပြောလိုက်သူက ဆက်တူ၊ ကျိပင်းရက် ဘာ
မပြော၊ နှုတ်ပိတ်သွားသည်။

ဆက်တူမှာ ဒေါသထွက်လာပါပြီ၊ သို့ကြောင့်လည်း အော်ဟ
ပြီး....

"ခြေဘ်....မင်းက ဒီလိုကိုး....လက်စသတ်တော့ ဒီကောင်
သူဌေးဖြစ်သွားလို့ ဘဝကိုမေ့သွားပြီပေါ့....ဟုတ်လား....တို့လို သူဌ
ချင်းပေါင်းတွေကိုတော့ အရေးမစိုက်ချင်တော့ဘူးပေါ့လေ....ကော
ပြီ မင်းမလိုက်ချင်နေ အကြောင်းမဟုတ်ဘူး....မနက်ဖြန် မိုးလင်းတ
နဲ့ ဒို့ဖာသာဒို့ သွားမယ် သိလား...."



လုရှောင်ဖုန့် သူကတော့ ဘာမှမပြောပါ၊ ပြုံးလို့သာ နေလိုက်
၏။ ကျိပင်းရက်မှာ မျက်နှာမပျက်၊ ဆက်တူ ဘာပြောလိုက်မှန်း ကြား
မိပုံမပေါ်သလို၊ ခပ်တည်တည်ပင်၊ ဆက်တူကို မကြည့် လုရှောင်ဖုန့်ကို
သာ ကြည့်နေ၏။

လုရှောင်ဖုန့်က အပြုံးဖြင့်....

"တို့ ဒီတခါ မလွှဲမရှောင်သာလို့ ခက်ခက်ခဲခဲ မသွားမဖြစ်
သွားကြရမှာပဲ....ငါတို့ မင်းကို နှုတ်ဆက်ခဲ့ပါတယ်ကွာ....တို့များ
ပြန်တော့မယ်....မနက်ဖြန် တို့ခရီးစထွက်ကြတော့မယ်...."

လုရှောင်ဖုန့်က အေးဆေးစွာပင် ပြောရင်းလှည့်ထွက်ခဲ့သည်။
ဆက်တူက ပုတ်သိုးသိုး မျက်နှာထားဖြင့် လိုက်ပါသွားသည်။

ကျိပင်းရက်က သူတို့နှစ်ယောက်ကို ငေးကြည့်နေသည်။ ပြီး
တော့ သက်ပြင်းယဲ့ယဲ့ချကာ....

"ခြေဘ်...လုရှောင်ဖုန့်...လုရှောင်ဖုန့်...မင်းက ဟိုအရင်တုန်းက
လို စိတ်ဓာတ်မျိုးပါပဲလား...."

✱ ✱ ✱ ✱ ✱

## အခန်း (၄)

နောက်တစ်နေ့ သူတို့ ခရီးစထွက်ကြပါပြီ။

သည်ခရီးက ကန္တာရခရီး၊ သဲလမ်းရှင်လမ်းဝယ် သဲလျှင်က ရာနှုန်းကိုးဆယ်။ သို့ရာတွင် မျက်ခုံးမွေး လေးခုရှင်ဟု ကျော်ကြားသော လုရှောင်ဖုန်နှင့် သူ့နှီးဝိစ္စာအမည်ရ ကြယ်ချွေဆက်တူတို့ကတော့ မမှုပါ။ သွားရမည့်လမ်းကို သွားရမည်သာ။

မည်သို့သော အန္တရာယ်တွေရှိရှိ၊ သူတို့ သွားကိုသွားကြမည်သာ။

ဆက်တူ ယခုတိုင် ဒေါသမပြေသေးပါ။ ကျိုပင်းရက်အပေါ် ဒေါသထွက်နေဆဲပါ။



"ငါ ဒီကောင်ကို သူငယ်ချင်းကောင်းတစ်ယောက်လို့ သတ်
တ်ထားခဲ့တာ ခုမှ မှားမှန်းသိတော့တယ...."

ကျိုပင်းရက်ကို မကျေမနပ်နှင့် ရေရွတ်သည်။

လုရှောင်ဖုန့်က ဘာမှ ပြန်မပြော၊ နှုတ်ဆိတ်နေသည်။ ငြိမ်
ဝက်နေသည်။

"တို့တတွေဟာ ဆယ်နှစ်ကျော် သိရှိ ပေါင်းသင်းလာတဲ့ သူငယ်
ချင်းတွေပဲ....ခုလို သူငယ်ချင်းတစ်ယောက် အကူအညီလိုတဲ့အခါ
နောက်ဆုတ်သွားတယ်...ဘေးဖယ်သွားတယ်...တောက် ခံပြင်းစရာ
ကောင်းလိုက်တာ...."

ဆက်တူ စိတ်ဆိုးမပြေနိုင်သေး၊ သူ လုရှောင်ဖုန့်ထံ လှည့်ကြည့်
လိုက်သည်။ လုရှောင်ဖုန့် မျက်နှာတွင်မူ စိတ်ဆိုးသော အမှုအရာ
လုံးဝမရှိ၊ ပြုံးပြုံးပင်နေသေး။

လုရှောင်ဖုန့် ပြုံးနေသည်ကို ဆက်တူမြင်သွားသည်။ သူက
မျက်လုံးပြူးပြီး စိုက်ကြည့်ကာ...

"ဘယ်လိုလဲကွ....ဒီကောင် ဒီလို မင်းအပေါ်လုပ်တာ မင်းက
တစက်မှ စိတ်မဆိုးဘူးလား...."

"မင်းက ဒီလောက် ပေါင်းသင်းနေတဲ့ သူငယ်ချင်းတစ်ယောက်
ရဲ့ စိတ်ဓာတ် သိထားမှပေါ့ကွ....သူ့မှာ တကယ်လို့ မကောင်းတဲ့

အချက်ရှိရင်လည်း ခွင့်လွှတ်နိုင်ရမှာပေါ့....ငါ သူနဲ့သိတာကြာပြီ သူ့ စိတ်ဓာတ်ကိုလည်း ဘယ်လိုဆိုတာ သိထားပြီးသား....ဒီတော့ ဘာလို့ စိတ်ဆိုးရမှာလဲ...."

"ဟော့....တို့ကတော့ မင်းလို သဘောထားမကြီးနိုင်ဘူးကွ... စိတ်ဆိုးတယ်၊ ခွင့်မလွှတ်နိုင်ဘူး၊ ငါကတော့ သူငယ်ချင်း အကူအညီလိုရင် ဘယ်တော့မှ ထိုင်ကြည့်နေလေ့ မရှိဘူးကွ...ဒီလို ထိုင်ကြည့်နေတဲ့လူကိုတွေ့ရင် ငါ သိပ်စိတ်ဆိုးတယ်...."

"မင်း သူများကိုသာ စိတ်ဆိုးချင် ဆိုးပါ....ကျိုပင်းရက်ကိုတော့ စိတ်မဆိုးနိုင်ပါဘူး....မင်း မယုံရင် ဟိုရှေ့ကို ကြည့်လိုက်စမ်း...."

လုရှောင်ဖုန့်က ပြုံး၍ ပြောလိုက်၏။ ဆက်တူ လှည့်ကြည့်လိုက်သည်။ သူ ကြောင်အန်းအန်း ဖြစ်လို့သွားသည်။

သူတို့ရှေ့မှာ အဖွဲ့တစ်ဖွဲ့။ မြင်းလှည်းကြီး၊ မြင်း၊ ပြီးတော့ ကုလားအုပ်ရှစ်ကောင်နဲ့ လူအချို့၊ ခရီးထွက်ရန် အသင့်ဖြစ်နေသည့် အဖွဲ့တစ်ဖွဲ့ပင် ဖြစ်ပါ၏။

မြင်းလှည်းမောင်းသူတစ်ယောက်၊ မြင်းလှည်းပေါ်မှာ ထိုင်နေသည်။ နောက်တစ်ယောက် ခန္ဓာကိုယ် ကြီးမားတောင့်တင်းသောလူ၊ အသားညိုမဲနေသည်။ လက်ထဲမှာလည်း ကြာပွတ်တစ်ချောင်းနှင့် သူက အုပ်စု၏ နောက်ဆုံးတွင် ရှိနေ၏။ ကုလားအုပ်များ ငြိမ်ငြိမ်



သက်သက်နှင့် ဘယ်ကိုမှ ထွက်မပြေးဘဲ ရပ်နေသည်ကို တွေ့ရ၏။ မြင်းနှင့် ကုလားအုပ်များကို နိုင်နင်းသူ၊ ပိုင်နိုင်သူ ဖြစ်ဟန်တူ၏။ နောက်ဆုံး တစ်ယောက်။ သုံးယောက်အနက် နောက်ဆုံး တစ်ယောက်မှာ အခြားလူ မဟုတ်ပါ။

ကျိုပင်းရက်....

မှန်ပါ၏။ ကျိုပင်းရက်မှ ကျိုပင်းရက် အစစ်ဖြစ်လေသည်။ ကျိုပင်းရက်က အေးဆေးသော အမူအရာနှင့် လုရှောင်ဖုန့်တို့ကို စောင့်ဆိုင်းနေသည်။

"ဟော့ကောင်....မင်း မလိုက်ဘူးဆိုကွ...အခုတော့ ဘာဖြစ်လို့ လာစောင့်နေရတာလဲကွ...."

ဆက်တူက ဒေါသဖြင့် အော်မေးလိုက်သည်။

ကျိုပင်းရက်က ဆက်တူကို လုံးဝ ဂရုမထား။ ဆက်တူ ပြောသည့် စကားကို လုံးဝမကြားရသည့် သွင်ဟန်နှင့် လုရှောင်ဖုန့်ထံ လျှောက်လာသည်။

လုရှောင်ဖုန့်ကလည်း မြင်းပေါ်မှာ ခုန်ဆင်းလိုက်၏။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပြုံးရွှင်စွာ စိုက်ကြည့်လိုက်ကြသည်။

"ငါ လိုက်လာတယ်ကွ"

"သိပ်ကောင်းတယ်"

နှစ်ယောက်စလုံး ခပ်တိုတို။ အပိုစကား မဆိုကြ။

"သဲကန္တာရ သွားမယ်ဆိုတော့ ရုတ်တရက် သွားလို့မရဘူး၊ လိုအပ်တာတွေ ပြင်ဆင်နေရလို့ ငါကြာနေတာ...."

လုရှောင်ဖုန့်က ခေါင်းညိတ်သည်။ ပြီးတော့ ရှေ့တွင်ရှိသော အဖွဲ့ကို ကြည့်ပြီး ပြုံးကာ...

"မင်း...ပြင်ဆင်လာတဲ့ ပစ္စည်းတွေက များလှချည်လား...."

"များတာက နည်းတာထက်စာရင်...အများကြီး ပိုကောင်းတာ ပေါ့ကွာ...."

လုရှောင်ဖုန့် ခေါင်းညိတ်ရပြန်သည်။

ဆက်တုကတော့ မျက်နှာ ပုတ်သိုးသိုးနှင့် ကြည့်နေဆဲ။

"မင်းက သဲကန္တာရနဲ့ ပတ်သက်ရင် ငါတို့ထက် အတွေ့အကြုံ များတယ်....တို့ မင်းစကား နားထောင်ပါ့မယ်...."

လုရှောင်ဖုန့်က ကတိပေးသည်။

"ဒါဖြင့်...ပထမဆုံး လှည်းပေါ်တက်ပြီး အနားယူလိုက်ကြဦး၊ မနက်ဖြန်ကျမှ ငါ ယူလာတဲ့ပစ္စည်းတွေ ကြည့်ကြတာပေါ့...."

"သိပ်ကောင်းပေါ့...."

ဆက်တု အနားတွင် ရှိနေသည်။ မကျေမချမ်း ဖြစ်နေဆဲ။



မျက်နှာ ပုပ်သိုးသိုးဖြင့် စကားများ နားထောင်နေ၏။ ဂရုမစိုက်သလို လည်း နေ၏။ ဒါပေမယ့် သူ ကြာရှည်မနေနိုင်ပါ။ အနား တိုးကပ်လာသည်။

"ကဲ....ဆက်တု လှည်းထဲမှာ အရက်တွေရှိတယ်....မင်း မမူး သေးဘူးဆိုရင် သောက်လေကွာ...."

ကျိုပင်းရက်က စတင်၍ ပြုံးရွှင်စွာ ပြောလိုက်၏။ ဆက်တုက ကျိုပင်းရက်ကို စိုက်ကြည့်နေသည်။ ပုပ်သိုးနေသော မျက်နှာမှာ တဖြည်းဖြည်း ကြည်လာသည်။ ပြီးတော့ အားရွှင်လန်းစွာ ရယ်မောတော့သည်။

"ကောင်းတယ်....ခွေးကောင် လူရုပ်၊ မင်းငါ့ကို အကြောင်း ရိုက်တယ်....ဒါပေမယ့် မင်း သူငယ်ချင်း ဗီသတယ်....ငါ မင်းကို ခွင့်လွှတ်လိုက်ပြီ...လှည်းပေါ်ရောက်မှ မင်းကို ငါအရက်သုံးခွက်တိုက် မယ်ဟေ့...."

စပြီ။ အရက်သောက်ပွဲစပြီ။ လှည်းထဲတွင် အရက်သောက်ကြပြီ။ အရက်သောက်ရင်း စကားပြောကြသည်။

"ငါတို့ ခုချိန်ကစပြီးတော့...ဆားဗာပိ သဲကန္တာရ ဦးတည်ပြီး သွားကြတော့မယ်....အဲ....လမ်းပေါ်ချော်လျှောက်လုံးမှာ တစ်ခါတလေပဲ မြင်းလှည်းကို ရပ်နားမယ်...ပြီးတော့...ငါတို့အားလုံး မြင်းလှည်းထဲက

မထွက်ရဘူး...."

ကိုပင်းရက်က ဖြည်းညင်းစွာ ပြောသဖြင့် ဆက်တူက ပခုံးကြို့ပြီး....

"ဒါဖြင့် လှည်းပေါ်ကနေတောင် မဆင်းရတော့ဘူးပေါ့ ဟုတ်လား...."

"ဟုတ်တယ် မဆင်းရဘူး"

"ဘာဖြစ်လို့လဲကွာ"

ဆက်တူကပင် မေးသည်။ ကိုပင်းရက်က ယုံ့ယုံ့ပြုံးပြီး....

"တို့က ဒီလမ်းအကြောင်း ဘာမှ သိတာမဟုတ်ဘူး...ပုလဲနက်က ကင်းပုန်းချထားသလား မချထားဘူးလား တပ်အပ်မခန့်မှန်းနိုင်ဘူး၊ ဒါကြောင့် တို့လှုပ်ရှားမှုကို သိပ်သတိထားရမယ်ကွ...."

"ဒီလောက်တောင် မလိုပါဘူးကွာ...."

ဆက်တူက ခပ်ပြတ်ပြတ်ပြောသည်။

"ဘယ် ဒီလိုပြောလို့ ဖြစ်မလဲ...ဒို့တတွေ အောင်မြင်မှု ဆွတ်ခူးနိုင်ရင်တော့...အစစအရာရာ အားလုံး သေသေချာချာ ဇေ့ဇေ့စပ်စပ်တွေးတောပြင်ဆင်ထားရမှာပဲ...လုရှောင်ဖုန့်လို ကောင်မျိုးကိုတောင် ရန်ရှာရဲတယ်ဆိုတော့ သူတို့က ပေါ့သေးသေး မဟုတ်ဘူး...သာမန်လူတွေ မဟုတ်နိုင်ဘူး...."



"အောင်မယ်...မင်းက ဒို့ကို သာမန်လူတွေ သဘောထားတယ် ပေါ့လေ ဟုတ်လား...."

ဆက်တူ မကျေမနပ် ရေရွတ်သည်။ ကိုပင်းရက်က ခပ်အေးအေးပင်။

"ဟ.... ငါ အစောကြီးထဲက ပြောခဲ့တယ် မဟုတ်လား.... သဲကန္တာရက လူတွေက ကုလားအုပ်တွေလို သိပ်သန်မာတယ်ကွ.... ပြီးတော့ မြေခွေးထက်ကောက်ကျစ်တယ်...တို့က သဲကန္တာရထဲ ရောက်သွားတာနဲ့ ယုန်လေးတွေ ဖြစ်သွားတယ်....ပျော့ချိသွားတာကွ...."

"မင်းက တကယ့်ကောင်ပဲ...ရန်သူကို တကယ်အထင်ကြီးတာကိုး...."

ဆက်တူက လှောင်ပြောင် ရယ်မောရင်း ပြောလိုက်လေသည်။

"တယ်ခက်ပါလား ဆက်တူရာ...ငါက ရန်သူကို အထင်ကြီးတာ ဟုတ်ဘူးကွ...ငါတို့ သဲကန္တာရထဲမှာ မသေချင်လို့ သိန်းငှက်တွေရဲ့ အစာမဖြစ်ချင်လို့...အဲ...တို့အရိုးတွေ မြေခွေးတွေ မစားစေချင်လို့ကွ...."

"ဒါပေမယ့် ငါ့အနေနဲ့ကတော့ ဒီလိုထင်...."

"ငါ မင်းရဲ့ အထင်တွေ အတွေးတွေ ငါမသိချင်ဘူး....သိဖို့လည်း မလိုဘူး.... အေး....မင်းတို့က ငါ့ကိုခေါ်လာတာ၊ ဒီတော့

အစစအရာရာ ငါ့စကား မင်းတို့နားထောင်ရမယ်...."

ကျိုင်းရက်က ခပ်ပြတ်ပြတ်ပင် ပြောလိုက်၏။ တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော လှရှောင်ဖုန့်က ပြုံး၍....

"မင်းက သဲကန္တာရမှာ ကျက်စားပြီး သူဌေးကြီးတစ်ယောက် အထိ လုပ်နိုင်တဲ့လူဆိုတော့ တို့ထက် အများကြီး အတွေ့အကြုံရှိ တာ အမှန်ပဲ....မင်းပြောတဲ့ စကားအားလုံး တို့လိုက်နာမယ်ကွာ"

သည်တော့ ဆက်တူကလည်း သက်ပြင်းတစ်ချက် မှုပြီး...

"အေးပေါ့လေ...လှရှောင်ဖုန့်လို ကောင်ကတောင် ဒီလိုပြော မှတော့ ငါဘာပြောစရာ လိုဦးမလဲ...."

ဘာမှပြောစရာ မလိုတော့ပါ။ လှရှောင်ဖုန့်တို့ အနေနှင့်တော့ ဘာမှ ပြောစရာမလိုတော့ပါ။ ကျိုင်းရက် အနေနှင့် ပြောစရာတော့ ရှိပါလိမ့်ဦးမည်။ ကျိုင်းရက်က အတန်ကြာ ငြိမ်နေပြီးမှ ဆက်၍...

"တို့...မနက်ဖြန်ဆိုရင် နဂါးတွေ့ကို ရောက်လိမ့်မယ်...အဲဒီ ရောက်တာနဲ့ မင်းတို့မြင်းကို ချန်ထားရစ်ခဲ့ရမယ်...အဲဒီမှာ ငါ့လူတွေ ရှိတယ်....သူတို့ မင်းတို့မြင်းကို စောင့်ရှောက်ကြလိမ့်မယ်...."

"ဟာ....ဒီမြင်းကိုတော့ ငါယူသွားမှ ဖြစ်မယ်...."

လှရှောင်ဖုန့်က အထိတ်တလန့် လွတ်ခနဲ ပြောလိုက်မိသည်။

"ယူမသွားရဘူး...."



"ဘာ....ဘာဖြစ်လို့လဲ...."

"ဒီမြင်းက မျက်စိ သိပ်နှလွန်းတယ်....ပြီးတော့ တစ်ခါက ပုလဲနက်ပိုင်တဲ့ မြင်းဆိုတော့ တို့ ဒီမြင်းပါသွားရင် အလွယ်တကူနဲ့ တို့ခြေရာကို ခံနိုင်ကြလိမ့်မယ်...."

လှရှောင်ဖုန့် တွေဝေ သွားသည်။ တစ်ခဏ စဉ်းစားပြီး ဘာမှ မပြောတော့ချေ။

"မင်းတို့ သိထားကြဖို့က သူတို့က အမှောင်ထဲကလူတွေ၊ တို့က အလင်းထဲက လူတွေလိုပဲ....မြေပထဝီ အနေအထားက သူတို့ နေရာဒေသ သူတို့က တို့ထက် အစစအရာရာ ကျွမ်းတယ်...တို့ထက် အားလုံး အထက်စီးရနေတာ...."

မှန်သည် ဒါကိုတော့ မငြင်းနိုင်ပါ။

"တို့တစ်တွေ သူတို့ကို အနိုင်ရချင်ရင်...သူတို့ကို မမျှော်လင့်တဲ့ တိုက်ကွက်မျိုးသုံးမှ ရနိုင်မှာ...ဒါကြောင့်...သူတို့ရဲ့ အခြေစိုက်စခန်းကို ရှာမတွေ့မချင်း တို့ရဲ့ ခြေရာကို ဖျောက်ထားနိုင်မှဖြစ်မှာ... တို့ လှုပ်ရှားမှု သိသွားလို့တော့ ချောင်းမြောင်း လုပ်ကြံခံရတာနဲ့ တို့အားလုံး သေမှာ အမှန်ပဲ...."

ကျိုင်းရက် စကားတွေက တစ်ကွက်မမှား၊ လှရှောင်ဖုန့် သက်ပြင်းချသည်။ သူ ဘာဖြစ်နေပါလိမ့်၊ သူ ညံ့ရာကျနေပြီပဲ၊

သဲကန္တာရသည် သူ့စိတ်ဓာတ်များ ပျက်ပြားစေလေပြီလား။

လုရှောင်ဖုန့် ပင့်သက်ချသည်။

"အေးကွာ....ငါ ဒီလောက်အထိ အစက တွေးမထားမိဘူ

"မင်းတစ်ခု တွေးမိသေးသလား....အေးလေ....မင်းသိထား

ပြောတာပါ....မင်းတို့ကို တခြားနေရာမှာ ရင်ဆိုင်ဖို့သတ်ဖို့ မလွယ်

သဲကန္တာရထဲ မျှားခေါ်တာ ဖြစ်ချင်ဖြစ်မှာ သဲကန္တာရထဲမှာဆိုရင် မင်း

ခပ်လွယ်လွယ် သတ်နိုင်ပြီကွ....ဒီတော့"

ကျိုပင်းရက် စကားရပ်သည်။ လုရှောင်ဖုန့်ကို စူးစူးစိုက်စိုက်

ကြည့်သည်။ ပြီးတော့ တစ်လုံးချင်း....

"ဒီတော့ ဒီပွဲဟာ မင်းရင်ဆိုင်ခဲ့တဲ့ ပွဲတွေထဲမှာ အခက်ခဲဆုံးပွဲ

မင်းအသေအချာ စဉ်းစား ဆင်ခြင်ကြည့်နော်...."

"ဒါပေမယ့် လူတချို့က ဘာကိုမှ ကြိုတင် စဉ်းစားလေ့မလုပ်

ကြဘူးကွ...."

လုရှောင်ဖုန့်က မဲ့၍ ပြောလိုက်၏။

ကျိုပင်းရက်က အရက်တစ်ခွက်ကို မော့သောက်လိုက်ပြီး...

"အေး...ကောင်းပြီ၊ ဘာကိုမှ လောလောဆယ် ကြိုတင်မစဉ်း

စားချင်ရင် မစဉ်းစားနဲ့တော့... တို့အားလုံး အိပ်ကြစို့...မအိပ်နိုင်ရင်

လည်း အတင်းအိပ်ကိုအိပ်ရမယ်...ဒါနေ့ကစပြီး တို့တစ်တွေ အင်အား



တိုးဖို့ အရေးကြီးနေပြီ....ရှိသမျှအင်အား စုစည်းထားရမှာ...."

လောလောဆယ် အိပ်တာ အကောင်းဆုံး၊ အရက်ရှိန်လေး

ကလည်း တက်နေပြီ မဟုတ်လား၊ သူတို့သုံးယောက် မြင်းလှည်းထဲမှာ

အိပ်စက်လိုက်ကြတော့သည်။

✱ ✱ ✱ ✱ ✱

တိုးတိုး ရေရွတ်မိသည်။

ဆက်တူကမူ ကျိုပင်းရက်နှင့်အတူ ကုလားအုပ်၊ မြင်းနှင့်လှည်းကို လှည့်ပတ် ကြည့်ရှုလို့နေသည်။ တွေ့သမျှကိုလည်း မလွတ်တမ်းမေးနေသည်။ ထိုသို့ မေးရမှ ကျေနပ်သည့် အသွင်မျိုး။

ဆက်တူက အတော်များများ သိနေပါပြီ။ အဖွဲ့တွင် ပါလာသော လူတွေကိုပင် နာမည်ကအစ သူ သိနေပြီ။

ကျောက်ရုပ်ကြီးကဲ့သို့ ငြိမ်သက်ပြီး တစ်ချိန်လုံး မအော်မဟစ်ဘဲ ရှိသော ကုလားအုပ်ထိန်းမှာ ဆက် ကိုဖြစ်၏။ သို့ရာတွင် ထိုသူ၏ အသားအရေ ဘာကြောင့် ဤမျှ ကြမ်းတမ်း မာကျောနေသည်ကိုမူ သူ မသိ။ တွေးခေါ် စဉ်းစား၍ မရ။

မြင်းလှည်းမောင်းသူမှာ ရှောင်ပန်းဖြစ်၏။ ရှောင်ပန်းမှာ အသက်သုံးဆယ်ဝန်းကျင်ခန့် ရှိနေပြီဖြစ်၏။ မျက်နှာမှာ ရွှင်ချိုလှသည်။ ကလေးမျက်နှာလေးနှင့်လည်း တူသည်။ မျက်နှာချိုလွန်းသဖြင့် ဒေါသ ထွက်တတ်ပါ့မလား၊ စိတ်ဆိုးတတ်ပါ့မလား တွေးတောယူရသည်။

သို့ရာတွင် ရှောင်ပန်းမှာ လူတော်တစ်ယောက်။ အရည်အချင်းရှိသူတစ်ယောက်။ မည်သည့် ဒေသရောက်ရောက် ဒေသခံ လူမျိုးတို့၏ ဘာသာစကားကို ပြောတတ်သည်။ ကောင်းကောင်း ပြောတတ်သည်။

## အခန်း (၅)

နဂါးကွေ့....

ဒုတိယနေ့ ညနေစောင်းမှာပင် နဂါးကွေ့ကို သူ ရောက်သွားကြပြီ။

လုရှောင်ဖုန့်မှာ သူ့မြင်းကို ကျိုပင်းရက် အလိုကျ အပ်ရလေ၏။ လုရှောင်ဖုန့်မှာ မြင်းကြီးကို သံယောဇဉ် အလွန်တွယ်နေပေရာ ခွဲရမည်ကို နမြောတသလျက် ရှိနေသည်။

သူက ယဲ့ယဲ့ ပြုံးပြီး။

"ခြေသံ...ငါ့ရဲ့စိတ်တွေလည်း ကြာလေ ပျော့လေ...ဖြစ်နေပြီလား"

သူက မည်သည့် စီးပွားရေးလုပ်လုပ် အောင်မြင်သည်သာများ၏

ဆက်တိုကတော့ ကုလားအုပ်ထိန်းတဲ့လူ။ သူက နားကန်း
သတဲ့။ ဒါကို နောက်မှ သိရသည်။ သို့ကြောင့်လည်း အမြဲတ
မည်သူနှင့်မျှ စကားမပြောဘဲ နေလေ့ရှိသည်။ ဒါပေမယ့် လူတွေ
စကားမပြောသော ဆက်တိုသည် တိရစ္ဆာန်တွေနှင့် စကားအပြောသ
အလွန်လျှို့ဝှက်ထူးဆန်းသော စကားတစ်မျိုးဖြင့် ပြောလေ့ရှိ
ယုတ်စွအဆုံး ကုလားအုပ်တွေ ဘာစဉ်းစားနေသည်ကို သူ သိသ
သူဘာခိုင်းချင်သည်ကိုလည်း ကုလားအုပ်တွေက သိသလိုပင်။

ဤလို လူနှစ်ယောက်ကို မည်သို့မည်ပုံ ကျိုပင်းရက် ရှာဖွေတွေ
ရှိပါလိမ့်။ ဆက်တူမှာ လုံးဝ စဉ်းစား၍ မရနိုင်။ သည်လို လူနှ
ယောက်ရဖို့အရေး မလွယ်ကူလှ။

ဆက်တူမှာ ကျိုပင်းရက်ကို မချီးမွမ်းဘဲ မနေနိုင်၊ ကျိုပင်းရက်
စေ့စပ်သေချာလှသည်ကို ချီးကျူးမိလေသည်။

ကျိုပင်းရက် ပြောထားသည့် အတိုင်းပင် မြင်းလှည်းမှာ နေ့ည
မပြတ် ခရီးဆက်နေသည်။ ကျိုပင်းရက်၏ လက်ရွေးစင် တပည့်နှစ်ဦး
ဖြစ်သော ရှောင်ပန်းနှင့် ဆက်တိုတို့မှာ တမေ့းမှ မအိပ်စက်ကြသည့်
အသွင်။

ထူးဆန်းသည်က သူတို့နှစ်ယောက်စလုံး နွမ်းနယ်ခြင်းမရှိ။



ပင်ပန်းသည့်အသွင်မရှိ။ ပန်းသဖွယ် လန်းဆန်းလို့ နေကြသည်။

ဆက်တူမှာ မအောင့်နိုင်ဘဲ။

"သူတို့နှစ်ယောက်က မအိပ်ဘဲ နေနိုင်သလားကွ...."

"တချို့လူတွေက ဘာပဲလုပ်နေလုပ်နေ အိပ်လို့ရတယ်ကွ...'

ကျိုပင်းရက် ပြောသည်။

သူ့ လူတွေ အလုပ်လုပ်ရင်း အိပ်စက် အနားယူကြောင်း ပြော
လိုက်ခြင်းပင်။

ဆက်တူက တအံ့တဩဖြင့်....

"မြင်းလှည်းမောင်းရင်းလည်း အိပ်နိုင်တယ်....ဟုတ်လား"

"မြင်းတွေက ဒီလမ်းကို သွားဖူးနေကြ....သွားတတ်နေပြီ....
ဒီတော့ မြင်းလှည်းမောင်းတဲ့လူက ဘာလို့ မအိပ်နိုင်ရမှာလဲ"

ဆက်တူက တွေဝေသွားသည်။

စဉ်းစားသလို တစ်ခဏငြိမ်နေပြီးမှ ခေါင်းညိတ်သည်။

"အေး ဟုတ်တယ်...မြင်းလှည်းမောင်းတဲ့လူက ထိုင်ပြီး အိပ်လို့
ရတယ်....ဒါပေမယ့် ဆက်တို...တော့ကော သူက လမ်းလျှောက်နေ
...သူက လမ်းလျှောက်ရင်း အိပ်လို့ ရသလား ...."

ဆက်တူက အပိုင်ပင် မေးလိုက်၏။

"ဟုတ်တယ်... ...းလျှောက်ရင်း သူ အိပ်တယ်"

ကျိုင်းရက်ကလည်း အခိုင်အမာ ပြောသည်။ ဆက်တူ
ရယ်မောသည်။

"ဟရောင်ရ....မင်းက ငါ့ကို သုံးနှစ်သား ကလေးလေးမှ
မှတ်နေသလား....ဒီစကား ငါယုံရမှာလားကွ...."

ကျိုင်းရက် ဘာမှ ထပ်မပြော။ မယုံချင်နေပေါ့ဟူသည့်အသ
ငြိမ်နေသည်။ လုရှောင်ဖုန့်က ပြုံးလိုက်ပါသည်။

"ဆက်တူ....မင်းကို သူညာပြောနေတာ မဟုတ်ဘူးကွ
တချို့လူတွေက လမ်းလျှောက်ရင်း အိပ်လို့ရတယ်....သူတို့ရဲ့ ခြ
ထောက်တွေကသာ လှုပ်ရှားနေပေမယ့် သူတို့ရဲ့ စိတ်အာရုံအားလ
ဟာ....တည်ငြိမ်မှုရနေတယ်....ဒီပြင်လူတွေ အိပ်သလိုပေါ့...."

ဆက်တူက ရယ်မောပြီး....။

"ဟ....ဒီလိုဆိုတော့ ဒီပညာမသေးဘူးကွ"

ကျိုင်းရက်က ဆက်တူကို စူးစူးရဲရဲကြည့်ပြီး အေးစက်သေ
လေသံဖြင့်....

"ဒီပညာက မွေးကတည်းက တတ်လာတာ မဟုတ်ဘူး
ဒီပညာကို ဘဝရဲ့ ဒဏ်ရာဒဏ်ချက်ကြောင့် ရလာတာလို့ ပြောမယ်
လူတစ်ယောက်ကို နွားတစ်ကောင်လို ကြာပွတ်နဲ့ တစ်ချိန်လုံး ရိုက်ပြ
မရပ်မနား တစ်နှစ်လောက် လမ်းလျှောက်ခိုင်းရင် အဲဒီလူမျိုးက လ



လျှောက်ရင်း အိပ်နိုင်မှာပဲ...."

သည်စကားကြောင့် ဆက်တူ မျက်နှာမှာ ကွက်ခနဲ ပျက်သွား
သည်။

"ဆက်တိုဟာ ဒီလိုဒုက္ခမျိုး ခံစားလာခဲ့ရတယ်လို့ ပြောတာ
လား...."

"အင်း ဟုတ်တယ်...."

ဆက်တူ ရင်မှာ နင့်ခနဲ ဖြစ်သွားမိသည်။

"ဘာလို့ သူ့ကို မရပ်မနား တစ်နှစ်တိတိ လျှောက်ခိုင်းခဲ့ကြတာ
လဲ...."

ဆက်တူက စိတ်မချမ်းသာသလို မေးလိုက်၏။ ကျိုင်းရက်
တခဏ ငြိမ်သွားသည်။ အတန်ကြာတော့မှ သက်ပြင်းချပြီး။

"ဆန်ကြိတ်ဆုံဆွဲတဲ့ နွားကို မင်း တွေ့ဖူးသလား ဆက်တူ"

"တွေ့ဖူးတယ်"

"အေး....သူလည်း ဆန်ကြိတ်ဆုံဆွဲတဲ့ လုပ်ခဲ့ရဖူးတယ်....
ဒါပေမယ့် သူက နွားထက်တောင် ဆိုးသေးတယ်...ပိုပြီး ဒုက္ခဆိုးတယ်၊
နွားတွေမှာ အနားယူချိန် ရှိသေးတယ်...သူ့မှာ မရှိဘူး...တစ်နှစ်ပတ်
လုံး ဆန်ကြိတ်ဆုံကို လှည့်နေခဲ့ရတယ်...."

ကျိုင်းရက်က တစ်လုံးချင်း ပြောပြလိုက်သည်။ ဆက်တူမှာ

ကြက်သီးထသွားသည်။ ပြီးတော့ အညာတာ ကင်းမဲ့သူများအားလည်း ဒေါသထွက်သွားမိသည်။

"တောက်...တော်တော်ဆိုးတဲ့ ကောင်တွေပဲ...ဒီကောင်တွေက လူတွေမှ ဟုတ်ရဲ့လားကွ...ဘာဖြစ်လို့ ဒီလောက်တောင် ရက်ရက်စက်စက် နိုင်ရတာလဲ....ဒီကောင်တွေ လူမှဟုတ်သေးရဲ့လား...."

ကျိုပင်းရက် ဘာမှ ပြန်မပြော။ ခေါင်းကိုသာ လေးပင်စွာ ခါလိုက်၏။

ဆက်တူမှာ စိတ်မကြည်လင်ဖြစ်နေသည်။ ဆက်တိုအကြောင်းက ချမ်းမြေ့စရာ။ ပြီးတော့ လမ်းလျှောက်ရင်း အိပ်သည်ဆိုသည်ကိုလည်း မယုံနိုင်သေး။ လမ်းလျှောက်ရင်း အိပ်နိုင်သည်ကို သူ မယုံကြည်နိုင်။ သို့ကြောင့် သည်ည အသေအချာ ကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။

ဆက်တူမှာ ဆုံးဖြတ်ချက်ချ၊ စိတ်ပိုင်းဖြတ်သည့် အတိုင်း ထိုနေ့ညတွင် တစ်ညလုံး အကဲခတ်သည်။

ဆက်တူက ဆက်တိုကို လေ့လာသည်။

ဆက်တို၏ ခပ်မှိုင်းမှိုင်း၊ မှုံဝါးဝါး မျက်လုံးအစုံမှာ တစ်ညလုံး ပြူးလျက်ပင် မိတ်သည်ကို မတွေ့ရ၊ တစ်ချိန်လုံး အဝေးအရပ်ကို ငေးကြည့်နေသလိုပင်။



ဆက်တူ သဘောကျစွာ ပြုံးလိုက်သည်။

နောက်တစ်နေ့ ဆက်တူက ကျိုပင်းရက်ကို ကြည့်ပြီး အားပါးတရ ရယ်မောကာ....

"ကြက်ဖအိုကြီး...မင်း တကယ်ဆိုးတာပဲ...မင်း ငါ့ကို ညာနေတာပဲကွ...."

"ဟ....ငါ ဘာညာတာလဲ...."

ကျိုပင်းရက်က ဘာမှ နားမလည်သလို ပြန်မေးလိုက်၏။

"ဘာ မညာရမှာလဲ....မင်းကောင် ဆက်တိုက တစ်ညလုံး တစ်ချက်မှ မျက်လုံးမမိုတ်ဘူး...သူက ဘယ်လိုလုပ်ပြီး အိပ်မှာလဲ"

"ဩော်...ဒါလား သူက အိပ်တဲ့အခါ မျက်စိမှိတ်ဖို့ မလိုဘူးလေ...."

"ဘာဖြစ်လို့ မလိုရမှာလဲ...အိပ်မှတော့ မျက်စိမှိတ်ရမှာပေါ့"

"ဘာဖြစ်လို့လဲဆိုတော့....သူက မျက်စိကန်းနေတာကွ"

ကျိုပင်းရက်က အေးအေးဆေးဆေးပင် ပြောလိုက်သည်။

ဆက်တူ တခဏ ကြောင်သွားသည်။ နောက် အလန့်တကြား ထခုန်သည်။

"ဘာပြောတယ်...မျက်ကန်းဟုတ်လား...မင်း မင်းဆိုလိုတာက နားလည်းကန်း....မျက်စိလည်း ကန်းနေတယ်ဟုတ်လား...."

ကျိုပင်းရက်က ထပ်မပြော၊ သူက စကားကို ဘယ်တုန်းကမှ အပိုမပြောတတ်၊ နှစ်ခါ ထပ်မပြောတတ်။

"ပြော်...ဒါကြောင့် သူ့ရဲ့မျက်လုံးက ဒီလောက်ထူးဆန်းနေတာကိုး....ဒါပေမယ့်ကွာ မျက်ကန်းတစ်ယောက်ဟာ ဘယ်လိုလမ်းလျှောက်နိုင်မှာလဲ မယုံနိုင်စရာပဲ...."

"သူ့ ဘေးနားမှာရှိတဲ့ ကုလားအုပ်ဟာ သူ့မျက်လုံးပဲပေါ့ကွ"

"ဒီလိုဆို သူ့နားမှာ ဒီကောင်တွေ မရှိရင်ကော...."

"တစ်ကောင်ကောင်ကိုတော့ သူ့နားရောက်အောင် ခေါ်ထားရမှာပဲကွ...."

"ဒီလိုဆို သူက တိရစ္ဆာန်တွေနဲ့လည်း နေနိုင်တာပေါ့...."

"ဟုတ်တယ်လေ....သူက တိရစ္ဆာန်တွေနဲ့ပဲ နေချင်တာ"

"ဒါပေမယ့်...သူ မင်းအတွက် ဘာလို့ အလုပ်လုပ်ပေးနေတာလဲ"

ကျိုပင်းရက်က တစ်ခဏငြိမ်သွားသည်။ ပြောသင့် မပြောသင့် စဉ်းစားသလို ငြိမ်နေပြီးမှ....

"သူ့ရဲ့ အသက်ကို ငါ ကယ်ခဲ့ဖူးလို့ဖြစ်မှာပေါ့...."

ဆက်တူ ခေါင်းယမ်းသည်။

"ဒါပေမယ့်ကွာ... မင်းက ဘာဖြစ်လို့ ဒီနားကန်းမျက်စိကန်းတဲ့ လူကိုမှ သဲကန္တာရခရီးအတွက် ခေါ်လာရတာလဲ...."



"သူက မျက်စိကန်း နားကန်းနေပေမယ့် သဲကန္တာရထဲမှာဆိုရင် မျက်စိမကန်း နားမကန်းတဲ့ လူတွေထက် သာတယ် အသုံးဝင်တယ်...."

ကျိုပင်းရက်က ပိတ်ပြောလိုက်တော့သည်။ ဆက်တူ ဘာစကားမှ မဆက်နိုင်တော့ချေ။

✱✱✱✱✱

သောက်ရေများ ဝယ်ယူပြီးနောက် မြင်းလှည်းနှင့် မြင်းများကို အပေါ်ဆုံးဈေးများဖြင့် ရောင်းလိုက်သည်။

သူတို့အတွက် အဓိက လိုအပ်သော ပစ္စည်းများနှင့် ကုလားအုပ်များသာ ယူငင်၍ ခရီးထွက်ကြတော့သည်။

သူတို့အသွင်မှာ သဲကန္တာရအတွင်း လှည့်လည်သွားလာနေကြသော သာမန်ကုန်သည်များအသွင် ဖြစ်လို့သွားပါပြီ၊ ထိုသို့ထင်ရန်လည်း ဖန်တီးထားကြရသည်။

သူတို့ကို မြေပြန့်သိုင်းလောကတွင် ထင်ရှားလှသော ထိပ်သီးသိုင်းသမားကြီးများဖြစ်လိမ့်မည်ဟု ရုတ်တရက် ကြည့်၍ မည်သူကမျှ မပြောနိုင်ချေ။ လုံးဝ သိရှိကြလိမ့်မည်လည်း မဟုတ်ချေ။

ဆက်တိုကတော့ 'မှန်' လို အဝတ်အစားဝတ်ဆင်ထားသည်။ ရှောင်ပန်းကတော့ မည်သည့်နေရာရောက်ရောက် မည်သည့်အဝတ်အစားဝတ်ဝတ် မျက်စိမစူး။ လူတွေထဲ ရောနေသည့် လူသားတစ်ဦးပင်၊ ဆက်တိုက ထူးခြားသလို ဖြစ်နေသည်။

သူတို့ခရီး စတင်ထွက်သောအချိန်မှာ ညနေစောင်းအချိန်ဖြစ်၏။ သဲကန္တာရအတွင်း ညနေစောင်းမှာပင် စတင်ရောက်ကြပါပြီ။

နေမင်းကြီးက အောက်သို့ နိမ့်ဆင်းလို့ ကျသွားပါပြီ။ အနောက်ဘက်မှာ မေးတင်နေပါပြီ။ သို့ရာတွင် အပူဓာတ်များက

## အခန်း (၆)

သဲကန္တာရ....

သူတို့အတွက် အန္တရာယ်အသွယ်သွယ် စောင့်ကြိုနေမည့် နေရာသစ်၊ ကမ္ဘာသစ်၊ သူတို့ရောက်လာကြပါပြီ။

သဲကန္တာရအတွင်း ဝင်ရတော့မည့် သဲကန္တာရ အစပ်တွင် ရွာကလေးတစ်ခု ရှိနေသည်။ သူတို့ ထိုရွာလေးတွင် ခေတ္တ နားသည်။ ရွာလေးမှ မျှော်ကြည့်လိုက်လျှင် အဆုံးမမြင်ရသော သဲကန္တာရကြီးကို ရင်မောဘွယ် မြင်တွေ့နေကြရသည်။

ရွာကလေးမှာ ရေတွင်းရှိသဖြင့် အဖိုးတန်လှပေ၏။

ကျိုပင်းရက်က ရေကို အရက်ဖိုးထက်များသော တန်ဖိုးဖြင့် ပေးဝယ်လိုက်သည်။ ဆိတ်သားရေအိတ်ကြီး ဆယ်အိတ်ကျော်ကော်

သဲကန္တာရအတွင်းမှ ပြန့်ထွက်နေသည်။ ပူအိုက်လွန်းလှသည်။ ကိုယ်
တွင် အဝတ်အစားပင် ကပ်မထားချင် လောက်အောင် ပူအိုက်နေသည်

သို့ရာတွင် မကြာခင်မှာပင် မိုးက မှောင်လာသည်။ ပြန့်လွင့်
နေသော အပူဓာတ်များ တဖြည်းဖြည်း ကွယ်ပျောက်သွားသည်။ အပူ
ဓာတ်များ ပြေပျယ်သွား၍ နေလို့ထိုင်လို့ ကောင်းစ ရှိသေးသည်
အအေးဓာတ်က တစ်မုဟုတ်ချင်း ဝင်ရောက်လာသည်။

အရိုးစိမ့်အောင် အေးလှသောလေက သူတို့ မျက်နှာနှင့် ခြေ
လက်များကို တိုက်ခိုက်လာသည်။

အေးမှအေးပင်၊ မနေနိုင်လောက်အောင် အေးသည်ဟုပင် ဆိုရ
မလောက် အေးစိမ့်လှသည်။

ဆက်တူမှာ ကုလားအုပ်ကြီးနောက် ပြေးဝင်ပြီး ပုန်းခိုနေချင်
စိတ်ပင် ပေါက်လာသည်။ အအေးကို ရှောင်ပုန်းနေသည်။ ပြီးတော့
ကုလားအုပ် စီးရသည်မှာလည်း စီးနေမကျသဖြင့် မသက်သာလှ။

ကုလားအုပ်ကြီးပေါ်စီးရသည်မှာ သင်္ဘောစီးရသလို လှိုင်းလုံး
သလို လူးလိမ့်လျက် ရှိနေ၏။

လှရှောင်ဖုန့်၊ ဆက်တူ၊ ကျိုပင်းရောက်နှင့် ရှောင်ပန်းတို့က
ကုလားအုပ်စီးနေကြသော်လည်း ဆက်တိုကတော့ မစီး၊ ကုလားအုပ်
နှင့်အတူ တစ်လှမ်းချင်းလျှောက်နေ၏။



တဖြည်းဖြည်းနှင့် ညဉ့်နက်လာပြီ၊ အအေးဓာတ်ကလည်း
လွန်ကဲလို့လာပြီ၊ ရှောင်ပန်းတစ်ယောက် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်
နေသည်။

"တို့ ဟိုရှေ့က သဲဂမူမှာ စခန်းချမယ်ဟေ့...."

ကျိုပင်းရက် ပြောလိုက်သည်။

သဲဂမူကို လေကွယ်ယူ၍ ကုလားအုပ်များဖြင့် ဝိုင်းထားစေ
လိုက်သည်။ ပြီးတော့ တဲဖျင်းကြီးတစ်ခု အမြန်ထိုး၍ အနားယူခိုင်း
လိုက်တော့သည်။

ကုလားအုပ်များ ဝိုင်းဝန်းထားပြီး မီးမွှေးကြရသည်။ မီးရတော့
ရေနွေးကြိုကြသည်။ ညလယ်စာအဖြစ် အရက်နှင့် ဆိတ်သားခြောက်
များ စားသောက်ကြသည်။

ဆက်တိုတစ်ယောက်မှာ ခပ်လှမ်းလှမ်းတွင် တစ်ယောက်တည်း
ထိုင်နေသည်။ သူ့မျက်နှာ အမူအရာမှာ တော်တော် ထူးဆန်းနေ၏။
သူ့အသွင်က သူတို့အနားကိုမကပ်ရဲသလိုလို၊ မကပ်ချင်သလိုလို၊ ဖြစ်
နေ၏။

ညဉ့်နက်၍ အားလုံးတဲဖျင်းကြီးထဲ ဝင်အိပ်သော်လည်း ဆက်တို
ကတော့ ကုလားအုပ်များနှင့်အတူသာ အိပ်စက်လျက်ရှိနေတော့သည်။

❋

နောက်နေ့မနက်....

နေမင်းကြီး ထွက်ပေါ်လာပြီ။

တကယ်တော့ သူ့နိုးဝိဇ္ဇာကြီး ကြယ်ချွေ ဆက်တူသည် ငယ်စဉ်ကစပြီး နေရောင်ကို အလွန် သဘောကျခဲ့သည်။ နေမင်းကြီး ထွက်လာသည်ကို တွေ့ရသည်နှင့် အလွန်ဝမ်းသာတတ်သည်။ ဤလောကတွင် နေရောင်ခြည်လောက် သာယာသော ပူနွေးသောအရာ မရှိဟု ယုံကြည်ထားလေသည်။

သို့ရာတွင် ယခုတော့ ထိုအထင်များ ပြေးလွင့် ပျောက်ကွယ်သွားရလေတော့သည်။

ဤမျှ ကြောက်စရာကောင်းသော နေရောင်ခြည်ကို တစ်သက်နှင့် တစ်ကိုယ် ဤတခါသာ ကြုံတွေ့ရခဲ့ရပြီ၊ ရေရေလယ်လယ် ကြုံတွေ့နေရပြီဟု ဆိုချင်သည်။



နေရောင်ခြည်မှာ သဲကန္တာရတစ်ခုလုံး မီးဟုန်းဟုန်းတောက်လု
ႏးပါးဖြစ်အောင် ပူပြင်းလှချေ၏။

မီးကဲ့သို့ ပူပြင်းသော သဲမီးပင်လယ်ကြီးပမာတည်း။

ပူလွန်းသဖြင့် အရက်ကိုပင် သောက်၍မရတော့၊ မသောက်ချင်တော့၊ အရက်ကြိုက်သူ တစ်ယောက်အဖို့ အရက်သောက်၍ မရဖြစ်နေခြင်းမှာ ဝေဒနာတစ်ရပ်ပင်။ အခံရခက်လှသည်။

လေ လုံး၀ မတိုက်။

သဲကန္တာရတစ်ခုလုံးမှာ ပူပြင်းလှသော နေရောင်ခြည်အောက်တွင် မီးငွေ့များ ထွက်မတတ်ရှိနေသည်။ သက်ရှိ လုံး၀မရှိသလို၊ ဘာကိုမျှ မတွေ့ရ၊ အငွေ့ပြန်နေသော သဲပြင်ကြီးသည် မျှော်လေမဆုံးတွေ့နေကြရသည်။

ဆက်တူမှာ ကုလားအုပ်ပေါ်မှ ခုန်ဆင်း၍ အော်ဟစ်ချင်စိတ်ပင် ပေါ်လာသည်။ ကြာလျှင် ရူးများ ရူးလေမည်လား မပြောတတ်ပေ။

ထိုစဉ်ပင် ညည်းညူသံကို ကြားလိုက်ကြရသည်။

ညည်းညူသံက သိပ်ကျယ်လောင်လှသည် မဟုတ်ပါ။ သို့ရာတွင် လုံး၀ တိတ်ဆိတ်ငြိမ်သက်နေသော သဲကန္တာရအတွင်းမို့ ပီပီသသကြီး ကြားကြရသည်။ အားလုံး ကြားကြရသည်။

"ဟော့....မင်းတို့အားလုံး ကြားကြရတယ် မဟုတ်လား...."

ဆက်တူက မျက်လုံးပြူး မျက်ဆံပြူးဖြင့် မေးလိုက်ရာ လူ...

ဖုန့်က ခေါင်းညိတ်ပြသည်။

"အေး....ကြားတယ်"

"လူတစ်ယောက် ညည်းညူနေတဲ့ အသံမျိုးပဲ....သေခါနီး...

တစ်ယောက် အသံပဲ....ဒီလူ သေတော့မှာပဲ...."

ဆက်တူက ပြောလိုက်၏။

"မ်းက ဘယ်လိုလုပ်ပြီး အသေအချာ ပြောနိုင်တာလဲ...

ကျိုပင်းရက်က အေးစက်စက် မေးလိုက်၏။

"ငါက လူမသတ်ရဲပေမယ့်...သေခါနီး လူတွေကိုတော့ မ...

ခဏ မြင်ဖူး တွေ့ဖူးပါတယ်...သေခါနီး ညည်းသံကိုလည်း ကြား...

တာပဲ....ဒီလူ ရေငတ်လို့ သေတော့မှာ အမှန်ပဲ...."

ထိုစဉ်ပင် ချောက်ချားဖွယ်ကောင်းသော ညည်းညူသံထ...

ပေါ်ထွက်လာပြန်၏။ သည်တခါ ပို၍ ကျယ်သည်။ ရှေ့လှမ်းလှ...

သံဂမူလေးတစ်ခု၏ နောက်ကွယ်မှ ထွက်ပေါ်လာခြင်း ဖြစ်ကြောင်း...

လည်း အသေအချာ မှန်းဆလို့ရကြသည်။

ကြယ်ချွေဆက်တူက ကုလားအုပ်ပေါ်မှ ခုန်ဆင်းလိုက်၏...

"ဟိုနားမှာပဲ လာဟေ့....တို့ သွားကြည့်ကြရအောင်...."

"သေခါနီး လူတစ်ယောက်က ဆန်းသလား .... ဘာ...



...ကြည့်စရာလိုလို့လဲ...."

ကျိုပင်းရက်က ခပ်အေးအေး ပြန်ပြောသည်။

"ဘာ...မင်း ဒီလိုပြောတယ် ဟုတ်လား....ဒုက္ခရောက်နေတဲ့

လူတစ်ယောက်ကို ကယ်ဖို့ မင်းလုံးဝ မစဉ်းစားဘူးလားကွ...."

ဆက်တူက ဒေါသဖြင့် အော်လိုက်၏။

ကျိုပင်းရက်ကတော့ မတုန်မလှုပ်၊ ခ[illegible]

"ခက်တာပဲ....ငါ့ အစောကြီးကတည်းက ပြောထားသားပဲ၊

ဒီလို သဲကန္တာရထဲမှာ ဒီလို သေခါနီးလူတွေ တစ်နေ့ဆယ်ယောက်

မက တွေ့နိုင်တယ်...တွေ့တိုင်း လိုက်ကြည့်ပြီး ကယ်နေမယ်ဆိုရင်

မင်းတခြားဘာမှ လုပ်မနေနဲ့တော့...."

ဆက်တူမှာ အံ့အားသင့်သွားသည်။ တုန်လှုပ်သွားသည်။

ကျိုပင်ရက်ကို မယုံနိုင်သလို ငေးကြည့်ပြီး

"ဒုက္ခရောက်နေတဲ့လူကို တွေ့ရက်သားနဲ့ တကယ်ပဲ မင်း

မကယ်ဘူး ဟုတ်လား"

"တို့...ဒီကိုလာတာ လူတွေကို ကယ်ဖို့ သက်သက်လာကြတာ

လား...."

ကျိုပင်းရက်က အေးအေးလေး ပြန်မေးသည်။

"မင်း သိပ်ရက်စက်တဲ့ ကောင်ပဲကွ...."

ဆက်တူက အော်သည်။

ကျိုပင်းရက်က ခေါင်းညိတ်သည်။

"အေး....ရက်စက်တယ်လို့ပဲ ပြောပြောကွာ....ရက်စက်တ ရက်စက်ရမှာပဲ...ဒီလို နေရာမျိုးမှာ အဲသလို ရက်စက်မှ အသက်တ ရှည် ရှင်နိုင်တယ်ကွ...တကယ်လို့ မင်း ဒီလိုဒုက္ခရောက်နေရင်လည် ဘယ်သူကမှ မင်းကို ကယ်မှာ မဟုတ်ဘူး...ရေပေးတိုက်မှာ မဟုတ ဘူး...ဘာကြောင့်လဲ သိလား...မင်းကို ရေပေးတိုက်ရင် သူရေငေ သေမှာပေါ့ကွ...."

, လုရှောင်ဖုန့်က ကျိုပင်းရက် စကားအဆုံးဝယ် ခေါင်းတစ်ချက ညိတ်ပြီး ပြုံးလိုက်သည်။ ပြီးတော့ တောင်းပန်သလို ကြည့်ကာ...

"တို့မှာ ရေတွေ လုံလုံလောက်လောက် ရှိနေတယ် မဟုတ လား...."

ကျိုပင်းရက် ခေါင်းခါသည်။

"မင်းတို့ မသိတာတွေ အများကြီးပါ...ဒီသဲကန္တာရမှာ လူအမျိုး မျိုး ရှိတယ်ကွ...မင်းတို့က သူ့ကို ကယ်ဆယ်လို့ သူက အင်အားပြည့် လာပြီး ဆိုပါတော့....အဲဒီအခါကျရင် မင်းတို့ကို မြန်မြန်သတ်ပြီ သောက်ရေနဲ့ အစားအစာတွေ လုသွားလေ့ရှိကြတယ်...."

"တို့သုံးယောက် အတူရှိနေမှတော့ ဘယ်လိုလူမျိုးက တို့သုံ



ယောက်ကို သတ်နိုင်ပါ့မလဲ...."

လုရှောင်ဖုန့်က ပြောလိုက်၏။

"သိပ်ဟုတ်တာပေါ့...ဘယ်လိုကောင်က တို့ကို သတ်နိုင်မှာ လဲ"

ဆက်တူကလည်း ဒေါသတကြီး အော်ဟစ်သည်။ ကျိုပင်းရက် ကိုလည်း မကျေမချမ်းဖြင့် ကြည့်လို့နေသည်။

"မင်း မဟုတ်တော့ဘူး...ငါ ကြည့်ရတာ ကြာလေ ရက်စက် တတ်လာလေပဲ....သိတ္တိကျတော့လည်း နည်းလာတယ်....အေးလေ လူတစ်ယောက် ချမ်းသာရင် ဒီလိုပဲ ဖြစ်တတ်လာတယ်ထင်ပါရဲ့...."

ကျိုပင်းရက် မျက်နှာတင်းမာခက်ထန်လို့ သွားသည်။ သို့ပေ မယ့် ဘာမှတော့ မပြော။

"အေး...မင်း သွားကယ်ချင် မကယ်ချင်နေ ငါကတော့ သွား ကယ်ရမယ်ဟေ့...."

"သွားရင်လည်း အားလုံး အတူတူသွားကြတာပေါ့ကွာ.... ဟုတ်လား...."

လုရှောင်ဖုန့်က ခပ်ပြုံးပြုံး ဝင်ပြောသည်။ ကျိုပင်းရက်ကိုလည်း ဖြောင်းဖျသလို ကြည့်နေသည်။

ကျိုပင်းရက်က ဘာမှတော့ ပြန်မပြော၊ သို့ရာတွင် ကုလားအုပ်

များကို ဂမူလေးဆီ ဦးတည်လိုက်လေသည်။

သဲဂမူလေးနောက် ရောက်သည်နှင့် ဒုက္ခသည်နစ်ယောက်ကို တွေ့ကြရသည်။ ထိုနှစ်ယောက်ကို မြင်သည်နှင့် လုရှောင်ဖုန့်တို့မှာ တုန်လှုပ်ချောက်ချားလို့ သွားကြသည်။

ထိုနှစ်ယောက်မှာ လူဟူ၍ပင် ပြောပြ၍ မယုံနိုင်လောက်အော ရုပ်ပျက် ဆင်းပျက်ဖြစ်လို့ နေသည်။ မြေကြီးတွင် တုပ်နှောင်ထားခြ ခံရပြီး အသားအရေမှာလည်း ပူပြင်းသော နေရောင်ခြည်ဒဏ်ကြော လောင်ကျွမ်းလို့ နေကြ၏။ တစ်ကိုယ်လုံး တွန့်လိမ်လျက်ရှိကြပြီ နှုတ်ခမ်းများမှာ ကွဲအက်လျက် ရှိနေကြသည်။ မျက်လုံးများမှာလည် မျက်ဖြူလန်နေသည်။ မှိုင်းမှုန်နေသည်။ ဝေဝါးနေသည်။

ဆက်တူမှာ ဆက်တို၏ မျက်လုံး ဘာကြောင့် ကန်းရသည်ကို ချက်ချင်း သဘောပေါက်သွားသည်။ ပူပြင်းလှသော နေရောင်ခြည် ကြောင့် ကန်းသွားရခြင်းပင် ဖြစ်ပေမည်။

ဆက်တိုမှာ တကယ်တော့ လောလောဆယ်ဖြစ်ရပ်များကို ဘာမှ မတွေ့။ ဘာမှ မကြားရပါ။ သို့ရာတွင် ဤနေရာ ရောက်လာ သည်နှင့် သူ့ကိုယ်မှာ တုန်ရင်လာသည်။ ကြောက်ရွံ့သည့် သွင်ပြင်က ပေါ်လာသည်။ သူ့တွင် ထူးဆန်းသော ခံစားချက်တစ်ခု ရှိနေ ည် အသွင်။



အန္တရာယ်ကို ကြိုတင်သိရှိလေသော အာရုံခံစားချက်မျိုး ဖြစ်လိမ့်မည်ဟု ယူဆရလေသည်။

✻ ✻ ✻ ✻ ✻

# အခန်း (၇)

လုရှောင်ဖုန့်နှင့်ဆက်တူတို့က ကြိုးများကို အလျင်အမြန် ဖြတ်
တောက်ပေးလိုက်ကြသည်။ ပြီးတော့ ထိုနှစ်ယောက်ကို စောင်ဖြင့်
ပတ်ထားပေးလိုက်သည်။ ရေစိမ်ထားသော မျက်နှာသုတ်ပဝါဖြင့်
ရေကို တစ်စက်ချင်း ချပေးပြန်သည်။

ထိုနှစ်ယောက်က ကွဲအက်နေသော ပါးစပ်ဖြင့် ရေစက်များကို
ဖြည်းဖြည်းချင်း မြိုချလို့နေသည်။ သတိတော့ ကောင်းကောင်းရသေး
ဟန် မတူ။

အတန်ငယ်ကြာမှ....

"ရေ....ရေ....ရေ"

တုန်ရီသော အသံက ခပ်တိုးတိုး ထွက်လာသည်။



ဆက်တူက သက်ပြင်းချသည်။

"စိတ်ချ.... စိတ်ချ.... ရေတွေ အများကြီးရှိတယ်.... မင်းတို့ နည်းနည်း သက်သာလာတာနဲ့ ရေကို အားရပါးရသောက် ဟုတ်လား"

ဆက်တူက ကြင်နာစွာ ပြောနေသည်။

မကြာခင်ပင် ထိုလူနှစ်ယောက်မှာ မျက်လုံး ဖြေးညင်းစွာ ပွင့်လာကြ၏။

"ဟေ့....မင်းတို့ ဘယ်လိုဖြစ်တာလဲ....ဘယ်သူက မင်းတို့ကို ကြိုးနဲ့ချည်ထားတာလဲ....မင်းတို့ ဘာအပြစ်တွေ ကျူးလွန်ခဲ့သလဲ ပြောစမ်း...."

ကျိုပင်းရက်က ခက်ထန်ထန် မေးလိုက်၏။ တစ်ယောက်က ခေါင်းကို ယမ်းခါပြီး....

"မဟုတ်....မဟုတ်ဘူး....လူဆိုး....လူဆိုးတွေ...."

"လူဆိုးတွေ ဟုတ်လား....ဘယ်မှာလဲ...."

ဆက်တူက ပတ်ဝန်းကျင်ကို ဝေ့ကြည့်ပြီး မေးလိုက်၏။ သေလုနီးပါး ဖြစ်နေသော လူနှစ်ယောက်က ရှေ့ဘက်သို့ လက်ညှိုး ညွှန်ပြသည်။ ပြီးတော့ ကြောက်ရွံ့ထိတ်လန့်ဟန်များ ပေါ်လို့လာသည်။ တစ်ကိုယ်လုံး တွန့်လိမ်နေကြသည်။ တုန်ခါလို့လည်း နေကြ၏။

သူတို့ ဆံပင်ကို သူတို့လက်ဖြင့် ဆွဲကုတ်ထားလိုက်ကြသည်။ ရှုးသွပ်သွားသည့်အသွင်မျိုး။

"မင်းတို့ တို့ကို ညာနေတာပဲ...ငါ သိရသလောက် ဒီနားမှာ ဘယ်လူဆိုးမှ မရှိဘူး...."

ကျိုပင်းရက်က အော်ပြောလိုက်၏။ ထိုနှစ်ယောက် ခေါင်းများကို ယမ်းခါကြသည်။ မပွင့်တပွင့် ညည်းသည်။ မျက်ရည်များပင် ထွက်ကျလာတော့ မယောင်ပင်။

"ဟေ့...ကြက်ဖအိုကြီး...ဒီလောက် ဒုက္ခရောက်နေတဲ့ လူတွေကို မင်းက ဘယ်လိုဆက်ဆံနေတာလဲကွ...သူတို့ ညာပြောတော့ကော တို့က အရေးစိုက်ရမှာလား...တစ်ကိုယ်လုံး အဝတ်အစားမရှိတဲ့ လူတွေက တို့ကို ဘယ်လို လုပ်ကြံနိုင်မှာလဲကွ...."

ဆက်တူက အော်ပြောသည်။

ကျိုပင်းရက် ဘာမှ မပြောတော့ပေ။ တကယ်တော့လည်း ဆက်တူ ပြောစကားမှာ မှန်နေပါ၏။ ဒုက္ခရောက်နေသော လူနှစ်ယောက်တွင် မည်သည့် အဝတ်အစားမှ မရှိ။ လက်နက်ဆိုတာ ဝေလာဝေး။ မည်သို့မှ လုပ်ကြံနိုင်စရာ အကြောင်း မမြင်။

"ဟေ့...ခြေခွေးကြီး၊ သူတို့ကို ရေများများ တိုက်လို့ပြီလား"

ဆက်တူက လုရှောင်ဖုန့်ကို လှမ်းမေးသည်။ လုရှောင်ဖုန့်တစ္ဆေ စဉ်းစားပြီး....

"နည်းနည်းပဲ သောက်နိုင်းပါဦး...မမျိုနိုင်ဘဲ ရှိနေဦးမယ်"

လုရှောင်ဖုန့်က ပြောပြောဆိုဆို ကုလားအုပ်ဘေးတွင် ချိတ်ထားသော ရေအိတ်များဆီ လျှောက်သွားသည်။

ထိုစဉ်မှာပင် သေလုမြောပါး ဖြစ်နေကြသော လူနှစ်ယောက်က တမုဟုတ်ခြင်း ထခုန်လိုက်ကြသည်။ ဆံပင်များ ဆုပ်ကိုင်ထားသော သူတို့၏ လက်များကိုလည်း ဝှေ့ရမ်းလိုက်ကြသည်။ သူတို့နှစ်ဦး၏ လက်ထဲမှ အညိုရောင် အလင်းတန်းများ လက်ခနဲ ပေါ်ထွက်လာသည်။

လျှို့ဝှက်လက်နက်များဖြင့် ပစ်ပေါက်လိုက်ပါပြီ။ လျှို့ဝှက်လက်နက်များကို ဆံပင်ထဲ ဝှက်ထားခြင်းပင်။

လုရှောင်ဖုန့်တို့ သုံးယောက်စလုံး သိလိုက်ပြီ။ သူတို့က သာမည သိုင်းသမားတွေမှ မဟုတ်ဘဲ။ ထိုနှစ်ယောက် လက်လှုပ်ရှားလိုက်သည်နှင့် လုရှောင်ဖုန့်တို့ သုံးယောက်မှာ ဆက်ရက်ငှက်များ အလား ခုန်ပျံထွက်သွားသည်။ သည်လို လူမျိုးတွေကို လျှို့ဝှက်လက်နက်ဖြင့် လုပ်ကြံ၍ မလွယ်ပါ။

တကယ်တော့လည်း လျှို့ဝှက်လက်နက်များကလည်း သူတို့ကို ပစ်ခတ်ခြင်း မဟုတ်ပါ။ ရေအိတ်များကိုသာ ပစ်ခတ်လိုက်ခြင်း ဖြစ်ပါ

လေ၏။

ပစ်မှတ်က မှန်သည်။ ပစ်ချက်က ပြင်းသည်။ ရေအိတ်မှ တဘုန်းဘုန်းအသံနှင့်အတူ အားလုံး ပေါက်ထွက်သွားသည်။ ရေများ ထွက်ကုန်သည်။

လူဆိုးနှစ်ဦးမှာလည်း တစ်မုဟုတ်ချင်း လှည့်ထွက်ပြေးတော့သည်။

ကြယ်ချွေဆက်တူ ရင်တစ်ခုလုံး ပေါက်ကွဲထွက်လာမတတ် ဒေါသထွက်သွားပါပြီ။ အော်ဟစ်၍ လွှားခနဲ ခုန်လိုက်သည်။ လုရှောင်ဖုန့်ကလည်း ရိပ်ခနဲသာ မြင်လိုက်ရသည်။ ရန်သူနောက် လိုက်သွားပြီ။

"ခွေးကောင်တွေ မင်းတို့ ထွက်ပြေးလို့ လွတ်မတဲ့လားကွ.... ဆက်တူရဲ့အသံ...."

ကျိုပင်းရက်ကတော့ မလိုက်ပါ။ ရေများကိုသာ ရသလောက် ယူရန် ပြေးသွားသည်။ အိတ်ကျန်လေးများ ရှိလိုရှိငြား ပြေးသွားသည်။

လူဆိုးနှစ်ယောက်မှာ လုရှောင်ဖုန့်နှင့် ဆက်တူတို့နှစ်ယောက် လက်မှ မည်သို့မှ လွတ်မြောက်မည် မဟုတ်ကြောင်း သူသိသည်။

တကယ်ပါ၊ ကျိုပင်းရက် သိထားသလို လူဆိုးနှစ်ယောက် ပြေးမလွတ်ပါ။ တစ်ယောက်မှာ တိုက်ခိုက်ရင်း သေသွားသည်။ တစ်ယောက်ကိုတော့ ဖမ်းထားလိုက်ကြသည်။



လုရှောင်ဖုန့်က ထိုသူကို မျက်တောင်မခတ် စိုက်ကြည့်သည်။ မျက်နှာမှာ အေးစက်စက်နှင့်။ ဒေါသကို ထိန်းထားရသည့်အသွင်ကလည်း ပေါ်သည်။

"ဘာလုပ်နေကြတာလဲ...သတ်လိုက်လေကွာ...ငါ့ကို သတ်ကြလေကွာ....မင်းတို့လည်း မကြာခင် သေကြမှာပဲဟာ...."

လူဆိုးက တုန်လှုပ်ချောက်ချားစွာဖြင့် အော်ဟစ်သည်။

"တို့ မင်းကိုမသတ်ပါဘူးကွာ...မင်းကို ဘယ်သူက ခိုင်းတယ်ဆိုတာကိုသာ ပြောပါ...."

လုရှောင်ဖုန့်က အေးဆေးစွာ မေးသည်။ လူဆိုးက ရယ်သည်။ အရူးတစ်ယောက်လို ရယ်သည်။

"ဟား....ဟား....ဟား....မင်းက မေးတယ် ငါကပြောရမယ် ဟုတ်လား.... ဟား....ဟား....ဘာလဲ မင်းက သူ့ကို သွားရှာမယ်ပေါ့ ဟုတ်လား...."

"ဟုတ်တယ်လေ...တို့ သွားရှာမှာပေါ့...ဒါ ရယ်စရာလားကွ"

လူဆိုးက ဘာမှမပြော၊ ရယ်လို့သာနေသည်။

"မင်းကို ခိုင်းတာ သဲကန္တာရဘုရင် ကျူစုဟော့ရဲ့သားလား"

ဆက်တူက မေးသည်။

"ကျူစုဟော့ .... ဟုတ်လား .... ဟား ဟား .... ဒီကောင်က

ဘာကောင်မို့လို့လဲ...သူလိုကောင်မျိုး ငါ့ဆရာက တံမြက်စီးလှဲဖို့တောင် မသုံးဘူး....ဟား ဟား"

လူဆိုးက ရယ်ရင်းပြောသည်။

"ဒါဖြင့် ဘယ်သူလဲ.... "

လုရှောင်ဖုန့်က မေးလိုက်သည်။

"မင်းတို့ သိပ်တွေ့ချင်ကြတယ်လား...စိတ်ချ မင်းတို့သေခါနီးကျရင် ငါ့ဆရာကြီးနဲ့ တွေ့ရမှာပေါ့....မင်းတို့လည်း အလွန်ဆုံးနေရ နောက်ထပ် လေးငါးရက်ပေါ့....ဒီထက်ပိုပြီး အသက်မရှင်နိုင်ပါဘူးကွ...."

လူဆိုးက ပြောစကားဆုံးသည်နှင့် အရုပ်ကြိုးပြတ်လဲကျ သွားတော့သည်။

လုရှောင်ဖုန့်က မျက်နှာပျက်သွားပြီး....

"ဟာ...ဒီကောင်က အဆိပ်ကို ပါးစပ်ထဲမှာ ငုံထားတာကိုး"

လူဆိုး သေဆုံးသွားပါပြီ၊ ချက်ချင်းပင် တစ်ကိုယ်လုံး ညိုမဲလို့ သွားသည်။

လုရှောင်ဖုန့်နှင့်ဆက်တူတို့မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး သက်ပြင်းကိုယ်စီ ချလိုက်မိကြတော့သည်။

ထိုစဉ်ပင် အနားသို့ ကျိုပင်းရက် ရောက်လာသည်။ လုရှောင်



ဖုန့်က နှာခေါင်းကို တစ်ချက်ပွတ်ပြီး ဘာပြောရမှန်းမသိဖြစ်နေသည်။ ကျိုပင်းရက်က သေဆုံးသူကိုသာ အကဲခတ်ကြည့်နေ၏။

ဆက်တူကတော့ မျက်နှာချိုသွေးရင်း....

"သူတို့က လျှို့ဝှက်လက်နက်တွေကို ဆံပင်ထဲဝှက်ထားတာကို ဒါပေမယ့် စဉ်းစားလို့မရတာက ဒီလောက်နေပူဒဏ်ခံထားပြီး အသားအရေတွေ တွန့်နေရက်နဲ့ အားရှိနေတယ်၊ ဘယ်လိုလုပ်အားအင်ရှိတာလဲ မသိဘူး...."

ကျိုပင်းရက်က ဘာမျှမပြောပါ။ အလောင်းကောင်၏ ဆံပင်ကို ရုတ်တရက် ဆွဲလှန်၍ ခွာချလိုက်သည်။ အရေခွံတစ်ချပ်က ထုးဆန်းစွာ ကွာကျလာတော့သည်။

ထိုအခါကျမှ သူတို့၏ ပင်ကိုယ်အသားအရေအစစ်ကို တွေ့ကြရကော့သည်။

❁ ❁ ❁ ❁ ❁

## အခန်း (၇)

ဆက်တူမှာ တစ်ခဏငေးကြောင်သွားသည်။ မျက်လုံးပြူးသွားသည်။

"လက်စသတ်တော့ ဒင်းတို့က ရုပ်ဖျက်ထားကြတာကိုး"

ဆက်တူ ရေရွတ်သည်။

ကျိပင်းရက် စကားတစ်ခွန်းမှ မပြော၊ ချာခနဲ လှည့်ထွက်သွားသည်။ ဆက်တူလိုက်သွားသည်။ လုရှောင်ဖုန့်ကလည်း ဖြည်းညင်းစွာ လျှောက်လှမ်း၍ လိုက်ပါသွားသည်။

ရေအိတ်များအားလုံး ပေါက်သွားသည်ကို တွေ့ကြရသည်။ ကံကောင်းထောက်မစွာဖြင့် ရေအိတ်တွင် ရေများ အနည်းငယ်ကျန်နေသည်ကို တွေ့ကြရသည်။



"တော်ပါသေးရဲ့ကွာ....ရေတွေကျန်သေးလို့"

ဆက်တူက ရေရွတ်သည်။ ဝမ်းသာအားရ ရေရွတ်သည်။ ကျိပင်းရက်က ထိုအိတ်ထဲမှ ရေများကို သဲထဲသွန်ချလိုက်၏။

"ဟော့....မင်း ဘယ်လိုလုပ်လိုက်တာလဲကွ"

ဆက်တူက အထိတ်တလန့် လှမ်းအော်သည်။ ကျိပင်းရက်ကာတစ်ခွန်းမှ ပြန်မပြော။

လုရှောင်ဖုန့်ကသာ ခေါင်းတစ်ချက်ညိတ်ပြီး....

"လျှို့ဝှက်လက်နက်မှာ အဆိပ်ရှိတယ်...အဆိပ်တွေက ရေထဲမှာ ခုဆိုပျော်ဝင်နေပြီပေါ့....ဒီရေတွေ ဘယ်လိုလုပ် သောက်မလဲ....သောက်လို့မရဘူး...."

ဆက်တူမှာ စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ သဲထဲကိုပစ်ထိုင်ချ...၏။

"ကဲ....တို့ ခရီးဆက်ကြစို့"

ကျိပင်းရက်က တည်ငြိမ်စွာဖြင့် ပြောလိုက်၏။

ဆက်တူက ထခုန်သည်။ သူ့အသွင်က စိတ်မထိန်းနိုင်တဲ့အသွင်။

"ဟော့ ဒီကိစ္စတွေအားလုံး ငါ့ကြောင့်ဖြစ်ရတာ၊ ငါမကောင်းလို့ဖြစ်ရတာ၊ ငါ မျက်စိကန်းလို့ဖြစ်တာ၊ ဟော့ကောင် ကြက်ဖအိုကြီး

ာင်းက ဘာဖြစ်လို့ ငါ့ကို မဆဲရတာလဲ၊ ဘာဖြစ်လို့ အပြစ်မတင်ရ
ဲ့ကွ...."

ဆက်တူက အော်ဟစ်သည်။

သည်တခါတော့ ကျိုပင်းရက်က ခေါင်းလှည့်လာသည်
ဆက်တူကို စိုက်ကြည့်ပြီး....

"မင်းကို ငါက ဆဲရမယ်လား....မင်းက ငါ့ကို ဆဲနိုင်းတ
ဟုတ်လား...."

"အေး...ဟုတ်တယ်...ဆဲစမ်းကွာ ကြိုက်သလောက်ဆဲ၊ ဒါ
ါ စိတ်သက်သာမှ"

ကျိုပင်ရက်က ခေါင်းယမ်းသည်။

"ငါ ဘာလို့ မင်းကိုဆဲ ရမှာလဲ...ဒုက္ခရောက်နေတဲ့လူကို က
တာ ကောင်းတဲ့အလုပ်ပဲ .... နောက်ပြီး မျက်စိကန်းတာ မင်းတ
ယောက်တည်းမှ မဟုတ်ဘဲ...."

ဆက်တူ ငြိမ်သွားသည်။ ဘာမှမပြောတော့။

လုရှောင်ဖုန်က ...ရှင်စွာနှင့် ဆက်တူ၏ပခုံးကို ပုတ်လို
သည်။

"ကြက်ဖအိုကြီးဟာ မင်းထင်သလို မုန်းစရာမကောင်းဘူး
တာ မင်းသိပြီ မဟုတ်လား ဆက်တူ...."



လုရှောင်ဖုန်က ပြောလိုက်၏။

ဆက်တူက ခေါင်းညိတ်ပြီး ပင့်သက်ရှည်ကြီး ချလိုက်လေ
သည်။

❋

ည ရောက်ပြန်ပြီ။

ည ရောက်သည်နှင့် လေအေးကို ရင်ဆိုင်ကြရပြန်ပြီ။ လေ အလွန်အမင်း အေးမြလှ၏။

သူတို့တတွေ မီးနားတွင် ထိုင်နေကြသည်။ ထိုင်သော်လည် စကားမပြောကြ၊ ငြိမ်သက်နေကြသည်။ စကားမပြောကြချေ။

သူတို့တတွေ စကားပြောချင်စိတ် မရှိအောင် ဖြစ်နေကြသည် စိတ်များ လေးလံထိုင်းမှိုင်းနေသည်။ နောက်ကျို၍လည်း နေကြသည်

'ရေ' သဲကန္တာရမှာ အရေးအကြီးဆုံး အသက်သွေးကြောဖြ တဲ့ရေ။ ယခု ရေကမရှိသလောက် ဖြစ်နေပြီ။ ကျိုပင်းရက်ကိုယ်ပေါ်တွ ချိတ်ဆွဲထားသော ရေဘူးတွင်သာ ရေတစ်ဝက် ရှိသည်။ ထိုရေ ဘာမှ မဖြစ်စလောက်။



ရေမရှိလျှင် မလွယ်၊ ရေမရှိလျှင် ဘာမှ လုပ်လို့မရ။

မျက်စိကန်း၊ နားကန်းနေသော ဆက်တိုမှာ မျက်နှာအသွင် ပြောင်းသွားပါပြီ။ လူဆိုးနှစ်ယောက်နှင့် ပြဿနာဖြစ်ပြီးနောက် သူ့ အနေနှင့် ဘာမှမတွေ့၊ ဘာမှမကြားသော်လည်း အသွင်ပြောင်းလဲသွား၏။ သူ့အသွင်သဏ္ဌာန်မှာ ချိန့်သလို ပျော့ခွေနေပြီး ကြောက်ရွံ့ဟန်များ လည်း ရှိနေသည်။

ဆက်တူတစ်ယောက်ကမူ ဒါကို သတိမထားမိ၊ သူ့ကိုယ်သူ စိတ်ဆိုး အပြစ်တင်နေလေသည်။

လုရှောင်ဖုန့်နှင့် ကျိုပင်းရက်တို့ နှစ်ယောက်ကမူ ဆက်တူအမူ အရာ ပြောင်းလဲနေသည်ကို သတိထားမိကြသည်။ သို့ရာတွင် မသိ ချင်ယောင်ဆောင်နေကြသည်။

သူတို့နှစ်ယောက် ရေဘူးတို့ကို ပစ်ဖောက်ခဲ့သော လျှို့ဝှက် လက်နက်အကြောင်း ဆွေးနွေးနေကြသည်။

လျှို့ဝှက်လက်နက်မှာ အပ်တစ်ချောင်းချောင်းပင် ဖြစ်သော် လည်း အပ်ဖျားတွင်ပါသော အဆိပ်မှာ ကြောက်စရာကောင်းလှသည်။ ပြင်းထန်သည့် အဆိပ်များပင် ဖြစ်လေ၏။

"အဆိပ်ဟာ....ကြောက်စရာကောင်းတာ မှန်ပေမယ့်....ဒီလို အဆိပ်မျိုး လုပ်နိုင်တာ ကြောက်စရာသိပ်မကောင်းလှဘူး....လက်

ကောက်ငယ်သားတွေကို သေရဲအောင် စိတ်ဓာတ်သွင်းပေးထား
ပိုပြီး ကြောက်စရာကောင်းနေတယ်....”

လုရှောင်ဖုန့်က ပြောလိုက်သည်။

“ဒီလူဟာ...ပုလဲနက် မဟုတ်ဘူးလို့ မင်းထင်နေလို့လား

ကျိုပင်းရက်က မေးသည်။

လုရှောင်ဖုန့်က ခေါင်းညိတ်သည်။

“ပုလဲနက် လုံးဝမဖြစ်နိုင်ဘူး...ပုလဲနက်က ဒီလောက် အ
အချင်းမရှိဘူး....ဒီလောက်လည်း မရက်စက်ဘူး....”

“ဒါဆိုရင်...ဘယ်သူဖြစ်နိုင်မလဲ...မင်း ဘယ်သူလို့ထင်သ

လုရှောင်ဖုန့်က စဉ်းစားလို့နေသည်။ အတန်ကြာတော့မှ

“အင်း...တွေးရတော့ ခက်သားပဲ...ဒါပေမယ့် ငါ့အထင်
ရရင်တော့...တို့ကို ရန်ရှာတဲ့လူဟာ မြေပြန့်ကနေ ဒီကိုရောက်လာ
အမှောင်ဂိုဏ်းက ထိပ်သီးသိုင်းသမား တစ်ယောက်များ ဖြစ်လေမလ
ပဲ...တို့ကို တစ်ခါတည်း မသတ်နိုင်မှန်းသိလို့ ထောင်ချောက်တွေ
ပြီး တို့ရဲ့ ရေအိတ်ကို ဖောက်ပစ်လိုက်တာ ရေမရှိတော့....တို့
သေရမှာပဲ မဟုတ်လား....”

“ဒါမှ မဟုတ်ရင်...တို့တွေ တစ်ခါတည်း သေသွားတာထ
တဖြည်းဖြည်း ဒုက္ခခံစားပြီး သေသွားစေချင်လို့လည်း ဖြစ်နိုင်တယ်



ကျိုပင်းရက်က ဖြည်းညှင်းစွာ ပြောလိုက်သည်။

“ငါ ဘာဖြစ်လို့ ဒီလိုတွေးထင်မိသလဲ ဆိုတော့”

လုရှောင်ဖုန့် ရုတ်တရက် စကားကို ရပ်လိုက်၏။

ကျိုပင်းရက်၏ မျက်နှာအမူအရာကြောင့် အံ့အားသင့်ပြီး စကား
ကို ရပ်လိုက်မိခြင်း ဖြစ်ပါ၏။ ကျိုပင်းရက်၏ တည်ငြိမ်သော
မျက်နှာဝယ် အလွန်ကြောက်မက်ဘွယ် ကောင်းလောက်အောင် စိတ်ဆို
ဒေါသထွက်နေသော အမူအရာ ပေါ်လွင်နေသောကြောင့် ဖြစ်လေ
သည်။ စိုးရိမ် ထိတ်လန့်ဟန်လည်း ပါဝင်နေသလိုပင်။

ကျိုပင်းရက်မှာ အလွန် စိတ်ဓာတ် ခိုင်မာသော လူတစ်ယော
ဖြစ်သည်။ ဤလိုလူမျိုးကို ကြောက်ရွံ့မှုဖြစ်စေအောင် လုပ်ဖို့က မလွ
ကုလု၊ ကျိုပင်းရက် စိုးထိတ်အောင် လုပ်နိုင်သူသည် သာမန်လူ မဖြစ်
နိုင်ချေ။

လုရှောင်ဖုန့် စိုးရိမ် ပူပန်မိသွားသည်။

“ဘယ်သူ့ကို မင်းထင်သလဲ”

လုရှောင်ဖုန့်က စူးစမ်းလိုက်ပါ၏။ ကျိုပင်းရက်မှာ ပြေ
ဟန်မတွေ့၊ တစ်ခုခုကိုတော့ ရိပ်မိထားသည့်အသွင်၊ သူက ဆက်
တစ်ချက်စေ့ကြည့်ပြီး မပွင့်တပွင့် ရယ်မောလိုက်ပြီးမှ....

“သူက ဘယ်သူပဲဖြစ်ဖြစ် တို့ကို ရှေ့တော်သေအောင် လု

မယ်လို့ ဒီကောင်ထင်ရင် မှားသွားမှာပေါ့....”

လုရှောင်ဖုန့် မေးသည်ကတစ်မျိုး၊ ကျိုပင်းရက် ဖြေသည် တစ်မျိုး၊ အမေးနဲ့ အဖြေမတူညီ၊ သို့ရာတွင် လုရှောင်ဖုန့် ဘာမှ ထ မမေးတော့ပါ။ သူကပါ ရယ်မောပြီး....

“မင်းတစ်ယောက်လုံး တို့နဲ့ ရှိနေမှတော့ ရေငတ်သေမှ မကြောက်တော့ပါဘူးကွာ....”

“နောက်ထပ် မိုင်ငါးဆယ်လောက်သွားရင် မြေအောက် ရေ ကြောတစ်နေရာရှိတယ်...အဲဒီနေရာကို ငါကောင်းကောင်း သိတာပေါ့”

ကျိုပင်းရက် ရယ်မောရင်း ပြောလိုက်လေတော့သည်။

✻ ✻ ✻ ✻ ✻

## အခန်း (၉)

နောက်တစ်နေ့ စိတ်ပေါ့ပါးစွာနှင့် ခရီးဆက်ကြသည်။ မဝေးကွာလှသော နေရာဝယ် မြေအောက်ရေကြော ရှိနေကြောင်း ကျိုပင်းရက် ပြောစကားအရ သိနေကြရာ စိတ်ရွှင်လန်းနေကြသည်။

သဲကန္တာရအတွင်းဝယ် ‘ရေ’ ရှိလျှင် လုပ်ချင်တာ အကုန်လုပ်လို့ ရနိုင်ပြီပဲ။

သူတို့ဆိုသည့်အထဲမှာ ဆက်တို မပါပါ။ ဆက်တိုမှာ ပို၍ အုံ့မှိုင်းလို့နေသည်။ စိုးရွံ့ထိတ်လန့်ဟန်ကလည်း မဖုံးကွယ်နိုင်အောင် ပေါ်လွင်နေသည်။

ဆက်တိုမှာ ဘာကိုမှ မမြင်ရသော်လည်း အန္တရာယ် အငွေ့

အသက်ကို တွေ့ထိ ခံစားနေရလေသလား လုရှောင်ဖုန့်က တွေးနေမိလေသည်။

သူတို့ရှေ့မှာ အိုမင်းခြောက်သွေ့နေသော သစ်ပင်တစ်ပင်၊ ကျိုပင်းရက်က အဖွဲ့ကို ရပ်စေလိုက်ပါပြီ။

ကျိုပင်းရက် သစ်ပင်ခြောက်ကို စိုက်ကြည့်နေသည်။ သစ်ပင်မှာ ပူပြင်းလာသော နေရောင်ကြောင့် ညှိုးနွမ်းသေဆုံးနေ၏။

ဆက်တူက ထိုနေရာကို စူးစူးစိုက်စိုက်ကြည့်ပြီး....

"ဒီနေရာမှာ ရေရှိသလား"

"အေး....ရှိတယ်"

"ဘယ်မှာလဲကွ....ဘာမှလည်း မတွေ့ရပါလား...."

ကျိုပင်းရက် ပြုံးလိုက်၏။

လုရှောင်ဖုန့်ကလည်း ပြုံးပြီး....

"ဟကောင်ရ.... ရေတွေကို မင်းတွေ့နေရမယ်ဆိုရင် အခု လောက်ဆို ဘယ်ရှိတော့မှာလဲ....တခြားလူတွေ ယူလို့ကုန်ပြီပေါ့.... မင်းအတွက် ကျန်တော့မှာတောင် မဟုတ်ဘူး...."

သူတို့ ရယ်မောမိလိုက်ကြသည်။

ထို့နောက် သဲမြေကို အားရဝမ်းသာ တူးကြတော့သည်။

သည်အခါ သူတို့ မရယ်နိုင်တော့ပါ။ ဝမ်းလည်း မသာနိုင်ကြတော့ပါ။ တစ်နာရီခန့် တူးသည့်တိုင် ရေကို မတွေ့ကြရပါ။ ရေတစ်စက်မှ မတွေ့ကြရပါ။



ကျိုပင်းရက် မျက်နှာပျက်သွားသည်။ ပြီးတော့ မှင်သက်မိသလို ငိုင်တွေသွား၏။ မတုန်မလှုပ် ကျောက်ရုပ်ဖြစ်လို့ သွား၏။

ဆက်တူက နဖူးမှ ချွေးများကို သုတ်လိုက်ပြီး စကားပြောရန် ပါးစပ်ဟလိုက်သည်။ သို့ရာတွင် ကျိုပင်းရက်၏ သွင်ပြင်ကို တွေ့ရှိလိုက်သည်နှင့် နှုတ်ဆိတ်သွားသည်။

အခြေအနေမှန်ကို နားလည်သွားကြရပြီ။ လုရှောင်ဖုန့်က ကျိုပင်းရက်ကို အကဲခတ်ပြီး နှစ်သိမ့်သော လေသံတိုးတိုးဖြင့်....

"မင်း အသေအချာ စဉ်းစားကြည့်ပါဦးလား...နေရာများ မှားနေသလား...."

"မင်းက ငါ့ကို မယုံဘူးပေါ့ ဟုတ်လား"

ကျိုပင်းရက် ထခုန်ပြီး အော်လိုက်သည်။ လုရှောင်ဖုန့် ဘာမှန် ပြန်မပြော၊ ငြိမ်နေလိုက်၏။ ကျိုပင်းရက် ရင်ထဲမှာ အလွန်အခံရ ခက်နေကြောင်း သိထားသဖြင့် စိတ်ငြိမ်သက်ရန် တိတ်တိတ်နေတာ အကောင်းဆုံးပင်။

"မြေအောက် ရေကြောက တစ်ခါတလေ ခမ်းခြောက်သွားတတ်တယ်...တစ်ခါတလေကျတော့ လမ်းကြောင်း ပြောင်းသွားတတ်

တယ်၊ အင်းပေါ့လေ...ဘုရားသခင်က ကျွန်တော်တို့ကို ကြည်စားလို့ သလို ဖြစ်နေပြီဆိုတော့ ဘာတတ်နိုင်တော့မှာလဲ...."

ရှောင်ပန်းက အေးဆေးစွာ ဝင်ပြောလိုက်သည်။ လုရှောင်ဖုန့် ခေါင်းညိတ်သည်။

"ဒါပေါ့ကွာ...."

"မင်း ငါ့ကို စိတ်ဆိုးသွားတာလား....စိတ်မဆိုးပါနဲ့ကွာ.... ငါ.... ငါ...."

"စိတ်မဆိုးပါဘူးကွာ...မင်း စိတ်ကို ငါနားလည်ပါတယ်.... ငါသာ မင်းနေရာမှာဆိုရင် မင်းထက်တောင် ပိုပြီး ဒေါသထွက်မှာပဲ"

ကျိုပင်းရက်က တောင်းပန်သဖြင့် လုရှောင်ဖုန့်က ခပ်ပြုံးပြုံးပြောရင်း နှစ်သိမ့်လိုက်ပါ၏။ ဆက်တူကတော့ ရယ်မောလိုက်ပြီး....

"သိပ်ဟုတ်တာပေါ့....ဘယ်သူမဆို စိတ်ဆိုးဒေါသထွက်တဲ့ အခါ သူငယ်ချင်းတွေအပေါ် စိတ်ဆိုးဒေါသထွက်တာပဲ .... ဒါကို သူငယ်ချင်းကောင်းတွေက ခွင့်မလွှတ်ဘူးဆိုရင် သူငယ်ချင်းကောင်း မဟုတ်တော့ဘူးပေါ့...."

သူတို့သုံးယောက်ကိုကြည့်ပြီး ရှောင်ပန်းရင်မှာ နွေးထွေးသော ခံစားချက်များနှင့် ပြည့်လျှမ်းသွားလေသည်။ ဒီသူငယ်ချင်းကောင်းတွေနဲ့သာ ငါပေါင်းသင်းရရင် သပျော်ပါပြီဟူသော အတွေးလေး.



ပန်း စိတ်မှာ ပေါ်ပေါက်လာမိလေသည်။

ထိုစဉ်အခိုက်မှာပင် ဆူညံသော မြင်းခွာသံများကို ရုတ်တရက် ကြားလိုက်ရသည်။ မမျှော်လင့်ဘဲ ဗိုဗိုသသ ကြားလိုက်သည်။

သူတို့အားလုံး အသံကြားရာကို ဇဝေကြည့်လိုက်ကြသည်။

အဝေးမှာ မြင်းအချို့ ဒုံးစိုင်းလာသည်ကို တွေ့မြင်ကြရသည်။ သွေးရူးသွေးတန်း ဒုံးစိုင်းလာကြသည့်အသွင်။

မြင်းများပေါ်တွင် လူများပါသည်။ အနောက်မှ ရန်သူလိုက်လာသဖြင့် ကြောက်အားလန့်အား ပြေးနေကြသည့်အသွင်။

လုရှောင်ဖုန့်တို့က သူတို့နောက်ကို လှမ်းမျှော်ကြည့်လိုက်ရမည်သည့်အဖွဲ့ကိုမှ မတွေ့ရ၊ လူရိပ်လူခြေပင် မတွေ့ရ။

"ဘယ်လိုဖြစ်တာလဲဟ...ဒါက ဘာဖြစ်တာလဲ...ဒီလူတွေက ဘာကို တွေ့လို့ ပြေးနေကြတာလဲ...."

ဆက်တူက ရေရွတ်သည်။

ကျိုပင်းရက်မျက်နှာမှာမူ အလွန်စိုးရိမ်ပူပန်နေသည့် အသွင် ပေါ်ပေါက်လာပြန်ပြီ။ စိတ်နှလုံးလေးလံနေသည့်အသွင်လည်း အထင်းသား။

"သဲကန္တာရထဲမှာ အမြဲတန်းထူးဆန်းတဲ့အဖြစ်တွေ ကြောက်စရာကောင်းတဲ့ အဖြစ်အပျက်တွေ ဖြစ်တတ်တယ်...အရေးကြီးတာက

တို့နဲ့မပတ်သက်ရင် အသာလက်ပိုက်ပြီးတော့တာ ကြည့်နေကြပေ တော့"

ကျိုပင်းရက်က တစ်လုံးချင်း လေးလေးနက်နက် ပြောလိုက်သည်။

သွေးရူးသွေးတန်းဖြစ်နေသော မြင်းများက သူတို့ရှိရာနေရာဘက်သို့ ဦးတည်လာနေကြသည်။

"တို့ဆီကို လာပြီကွ...."

ဆက်တူက ရေရွတ်သည်။

သွေးရူးသွေးတန်း ပြေးနေကြသော မြင်းများ အားပြတ်သည့်အသွင် ခွေခေါက်လဲကျကုန်သည်။ လူတွေလည်း လွင့်စင်သွားကြ၏။

မြင်းမှာ ငါးကောင်၊ လူကတော့ လေးယောက်။

လဲကျလွင့်စင်သွားသူများမှာ တမုဟုတချင်း ခုန်ထကြသည်။

သဲကန္တာရတွင် ကျက်စားလေ့ရှိသော လူများ မဟုတ်မှန်း မြင်သည်နှင့် သိသာသည်။ မြေပြန့်ကလူတွေပဲ ပြက်ပြက်ထင်ထင် မြင်ရသဖြင့် အသေအချာ အကဲခတ်ရာ အာမခံကုမ္ပဏီ တစ်ခုမှ အဝတ်အစား ဝတ်ဆင်ထားသော သိုင်းသမားများဖြစ်ကြောင်း တွေ့ကြရသည်။ ခါးတွင်လည်း ဓားများ ချိတ်ဆွဲလို့ ထားကြသည်။ သူတို့အသွင်ကို ကြည့်ရသည်မှာ ဝါရင့်သိုင်းသမားများသွင်ဟန်။



သို့ရာတွင် သူတို့လေးယောက်၏ အသွင်လောက် အုယား အားယား ကြောက်အားလန့်အား အသွင်မျိုးကိုမူ တစ်ချိန်တစ်ခါမျှ မမြင်ဘူးခဲ့ကြပေ၊ မတွေ့ဘူးခဲ့ကြပေ။

သူတို့တစ်ကိုယ်လုံးမှာ သဲအလိမ်းလိမ်း ပေကျံလို့နေကြသည်။ မျက်လုံးများမှာ ပြူးနေကြသည်။ ငေးတိငေးကြောင် အဝေးကို ကြည့်နေကြသည်။ ထိတ်လန့်ကြောက်ရွံ့ဟန်များက မထိန်းသိမ်းနိုင်လောက်အောင် ပေါ်ထွက်နေကြ၏။ ကိုယ်လုံးများမှာလည်း တုန်ခါလို့နေကြ၏။

ဆက်တူမှာ သည်မြင်ကွင်းကို မြင်တွေ့သည့်အခါ တုန်လှုပ်ချောက်ချားသွားသည်။ မည်သို့သော အခြင်းအရာကို တွေ့ခဲ့ရ၍ ဤမျှ ထိတ်လန့်ကြောက်ရွံ့နေကြပါသလဲ။ ဆက်တူ တွေးကြည့်နေ၏။

ဝ့်စဉ်ပင် ကြောက်ရွံ့ ထိတ်လန့် တုန်လှုပ်လျက်ရှိသော လူလေးယောက်သည် ရူးရူးဝါးဝါး အော်ဟစ်ကြသည်။ ပြီးတော့ ဓားများကို ဆွဲထုတ်ပြီး ဝှေ့ယမ်းခုတ်ထစ်လိုက်ကြသည်။

သူတို့က ရှိသမျှ အင်အားများကို အားကုန် အသုံးပြုပြီး တရစပ် ခုတ်ထစ်နေကြခြင်း ဖြစ်ကြ၏။

ရန်သူဘယ်မှာလဲ၊ မရှိပါ၊ သူတို့နှင့်ယှဉ်၍ တိုက်ခိုက်နေသူမရှိပါ။ သူတို့ဘာကို ခုတ်နေသနည်းဟု မေးလျှင် လေထဲက သဲတွေကို

ခုတ်ထစ်နေကြသည်ဟုသာ ဖြေရပေလိမ့်မည်။

တကယ်တော့ သူတို့အစွမ်းကုန် တိုက်ခိုက်နေသော ရန်သူမှာ သဲကန္တာရ လေထုကြီးသာ ဖြစ်နေပေသည်။

"ဘယ်လိုလဲဟ....ဒီကောင်တွေ သရဲသဘက်နဲ့ တွေ့နေကြတာလား...."

ဆက်တူက မအောင့်နိုင်ဘဲ ရေရွတ်လိုက်၏။ ကျိုပင်းရက် မျက်နှာမှာ တင်းမာ ခက်ထန်နေသည်။ ဘာမျှတော့ မပြော ရှောင်ပန်းမှမူ တုန်လှုပ်နေ၏။

လုရှောင်ဖုန့်ကတော့ ထူးဆန်းသော မြင်ကွင်းကို မကြည့်ဘဲ၊ ပို၍ ထူးခြားသည်ဟု သူ ထင်သော 'ဆက်တို' ကိုသာ ကြည့်နေ၏။

မည်သည့်အရာကိုမျှ မြင်နိုင်စွမ်းမရှိသော ဘာကိုမှ မကြားရသော 'ဆက်တို'မှာ တစ်ကိုယ်လုံး တုန်နေပါ၏။

ဆက်တို ဘာဖြစ်နေပါလိမ့်။ လုရှောင်ဖုန့် ဒါကိုပင် တွေးနေလေသည်။

သူခိုးကြီး ကြယ်ချွေဆက်တူကမူ မြင်ကွင်းကို ကြည့်ရင်း လက်ဖဝါးတွင် ချွေးများ ထွက်လာသည်။ နဖူးတွင်လည်း ချွေးများ သီးလာသည်။

တကယ်တော့ သဲကန္တာရသည် ရက်စက်လှသည့် ကြောက်မက်



ယ်ကောင်းသော အခြင်းအရာတို့ဖြင့် ပြည့်သိပ်နေသည်။

ယခု နှစ်ယောက်အားပြတ်၍ လဲကျသွားပါပြီ။ ကျန်နှစ်ယောက်သာ သွေးရူးသွေးတန်း ဆက်လက် ခုတ်ထစ်လျက်ရှိနေသည်။ နှစ်ယောက်မှာလည်း အားအင် ပြတ်လုနီး နေပါပြီ။ သူတို့၏ က်ရှုသံများမှာ ပြင်းလာသည်။ ကောင်းစွာပင် ကြားနေရသည်။ ည့်ရသည်မှာ လဲမကျမချင်း ခုတ်နေကြမည့်အသွင်။

"အို....ဒါ ကျားငါးကောင်း ဘိုတင်းရဲ့ဓားသိုင်းကွက်တွေပါ း...."

ကျိုပင်းရက် အံ့အားသင့်စွာ ရေရွတ်လိုက်၏။

"ဟုတ်တယ်...သူတို့ ကျားငါးကောင်ဂိုဏ်းက သိုင်းသမားတွေ ...ဘယ်လိုဖြစ်လာကြပါလိမ့်...."

လုရှောင်ဖုန့်ကလည်း ထောက်ခံသည်။

ဆက်တူက မျက်မှောင်ကုတ်သည်။ အသေအချာ အကဲခတ် သည်။ ဓားကွက်များကို လေ့လာသည်။ ပြီးတော့....

"ဟုတ်တယ်ဟေ့....သိပ်ဟုတ်တာပေါ့....ဒီလေးယောက်က ဂိုဏ်းထဲက အညံ့စား သိုင်းသမားတွေ မဟုတ်ဘူးကွ...."

"ကျားငါးကောင် ဂိုဏ်းဆိုတာ ဆွေးမျိုးသားချင်းတွေကိုသာ အစဉ်တစိုက် လက်ခံသင်ကြားပေးလေ့ ရှိတယ်ကွ....ဒီလေးယောက်

ဟာ ဂိုဏ်းခေါင်းဆောင် ဖန်ရှင်ရဲ့တူတွေ သားတွေပဲ ဖြစ်ရမယ်

ကျိုပင်းရက်က အနိုင်အမာ ပြောလိုက်၏။

လုရှောင်ဖုန့်က ခေါင်းညိတ်ပြီး....

"သူတို့ဂိုဏ်းက မြေပြန့်မှာ အာမခံဌာနတစ်ခု ဖွင့်ထား

နာမည်အတော်ကြီးတာပဲ.... သူတို့ဟာ အာမခံပစ္စည်းတစ်ခုပို့

သဲကန္တာရပဲ ရောက်လာတာ သေချာတယ်...."

"ဟုတ်မယ်ခင်ဗျ...ဒီလိုပဲဖြစ်ရမယ်...အာမခံဌာနက လူတွေ

သဲကန္တာရထဲမှာ ကုလားအုပ်မသုံးဘူး....မြင်းပဲ သုံးတယ်"

ရှောင်ပန်းကလည်း ဝင်ရောက် ထောက်ခံပြောဆိုသည်။

ထိုအခိုက်တွင်ပင် နှစ်ယောက်အနက် တစ်ယောက်က အ

ဟစ်၍ လဲကျသွားပြန်သည်။

ဆက်တူ မနေနိုင်တော့။ ဝုန်းခနဲ ခုန်ထပြီး....

"မြေပြန့်မှာ ဖန်ရှင်က သိုင်းသမားကောင်း တစ်ယောက်ပဲ

သူ့သွေးချင်းတွေ ဒီလိုဖြစ်နေတာ ငါကြည့်မနေနိုင်ဘူး.... ငါသူ

ကယ်မယ်ဟေ့...."

"ဘာပြောတယ်....သူတို့ကိုကယ်မယ် ဟုတ်လား....မင်း

ဘယ်လို ကယ်မှာလဲ....မင်း ကယ်နိုင်လို့လား...."

ကျိုပင်းရက်က အေးစက်သော လေသံဖြင့် မေးလိုက်၏



...ထွက်ရန် ပြင်နေသော ဆက်တူမှာ ခြေလှမ်းတန့်သွားသည်။

...ကြောင်အမ်းအမ်းလည်း ဖြစ်သွားသည်။

ထိုစဉ်ပင် နောက်ဆုံးကျန်သည့်လူ လဲကျသွားလေတော့သည်။

လုရှောင်ဖုန့်က အကဲခတ်သလို မြင်ကွင်းကို စေ့ကြည့်ပြီး....

"ဒီလူ လေးယောက်ဟာ တကယ်လို့ ရိုးရိုးသားသား အားပြတ်

...ပြီး လဲကျတယ်ဆိုရင် မသေနိုင်သေးပါဘူး...ဒါပေမယ့် ကြောက်စရာ

...ကောင်းတာက...."

"အိုကွာ....သူတို့သေသေ....မသေသေ တို့အရင် သွားကြည့်

...သင့်တယ်...."

ဆက်တူက အော်ပြောသည်။

"ခုသွားလို့ မဖြစ်သေးဘူး...."

ကျိုပင်းရက်က လေသံမာမာဖြင့် ပြောလိုက်၏။ ဆက်တူက

...လှောင်ပြောင်သည့် ဟန်ဖြင့် တစ်ချက်မဲ့လိုက်ပြီး။

"ဘာဖြစ်လို့လဲကွ...သူတို့ ဟန်ဆောင်လုပ်နေတယ်လို့ မင်းက

ထင်နေလို့လား...."

ထိုလူလေးယောက်မှာ မည်သည့်နည်းနှင့်မျှ ဟန်ဆောင်လုပ်ပြ

နေခြင်း မဖြစ်နိုင်ပေ။ ဤသို့သော အမူအရာမျိုးကို မည်သည့်နည်းနှင့်

မျှ ဟန်ဆောင်လုပ်ပြ၍ မဖြစ်နိုင်ပေ။ ဆက်တူက သည်တစ်ခါတော့

အပိုင်ဟုသည့် အမူအရာမျိုးဖြင့် ကျိုပင်းရက်ကို ကြည့်နေသည်။ အချ…ကို စောင့်နေ၏။

"ဒီလူလေးယောက် အလိုလိုနေရင်း ရူးသွားတာလား....ဒါ…မဟုတ် တစ်ယောက်ယောက်ရဲ့ လက်ချက်လား...."

ကျိုပင်းရက်က မေးသည်။

"သူတို့ကို တစ်ယောက်ယောက် လုပ်ကြံတဲ့လူ ရှိလို့ပေါ့"

ဆက်တူက ပြောသည်။

"သူတို့ကို လုပ်ကြံတဲ့လူက အကြောင်းမဲ့ လုပ်ကြံပါ့မလား"

"သူတို့ရဲ့ အာမခံပစ္စည်းကို လုချင်လို့ ဖြစ်နိုင်တာပေါ့...."

"အေး...ဟုတ်ပြီ...ခု ဒီလူတွေ လဲကျသွားပြီ...မလှုပ်နိုင်တော့ဘူး...ရန်မမူနိုင်တော့ဘူး...လုယူချင်တဲ့ပစ္စည်းကို လာမယူဘဲနေမလား။ တို့သာ အရင်သွားလိုက်ရင် တို့ကို သူတို့မြင်သွားမှာပေါ့...."

ကျိုပင်းရက် အချက်ကျကျ ပြောလိုက်သော်လည်း ဆက်တူက ပတ်ဝန်းကျင်ကို ဝေ့ကြည့်ပြီး။

"ဒါပေမယ့်....မင်းကြည့်စမ်း တို့ဘာမြင်ရသလဲ....ဘာကိုမှ မတွေ့ရ မမြင်ရဘူး မဟုတ်လား...သူတို့က ကိုယ်ပျောက်နေမှသာ"

ဆက်တူ စကားမဆုံးပါ။ အမဲအရိပ်တစ်ခုက ကောင်းကင်မှ ရုတ်တရက် ထိုးစိုက် ဆင်းသက်လာသည်။



သိန်းငှက်ကြီးတစ်ကောင် ဖြစ်ပါ၏။ သိန်းငှက်က လဲကျနေသူများအပေါ် ကောင်းကင်တွင် သုံးလေးပတ် ဝဲနေပြီးမှ အောက်သို့ ထိုးစိုက် ဆင်းလိုက်သည်။

ပြီးနောက် မြင်းတစ်ကောင်ပေါ်ရှိ အနီရောင် သေတ္တာကို ခြေဖြင့် ကုတ်၍ ပျံတက်သွားလေတော့သည်။

တယ်ပိုင်ပါလား။ သိပ်ကို ပီရိသေသပ်တဲ့ အကြံအစည်ပါကလား၊ လူတစ်ယောက်မှ မလွတ်ရပဲ အာမခံဌာနက အာမခံသေတ္တာကြီး ပါသွားပြီ။

လုရှောင်ဖုန့်က သက်ပြင်းချ၍ ရေရွတ်လိုက်၏။ ဆက်တူက လှမ်းကြည့်ပြီး....

"ဒီသေတ္တာထဲမှာ .... ရတနာပစ္စည်းတွေပါတယ်လို့ မင်းထင်သလား"

"ရတနာပစ္စည်း မဟုတ်လို့ အဝတ်အစားတွေ ပါတယ်လို့ မင်းထင်သလား...."

"ကဲ...သိန်းငှက်ကို လွှတ်တယ်ထားပါတော့...သိန်းငှက်က ရတနာသေတ္တာကို ဘယ်လိုလုပ်ပြီး သိသလဲ...ဒီရတနာသေတ္တာကိုမှ ဘာလို့ ယူသွားနိုင်ရတာလဲ...."

"ဒါကတော့ လွယ်ပါတယ်.... ဒီသေတ္တာပေါ်မှာ သိန်းငှက်

မှတ်မိနိုင်တဲ့ အမှတ်အသားတစ်ခုခု ရှိမှာပေါ့…သိန်းငှက်က လေ့ကျ
ထားတဲ့ သိန်းငှက်ပဲ…."

ဆက်တူ ဘာမှပြန်၍ ဆင်ခြေမပေးနိုင်တော့ ကျီပင်းရက်က
လုရှောင်ဖုန့်နှင့် ဆက်တူ စကားအဆုံးဝယ်….

"ကဲ…ဒီကောင်တွေ ပစ္စည်းရသွားပြီ…သူတို့ လာကြမှာမဟုတ်
တော့ဘူး…မင်းသွားကြည့်ချင်ရင် သွားကြည့်လို့ရပြီ ဆက်တူ"

ဆက်တူကို သွားကြည့်ခိုင်းသော်လည်း တကယ်တော့ အား
လုံး သွားရောက်ကြည့်ရှုကြလေသည်။

✱ ✱ ✱ ✱ ✱

## အခန်း (၁၀)

ကုလားငါးကောင်ဂိုဏ်းမှ သိုင်းသမား လေးယောက်အနက်
ယမသုံး… …မှာ သေဆုံးနေကြသည်။ နောက်ဆုံးတစ်ယောက်မှာမူ
အသက်မျှင်းမျှင်း ရှိနေသေးသည်။

ဆက်တူက ထိုသူ၏ ပါးစပ်ကိုဟ၍ နောက်ဆုံးလက်ကျန်
အရက်များကို လောင်းထည့်ပေးလိုက်သည်။ တစ်ခဏလေးနှင့် ထိုသူ
၏ နလုံးမှာ အခုန်မြန်လာသည်။

"မင်း…ဖန်ရှင်းရဲ့ သားလား…တူလား…သူနဲ့ ဘာတော်သလဲ၊
မင်းတို့ ဘယ်သူတွေနဲ့ တွေ့ခဲ့သလဲ…ဘယ်လိုအန္တရာယ် ကြုံခဲ့သလဲ"

ဆက်တူက ညင်သာစွာ မေးသည်။

ကျားငါးကောင် သိုင်းသမားမှာ လူးလွန့်လာသည်။ မျက်[illegible]
လာသည်။ သူ့မျက်လုံးတွင် အလွန်ကြောက်ရွံ့နေသေးသွင်ဟ[illegible]
အထင်းသား၊ သူ့ငယ်အိမ်မှာလည်း ထူးဆန်းစွာ ကျယ်နေသည်[illegible]

သူက ရန်းကန်နေသည်။ အသက်ပြင်းပြင်း ရှူနေသည်၊ မ[illegible]
တတ်ရပ်ချင်နေသည့် သွင်ဟန်မျိုးလည်း ပေါ်ပေါက်နေ၏။

ဆက်တူက ထိုသူ၏ နဖူးမှချွေးများ သုတ်ပေးရင်း အသံကျ[illegible]
ကျယ်ဖြင့်....

"မင်း ဘာဖြစ်လာသလဲ....ပြောလေ ပြောစမ်းပါ"

ကျားငါးကောင် သိုင်းသမား၏ လည်မြိုမှာ လှုပ်ရှားလာသည်[illegible]
မကြာခင် သူ၏ ခြောက်သွေ့သော နှုတ်ခမ်းကြားမှ အသံထွက်လာ[illegible]
သည်။ အလေသံက တိုးလွန်းလှသည်။ တိုးညှင်းလှပေမယ့် အသံမှ[illegible]
ကွဲအက်ပြီး မျှော်လင့်ချက် ကုန်ဆုံးသွားပြီ ဖြစ်တဲ့ လေသံမျိုး။

"သရဲ...သရဲ...ဟိုမှာ ဘီလူးကြီး....အိုး....ဘီလူးကြီး....အ[illegible]
ခုတ်သတ်ပစ်....ယား သတ်ပစ်"

"ဘီလူး ဟုတ်[illegible]....ဘယ်မှာလဲ....ဘယ်မှာလဲ...."

ထိုသူက ငေးကြောင်စွာနှင့် အဝေးကို မှိုင်းမှုန်နေသော မျက်လုံး
အစုံဖြင့်ကြည့်ပြီး ဆက်အော်ပြန်သည်။

"ဟော့...မင်းတို့ တို့ပစ္စည်းတွေကို လုဖို့မကြံနဲ့ မစဉ်းစားနဲ့...



မင်းတို့....မင်းတို့"

စကားမဆုံးပါ.... တိုးညှင်းသော စကားသံလေးပင် အဆုံး
မသတ်နိုင်ပါ...ဆတ်ခနဲ တုန်သွားသည်။ ပြီးတော့ လုံးဝ ငြိမ်သက်လို့
သွားတော့သည်။ အသက်မရှိတော့ပေ။

ရှောင်ပန်းခမြာ သဲပြင်ပေါ် မှိုင်တိုင်တိုင်ဖြင့် ပျော့ခွေထိုင်ကျသွား
သည်။ ပြီးတော့ တုန်ရင်လှိုက်မောသောအသံဖြင့်....

"ဒီလူ...ဒီလူ ကိုယ်ပျောက် ဘီလူးသဘက်တွေနဲ့ တွေ့လာတာ
ဖြစ်ရမယ်.... ဒီနားမှာပဲ ရှိ.... ရှိလိမ့်မယ်.... ထွက်ပြေးကြရအောင်
ကျွန်တော်တို့အားလုံး ဒီလို....ဒီလို ဖြစ်လိမ့်မယ်"

တကယ်တော့ ရှောင်ပန်း သွေးရူးသွေးတန်း ပြောနေမှန်း
ဆက်တူသိပါသည်။ သိပင်သိငြား အလိုလို ကြက်သီးထသွားမိပါ၏။

ဘာမှ မသိ၊ ဘာမှ မမြင် မကြားရသော ဆက်တိုမှာလည်း
မျက်နှာတွင် ချွေးသီးချွေးပေါက်များ ထွက်လျက် ရှိနေလေသည်။

လုရှောင်ဖုန့်ကတော့ တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေ
သလို ငြိမ်သက်နေသည်။

ကျိုပင်းရက်ကတော့ အလောင်းဘေးတွင် ဒူးထောက်ပြီး ကြည့်
ရှု လေ့လာလို့ နေလေသည်။

အတန်ကြာ ကြည့်ပြီးမှ ဖြည်းညှင်းစွာ မတ်တတ်ရပ်လိုက်

လေသည်။

လုရှောင်ဖုန့်က ကျိုပင်းရက်ကို အကဲခတ်လိုက်ပြီး....

"ဘာကြောင့် သူတို့သေတယ်ဆိုတာ မင်းသိပြီလား...."

ကျိုပင်းရက် ခေါင်းညိတ်သည်။

"အစာငတ်ပြီး အားပြတ်တယ်...အဲသလို ဖြစ်နေတုန်း ထူးဆန်းတဲ့ အဆိပ်တစ်မျိုးမိတယ်လို့ ထင်ရတာပဲ...အဆိပ်က ဘိန်းလို အဆိပ်မျိုး...လူကို မသေစေနိုင်ပေမယ့် သွက်သွက်ခါရူးသွားစေနိုင်တဲ့ အဆိပ်မျိုးပဲ...."

"အင်း...ဒီလူတွေကို လုပ်ကြံတဲ့ လူက ဒို့ကိုလုပ်ကြံတဲ့ လူပဲဖြစ်ရမယ် ..တို့လိုပဲ သူတို့ကို အရင်ဆုံး ရေပြတ်အောင် လုပ်ခဲ့တယ်ကွ"

လုရှောင်ဖုန့်က စဉ်းစားပြီး ပြောလိုက်ရာ ကျိုပင်းရက် ခေါင်းညိတ်သည်။

"ဟုတ်တယ်....ဒါ သိပ်ဟုတ်တာပေါ့"

"ရေမရှိတဲ့နောက် သူတို့ကို အဆိပ်တစ်မျိုး ခပ်လိုက်တာပဲ၊ အဲဒီ အဆိပ်မိပြီး သူတို့တွေ အာရုံထွေပြားသွားတာပဲ...သူတို့ မျက်စေ့ထဲမှာ မြင်သမျှ ရုပ်ပုံတွေ အများကြီး ဖြစ်လာပါလိမ့်မယ်...သရဲတစ္ဆေတွေက သူတို့ကို လိုက်နေတယ်လို့ ထင်နေကြပါလိမ့်မယ်...ဒါကြောင့် သူတို့ ကြောက်အား လန့်အားပြေးပြီး အားပြတ်သေဆုံးကြရတာပဲ"



လုရှောင်ဖုန့် စကားအဆုံးဝယ် ဆက်တူက တုန်လှုပ်သွားဟန်ဖြင့်....

"ဒါဖြင့်....ဒါဖြင့်....တို့....တို့ တကယ်လို့....ရေရှာမတွေ့ခဲ့ရင် သူတို့လို ဖြစ်သွားမှာပေါ့ ဟုတ်လား...."

လုရှောင်ဖုန့်နှင့် ကျိုပင်းရက်က အဖြေ မပေးကြချေ။ ဆက်တူက သူတို့နှစ်ယောက်ကို ကြည့်လိုက်၊ အလောင်းကောင်ကို ကြည့်လိုက်နှင့် လုပ်နေရာမှ ပင့်သက်ချသည်။

ပြီးတော့ နှုတ်ဆိတ်သွားသည်။

တကယ်တော့ သဲကန္တာရတွင် ရေမရှိလျှင် အသက်ရှင်စရာလမ်းမရှိတော့ပေ။

အားလုံး အတွေးကိုယ်စီနှင့် ငြိမ်သက်နေမိကြသည်။

သည်လိုဖြင့် ညရောက်လာလေပြီ။ လေအေးက တိုက်ခိုက်လာပြန်ပြီ။ အလောင်းများကို သဲတွင် မြှုပ်နှံကြသည်။ အလောင်းများမြှုပ်ပြီးသည့်နောက် ကျောက်တုံးကြီးတစ်ခုနားတွင် ထိုင်၍ နားလိုက်ကြသည်။

မည်သူမှ စကားမဟကြ၊ စကားပြောချင်စိတ်လည်း မရှိဖြစ်နေကြ၏။

ရှောင်ပန်းက အစာထုတ်သည်။ စားမည်ပြုသည်။ ကျိုပင်းရက်

က ရှောင်ပန်းလက်မှ အစာကို ပုပ်ထုတ်လိုက်ပြီး....

"ဒီအချိန်မျိုးမှာ အစာမစားရဘူး....ရေပိုင်တော်လိမ့်မယ်...."

ရှောင်ပန်း ငြိမ်သွားသည်။

ဆက်တူကတော့ ပြုံးပြီး....

"တို့ အလောင်းတွေ မြုပ်တုန်းက နောက်ဆုံး သေသွားတဲ့ အလောင်းကောင်ရဲ့ ပခုံးမှာ အသားတုံးတစ်ခု ပိုထွက်နေတာ ငါတွေ့လိုက်တယ် .... ကြက်ဥလောက်, ရှိတယ် .... ဝိုင်းဝိုင်းမာမာကလေး ရယ်စရာ ကောင်းတယ်ကွနော်...."

စကားမရှိ စကားရှာပြီး ဆက်တူ ပြောလိုက်ခြင်းဖြစ်သည်၊ သူ့ စကားကို မည်သူကမျှ အလေးအနက် မထား၊ ဂရုမစိုက်ကြပါ၊

ကျိုပင်းရက်က သက်ပြင်းချပြီး....

"တို့ကို ဒုက္ခပေးတဲ့လူဟာ အရင်တုန်းက ဆက်တိုကို လုပ်ကြံခဲ့တဲ့ လူပဲ...."

ဆက်တိုမှာ မျက်စိကန်း၊ နားကန်းသော်လည်း ကျိုပင်းရက်နှင့်မှ တစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်သော နည်းများ ရှိပေလိမ့်မည်။ ကျိုပင်းရက်နှင့် ဆက်တို့ အတွေးချင်း အသိချင်းဖလှယ်နိုင်ကြပုံပင်။

ကြယ်ချွေဆက်တူကတော့ သည်စကားကြောင့် တုန်လှုပ်သွား



သည်။ လုရှောင်ဖုန့်ကတော့ အံ့အားသင့်ဟန်ပင် မပေါ်။

"ဒါကို ငါစဉ်းစားပြီး အဖြေတွက်ပြီးပါပြီ"

လုရှောင်ဖုန့်က အေးအေးလေးပြောသည်။ ဒေါသကြီးလာသူက ဆက်တူ။

"ဒီကောင် ဘယ်သူလဲ....ဘယ်မှာလဲ"

ကျိုပင်းရက် ခေါင်းခါသည်။ သက်ပြင်းချသည်။

"သေတာတောင် ဆက်တိုက ဒီလူရဲ့နာမည်ကို မပြောဘူး.... ဒါကတော့ သေချာတယ်....ဒါပေမယ့် ငါသိရသလောက် ဒီလူဟာ သိပ်ကြောက်စရာကောင်းတာ အမှန်ပဲ...သူဟာ သိုင်းပညာရှင် ဖြစ်ရုံမကဘူး...သူ့ရဲ့တပည့်တွေကလည်း သူ့အတွက် အချိန်မရွေး အသေခံကြရတယ်...."

"သူ ဘယ်လောက် သိုင်းပညာတော်တော် ငါမကြောက်ပါဘူး၊ သူ့ရဲ့ ကောက်ကျစ်ယုတ်မာတဲ့ ဉာဏ်နီ ဉာဏ်နက်တွေကိုတော့ ငါကြောက်တယ်....တကယ်ပြောတာကွာ...ငါ အရှုံးပေးထွက်ပြေးချင်စိတ်တောင် ပေါက်လာပြီ...."

ဆက်တူက စိတ်ပျက် အားလျော့သံဖြင့် ညည်းညည်းညူညူ ပြောလိုက်လေသည်။

"တို့အတွက် အဓိကပြဿနာ မဟုတ်ပါဘူး .... ဆက်တိုနဲ့

ငါက ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ရေကိုတွေ့အောင် ရှာနိုင်ပါတယ်... ဒါပေမယ့် ခက်တာက ရန်သူက တို့ကို မဲနေတော့ တို့ဘာလုပ်လုပ် လိုက်ဖျက်မှာပဲကွ...."

ကျိုပင်းရက်က စကားဆုံးသည်နှင့် မျက်နှာအမူအရာက တစ်မျိုးပြောင်းသွားသည်။ သူ့ကိုယ်ဟန် တောင့်တင်းသွားသည်။

လုရှောင်ဖုန့်နှင့် ဆက်တူတို့နှစ်ယောက်ကလည်း ငြိမ်သက်သွားသည်။ ကိုယ်ကိုပင် မလှုပ်ကြတော့။

သုံးယောက်စလုံး ကျောက်ရုပ်လို ငြိမ်သက်သွားကြသည်၊ တစ်စုံတစ်ရာကို အသင့်စောင့်ဆိုင်းနေကြသည့် သွင်ပြင်များပင်။

သူတို့အသွင်က ဓားအိမ်မှ ထုတ်ထားသည့် ဓားလိုပင်၊ တိုက်ပွဲဝင်ရန် အသင့်အနေအထား။

မည်သို့သော အနေအထား ရှိနေရှိနေ ရန်သူဟူလျှင် ချေမှုန်းနိုင်ရန် အင်အားက ပြည့်လျက်ရှိနေကြပါသည်။

ဟော....လာကြပြီ။

စုစုပေါင်း လူနှစ်ဆယ်ခန့်၊ ခြေသံလုံလှသည်။ လေးဘက်လေးတန်မှ တဖြည်းဖြည်း ခြေသံမကြားအောင်ထိန်းပြီး ဝိုင်းလာကြသည်။

သို့ရာတွင် လုရှောင်ဖုန့်တို့လိုလူမျိုးများ ညာဖက်လို့ ရနိုင်



လား၊ မရနိုင်ပါ။ ဘယ်နေရာက ဘယ်နှစ်ယောက် လာနေသည်ကို ကောင်းကောင်း သိနေကြပြီ။

သူတို့သုံးယောက် ငြိမ်သက်လို့ နေကြ၏။ တစ်ယောက်နှင့် တစ်ယောက် စကားမပြောကြ။ အချက်ပေးခြင်းမရှိကြ။ သို့ရာတွင် တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်း သိကြသည်။ အရေးဆိုလျှင် တစ်ပြိုင်နက် လှုပ်ရှားကြမည်မှာ အမှန်။

ယခုတော့ သုံးယောက်စလုံး ခေါင်းငုံ့ပြီး နေကြ၏။ အိပ်ငိုက်နေကြသလိုလို၊ ရန်သူ တဖြည်းဖြည်း အနားကပ်လာကြပြီ၊ မျက်နှာဖုံးများ တပ်ဆင်ထားကြသည်။ အင်္ကျီအနက်များ ဝတ်ဆင်ထားကြသည်။

"မင်းတို့တွေ လိမ္မာကြတယ်ဆိုရင် ဒီလို ငြိမ်ငြိမ်ကလေး ထိုင်နေကြ...လက်မလှုပ်ကြနဲ့....မင်းတို့ကို မချောက်ချင်ပါဘူး...မပြောမဖြစ် ပြောရရင်တော့ မင်းတို့လက် လှုပ်တာနဲ့ အသက်ရှိကြတော့မှာ မဟုတ်ဘူး...."

တည်ငြိမ်အေးစက်သောအသံက ထွက်လာသည်။ လေသံကိုကြားသည်နှင့် ဝါရင့်တစ်ယောက်မှန်း အကဲခတ်မိလိုက်ကြသည်။

လုရှောင်ဖုန့်က မလှုပ်ပါ။

ထိုသူများက လျှို့ဝှက်လက်နက်ပုန်းများ ပစ်လွှတ်ရန်အသင့်ရှိ

နေကြ၏။

တစ်ယောက် လျှောက်ထွက်လာသည်။ စကားပြောသောလု ပင်။

"အေး....ကောင်းတယ်....မင်းတို့လိမ္မာကြတယ်....ကဲ....ဟို ပစ္စည်းကို ထုတ်ပေးပေတော့...."

လုရှောင်ဖုန့် ခေါင်းထောင်လာသည်။ ဘာပစ္စည်းပါလိမ့်၊ သူက ထစ်ထစ်ငေါ့ငေါ့ဖြင့်....

"တို့ပစ္စည်းတွေအားလုံး ကုလားအုပ်ပေါ်မှာ ရှိပါတယ်.... လိုချင်သလောက် ယူသွားပါ...."

ခေါင်းဆောင်ဖြစ်ဟန်တူသော ထိုသူက ပြုံးသည်။ အပြုံးက ခနဲ့ပြုံး....

"ဘာလို့ မင်း ဟန်ဆောင်နေရတာလဲ...ငါ ဘာတောင်းတယ် ဆိုတာ မင်းသိရက်သားနဲ့...."

"တကယ် မသိတာပါ...."

လုရှောင်ဖုန့်က ပြန်ပြောသည်။

"ဩော်....မင်းက လိမ်ပြောချင်တာကိုး....ကဲ...."

ထိုသူက ဒေါသထွက်ဟန်ဖြင့် ပြောပြောဆိုဆို လုရှောင်ဖုန့်၏ မျက်နှာကို လှဲရိုက်လိုက်၏။ လုရှောင်ဖုန့် လဲကျသွားသည်။



ထိုသူမှာလည်း ကြောင်နေ၏။

သူက လက်ဝါးနှင့်အသေအချာ ရိုက်လိုက်သည်။ အရိုက်ခံရ သူလည်း လဲကျသွားသည်။ သို့ရာတွင် လက်မှာ ဘာကိုမှ မထိသလို ဖြစ်နေ၏။ ဘာ ခံစားချက်မှ မရှိ။

ဆက်တူက ထိုလူ၏ အံ့ဩတွေဝေနေသော မျက်နှာကို ကြည့် ပြီး ကျိတ်ပြုံး ပြုံးသည်။

"လုရှောင်ဖုန့်လိုကောင်ကို မင်းလိုကောင်က ထိအောင်ရိုက်နိုင် ရင်....ဘုရားဖြစ်ပြီပေါ့ကွာ...."

ဆက်တူက စိတ်ထဲမှ ရေရွတ်လိုက်၏။

"တို့...ဒီပစ္စည်းကိုသာ လိုချင်တာပါ...ဒီပစ္စည်းရရင် မင်းတို့ကို ဘာမှ မလု ။....ချက်ခြင်း ပြန်သွားကြမှာပါ...."

ခေါင်းဆောင်လုပ်သူက ဆက်ပြော၏။ ပြီးတော့ စကားခဏ ရပ်ပြီး လုရှောင်ဖုန့်တို့ကို အကဲခတ်နေသည်။ မည်သူကမှ စကား မပြန်။

လူဆိုးခေါင်းဆောင်ကပင် ဆက်၍....

"တကယ်လို့ မင်းတို့ကသာ အသာတကြည် ပစ္စည်းထုတ်ပေး ရင်....ဘာမှ မလုပ်တဲ့အပြင် ရေအိတ်တွေ ပေးလိုက်ဦးမယ်...."

သူတို့အတွက် ရေမှာ အလွန်အရေးကြီးနေကြောင်း လူဆိုး

ခေါင်းဆောင် သိထားသဖြင့် သည်စကားပြောဆိုလိုက်ခြင်းပင် ဖြ
မည်။ သူ ပြောသော ပစ္စည်းရှိလျှင် လုရှောင်ဖုန့်တို့က ချက်
ထုတ်ပေးမည်သာ ဖြစ်၏။

ခက်သည်က ဘာပစ္စည်းမှန်းလဲ မသိ။ ဘာပစ္စည်းမှလဲ သူ
ရမထားကြပေ။

ကြယ်ချွေဆက်တူက သက်ပြင်းချပြီး....

"ခင်ဗျားတို့ ဘာလိုချင်တာလဲဆိုတာ ပြောပြစမ်းပါလား
ကျုပ်တို့မှာရှိရင် ချက်ချင်းပေးလိုက်ပါ့မယ်...ရေရှင် ကျုပ်တို့ ကျေ
လုပြီ...."

လူဆိုးခေါင်းဆောင် အကျီအနက်နှင့်လူက သူတို့ကို စူးစူး
အကဲခတ်ကြည့်ပြီး....

"မင်းတို့ တကယ်မသိတာလား...."

"ဒီ ပစ္စည်း ဘာလဲဆိုတာ တကယ်မသိတာပါ....ဘာပစ္စည်
လဲဆိုတာ သိတဲ့ကောင်ဟာ ....."

ဆက်တူက သို့ကလို ပြောလိုက်သဖြင့် လုရှောင်ဖုန့်မှာ ကျိတ်
ရယ်မောမိ၏။ ဒီကော သည်လို အချိန်မျိုးမှာတောင် ဆဲဖို့ မ
ဘူး။ တကယ့်ကောင်ပဲ။ စိတ်ထဲမှာ ကျေနပ်စွာ တွေးလိုက်၏။

အကျီနက်လူကတော့ ဆက်တူ သူ့ကို ဆဲလိုက်ခြင်းဖြစ်ကြောင်း



မသိ။ သူက....

"အပိုတွေ ပြောမနေကြပါနဲ့ကွာ.... မင်းတို့တွေ အလောင်း
ကောင်ရဲ့ ကိုယ်ပေါ်မှာ ဘာမှရှာမတွေ့ကြဘူးလား...ငါ မယုံပါဘူး
....သူတို့ကို သေသေချာချာ ရှာကြစမ်း...."

ဆက်တူ မျက်နှာတင်းမာသွား၏။ ကိုယ်လုံးမှာလည်း တောင့်
တင်းသွားသည်။ လုရှောင်ဖုန့်က ဆက်တူကို လှမ်းပုတ်ပြီး....

"သူတို့ ရှာချင်တာ ရှာကြပါစေ....ဘာမှ တွေ့မှာမှ မဟုတ်
ဘာ"

အမှောင်ရိပ်မှ လူအချို့ ထွက်လာကြ၏။ အကျီအနက်များပင်။
သူတို့ကို ရှာဖွေကြသည်။ စေ့စေ့စပ်စပ်ပင် ရှာဖွေကြသည်။

ဆက်တူမှာ စိတ်ကို ထိန်းထားလိုက်ရသော်လည်း လုရှောင်ဖုန့်
ကို မကျေမနပ်ဖြစ်နေသည်။ ဘာ့ကြောင့် ဒီလောက် သဘောကောင်း
နေရပါလိမ့်။ သူ မစဉ်းစားတတ်။

လုရှောင်ဖုန့် ဘာကြောင့် ငြိမ်ခံနေရသည်ကိုမူ ကျိုပင်းရက်သိ
သည်။ နားလည်သည်။ သဘောပေါက်သည်။ .

တကယ်တော့ လုရှောင်ဖုန့်မှာ ယခု ဖြစ်ပျက်နေသော ကိစ္စများ
ကို စိတ်ဝင်စားနေပါပြီ။ နောက်ဆုံး အဖြေပေါ်တဲ့အထိ သူလိုက်တော့
မည်မှာ အမှန်။

ရှာဖွေသူများ ပြီးသွားပြီ။ သူတို့ လိုချင်သော ပစ္စည်းမတွေ့

"ပစ္စည်းက အလောင်းတွေဆီမှာ ရှိမယ်ထင်တယ်...."

တစ်ယောက်က အော်ပြောသည်။

အလောင်းများကို ပြန်ဖော်၍ ရှာဖွေကြပြန်၏။ မတွေ့ကြ သူတို့ လိုချင်သော ပစ္စည်းမတွေ့ကြပါ။ အကျီနက်ဝတ်ဆင်ထား များ မျက်နှာပျက်နေကြပြီ။ ထိတ်လန့်သလို သွင်ဟန်များ ပေါ် သည်။ မတွေ့လေ မျက်နှာပျက်လေ ရှာလေ ဖြစ်နေကြသည်။ လုရော ဖုန့်တို့ကိုပင်လျှင် သတိမရကြသလို သဲကြီးမဲကြီး ရှာဖွေလို့နေ သည်။

"ခင်ဗျားတို့ ဘာရှာနေကြတာလဲ...ပြောနိုင်ရင် ပြောပြပါလား ကျုပ်တို့ပါ ကူရှာပေးနိုင်တာပေါ့...."

ကျိုပင်းရက်က ရုတ်တရက် လှမ်းမေးလိုက်ရာ စိုးရိမ်ပူပန်နေ သော ခေါင်းဆောင်ကလည်း လွှတ်ခနဲ အဖြေပေးလိုက်ပါ၏။

"မိုးသောက်ကြယ်...."

"မိုးသောက်ကြယ်....ဟုတ်လား....မိုးသောက်ကြယ်ဆိုတာ ဘာလဲ"

ဆက်တူက မျက်မှောင်ကုပ်ရင်း ပြန်မေးသည်။

"တို့လည်း အသေအချာမသိဘူး....ကျားငါးကောင်ဂိုဏ်းက

တွေ အဖိုးတန်ပစ္စည်းတစ်ခု စောင့်ရှောက်ယူလာမယ်.... ရတနာရဲ့ နာမည်က မိုးသောက်ကြယ်တဲ့...ဒါလည်း တို့သိတယ်"

လူဆိုး ခေါင်းဆောင်က ပြောသည်။

"ဩော်....ငါက ဘာများလဲလို့....ရတနာပစ္စည်းကိုး"

ဆက်တူက စိတ်ပျက်သလို ရေရွတ်သည်။ သူတို့အနေနှင့် သည့် ရတနာပစ္စည်းမှ တန်ဖိုး မရှိကြပေ။

"တို့က အမိန့်အရ ဒီပစ္စည်းကို လာလုတာပဲ....ပစ္စည်းက သေတ္တာအနီလေးထဲမှာ မရှိတော့ ခက်ကုန်တာပေါ့...."

ခေါင်းဆောင်လုပ်သူက စိုးရိမ်ပူပန်နေသဖြင့် အားလုံး ပြောပြ ၏။

"မိုးသောက်ကြယ် ဘယ်မှာရှိတယ်ဆိုတာ...တကယ်လို့ ကျုပ် သိတယ်ဆိုရင် ခင်ဗျားတို့ ရေနဲ့လဲနိုင်မလား...."

မမျှော်လင့်ဘဲ ဝင်ရောက်ပြောဆို မေးမြန်းလိုက်သူက ကျိုပင်း ရက်ပင်။ ထိုသူက တုန်လှုပ်သွားသည်။ ပြီးတော့ ဝမ်းသာအားရ အော်၍....

"ရမယ်....ရမယ်....ရေနဲ့လဲမယ်"

"ခင်ဗျားတို့မှာ တကယ်ရော ရေရှိရဲ့လား...."

"သိပ်ရှိတာပေါ့...."

"ဘယ်မှာလဲ ရှိရင်ပြပါလား...."

ကျိုပင်းရက် အကျပ်ကိုင်သည်။ ခေါင်းဆောင်လုပ်သူ
မျက်နှာတစ်ချက် ပျက်သွားပြီး ဒေါသဖြင့်....

"မင်းက ငါ့ကို မယုံဘူးပေါ့ ဟုတ်လား"

ကျိုပင်းရက် ဘာမှမဖြေ။ တခဏ စဉ်းစားနေပြီးမှ....

"အေးလေ...ခင်ဗျားကို ယုံပါတယ်....ကျုပ် မိုးသောက်ကြ
ကို အရင်ထုတ်ပေးပါ့မယ်....ခင်ဗျားကသာ ရေကို...."

"မင်းကသာ မိုးသောက်ကြယ်ကို ထုတ်ပေးပါ .... ရေ
ပြဿနာ မဟုတ်ပါဘူး...."

ထိုလူက ဝမ်းသာအားရ ကတိပေးလိုက်သည်။

အနားတွင် ရှိနေသော ဆက်တူမှာ အံ့အားသင့်နေပါ၏
ကျိုပင်းရက်က အဘယ်ကြောင့် ထိုလူမျိုး၏ စကားကို အလွယ်တ
ယုံကြည်နေရပါလိမ့်၊ ပြီးတော့ မိုးသောက်ကြယ်ကို ဘယ်လိုလုပ်
ရှာဖွေနိုင်ပါမည်နည်း။ ဆက်တူ စဉ်းစား၍မရ ဖြစ်နေ၏။ ဒီပစ္စည်း
'အရိပ်'မျှပင် သူတို့မတွေ့ဘူး။

ကျိုပင်းရက်ကမူ ခေါင်းတစ်ချက် ညိတ်သည်။ ပြီးတော
လုရှောင်ဖုန့်ကို လှည့်ကြည့်ပြီး တစ်ချက်ပြုံးသည်။ သူ့အသွင်
အလွန်သေချာနေသည့် သွင်ဟန်။



"ဟော့ကောင်...မိုးသောက်ကြယ် ဘယ်မှာရှိတယ်ဆိုတာ မင်း
ကယ်ပဲ သိသလားကွ...."

ဆက်တူက မနေနိုင်သဖြင့် လေသံတိုးတိုးဖြင့် မေးလိုက်သည်။
ကျိုပင်းရက်က ခေါင်းအသာညိတ်ပြီး။

"မင်း စောစောတုန်းက နောက်ဆုံးသေတဲ့....လူကို မြုပ်တယ်
ဟုတ်လား....သူ့ရဲ့ ပခုံးမှာ အသားပိုလို မာမာလုံးလုံးလေးတစ်ခု
ထွက်နေတာ တွေ့တယ်မဟုတ်လား....စမ်းမိတယ် မဟုတ်လား"

ဆက်တူက ကျိုပင်းရက် စကားကြောင့် ဘာမှနားမလည်သလို
ကြောင်အန်းအန်း ဖြစ်သွားလေသည်။

❀ ❀ ❀ ❀ ❀

## အခန်း (၁၁)

"ဟုတ်တယ်လေ....ငါ အသားပိုလို မာမာလေး စမ်းမိတယ် ဒါပေမယ့်...."

ဆက်တူ ဘာမှ နားမလည်သလို ရေရွတ်နေ၏။ ကျိုပင်းရက်က ဘာမှ နောက်ထပ်ရှင်းပြမနေပါတော့။ အလောင်းနားဆီ လျှောက်သွားသည်။ နောက်ဆုံး အသက်ထွက်သွားသော အလောင်းကောင်နား ထိုင်ချလိုက်သည်။ ပခုံးတစ်နေရာကို စမ်းသပ်ပြီး လက်ချောင်းဖြင့် ဖျစ်လိုက်၏။

ထိုအလောင်း၏ ပခုံးထဲမှ ဝင်းလက်သော အရာတစ်ခု ခုန် ထွက်လာသည်။



ထိုအရာကား ဒိုဥအရွယ်ခန့်ရှိသော စိန်တစ်လုံးပါ။ အရောင် တဖိတ်ဖိတ် တောက်လို့ နေသည်။

မိုးသောက်ကြယ်ကို သေတဲ့ကောင်က ပခုံးထဲမှာ ထည့်ချုပ် ထားတာကိုး၊ ဆက်တူက ခုမှ သဘောပေါက်သွားသည်။

တစ်ခဏ အားလုံး ကြောင်သွားကြ၏။ မှင်သက်မိသွားကြ၏။

ထိုစဉ်ပင် လူဆိုးခေါင်းဆောင်က လွှားခနဲ ခုန်၍ ကျိုပင်းရက် လက်မှ စိန်တုံး မိုးသောက်ကြယ်ကို လုယူလိုက်၏။

ကျိုပင်းရက်မှာ ကျောက်ရုပ်လိုပင် တစ်စက်ကလေးမှာ မလှုပ်၊ သူ့လက်ထဲမှ လုသွားသည်ကို ငေးကြောင် ကြည့်နေ၏။

လူဆိုးခေါင်းဆောင်မှာ ပစ္စည်းကို ဤမျှ လွယ်လွယ်ကူကူ ရလိုက်သဖြင့် ဝမ်းသာအားရ ဖြစ်သွားသည်။ ရှင်လန်းစွာ ရယ်မော လိုက်လေသည်။

ကြယ်ခွေ့ဆက်တူကမူ ကျိုပင်းရက် အပြုအမူကြောင့် အံ့အား လည်း သင့်သည်။ ဒေါသလည်း ထွက်မိသည်။ ဒါပေမယ့် အသာငြိမ် နေ၏။

"မိုးသောက်ကြယ်ကို ခင်ဗျားတို့ရပြီ မဟုတ်လား...ရေအိတ် ပေးလေဗျာ...."

ကျိုပင်းရက်က လှမ်းပြောလိုက်သည်။ လူဆိုးခေါင်းဆောင်က

ရယ်သည်။ အားပါးတရ ရယ်သည်။

"ခက်ပါပေ့ကွာ....တို့က အလုပ်ကိစ္စနဲ့လာကြတာ ဘယ်မှာ ရေပါမှာလဲ....ရေကိုလိုချင်ရင် ကိုယ့်ဖာသာကိုယ် ရှာကြပေတော့... မင်းတို့ကို တို့ သတ်မသွားတာ ကံကောင်းလှပြီမှတ်"

ပြောပြောဆိုဆို လူဆိုးခေါင်းဆောင်က သူ့လူများကို အချက်ပြ လိုက်သည်။ နောက် ရယ်မောရင်း ထွက်ခွာသွားကြလေသည်။

ဆက်တူမှာ ဒေါသမထိန်းနိုင်အောင် ဖြစ်နေသည်။ တမုဟုတ်ခြင်း စုန်ထမည်လုပ်သဖြင့် လုရှောင်ဖုန့်က ဆွဲထားရသည်။

ဘာကြောင့် ဒီနစ်ကောင် သည်နေ့မှ သတ္တိနည်းနေပါလိမ့်။ လိမ်ညာသွားသော လူတစ်စု ရယ်မောရင်း ထွက်သွားသည်ကို စိတ်ဆိုးဟန် လုံးဝမရှိကြပါလား။

ဆက်တူ ဒေါသမထိန်းနိုင်တော့ပါ။ မဲ့ပြုံး ခနဲ့ပြုံး ပြုံးပြီး ဒေါသသံဖြင့်....

"ရယ်ချင်တယ်ကွ .... သိပ်ရယ်ချင်တယ် .... နာမည်ကျော် လုရှောင်ဖုန့် ဒီနေ့ သိပ်သတ္တိကြောင်တယ်....ကိုယ့်ကိုကိုယ် သိပ် လည်လှတယ်လို့ ထင်နေတဲ့ ကျိုပင်းရက်ကလည်း သူများရဲ့ အညာကို ခံလိုက်ရတယ်.... ငါ သိပ်ရယ်ချင်တယ်ဟေ့...."

"ငါ....ဘာအညာခံရလို့လဲ...."



ကျိုပင်းရက်က မထုံတတေး ပြန်မေးလိုက်သည်။

"မိုးသောက်ကြယ် ဘယ်မှာရှိတယ်ဆိုတာ မင်းစဉ်းစားနိုင်တော့ ဒါကို သူတို့ပေးလိုက်လို့လည်း ရေမရနိုင်ဘူးဆိုတာ မင်းမစဉ်းစားမိဘူးလား...."

"သူတို့မှာ လုံးဝ ရေမပါဘူးဆိုတာ ငါအစောကြီးကတည်းက သိတာပဲကွ...."

"မင်း အစောကြီးကတည်းက သိရင်....ဘာလို့ မိုးသောက်ကြယ်ကို ပေးလိုက်ရတာလဲ...လုပ်မနေနဲ့ ခုမှ အရှက်ပြေ ပြောမနေနဲ့"

ဆက်တူက ဒေါသဖြင့် အော်သည်။

ကျိုပင်းရက်က ပြုံးသည်။

"ရေက သဲကန္တာရမှာ သွားလာနေရင် အရေးအကြီးဆုံးပဲဆိုတာ မင်းလည်းသိတာပဲ...ဒီလူတွေက ရေမပါဘူး...ပြီးတော့ လာကြတာ ခြေလျင်....မြင်းတောင် ပါမလာကြဘူး...ဒီတော့ ဒီလူတွေ ဒီနားပတ်ဝန်းကျင်မှာနေတဲ့ လူတွေဆိုတာ အထင်အရှား သက်သေပြနေတာပေါ့"

ဆက်တူ မငြင်းနိုင်။ တစ်ခဏ စဉ်းစားပြီး ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်ရသည်။

"ပစ္စည်းရတာနဲ့ သူတို့ချက်ချင်း ပြန်ပြီး ဆရာကိုသတင်းပို့ဖို့ပဲ

မဟုတ်လား...."

"ဟုတ်ပြီ...ဟုတ်ပြီ...သူတို့ကို ခြေရာခံလိုက်ရင် သူတို့နေရာ ရောက်ရမှာပဲပေါ့....သူတို့စခန်းကို ရောက်ရမှာပဲပေါ့....လုပ်ကြတဲ့ လူကို တို့စောင့်နေမယ့်အစား သူ့ကိုသွားရှာတာ ပိုကောင်းတာပေါ့၊ အေး....ငါ သဘောပေါက်ပြီ...."

ဆက်တူက ရှင်လန်းစွာ ရယ်မောရင်း နောက်ယောင်ခံလိုက်ပါ သွားလေတော့သည်။

သူတို့အားလုံး အလျှင်အမြန် နောက်ယောင်ခံ လိုက်ပါသွားကြလေတော့သည်။

မကြာပါ။ ဝေးဝေးလံလံ မလိုက်ကြရပါ။ သူတို့လို ထိပ်သီးများ အနေဖြင့် ခြေရာခံ လိုက်သွားသည့် ကိစ္စမှာ အသေးအမွှားကိစ္စပင်။

သစ်သားအိမ်တစ်လုံးကို တွေ့ကြရသည်။ တစ်ချိန်သောအခါက နယ်ခြားတပ်များ ကင်းစောင့်သောနေရာဖြစ်သော်လည်း ယခုမူ လူဆိုးစားပြတို့စခန်း ဖြစ်နေဟန်တူသည်။

ဟောင်းနွမ်းလှသော သစ်သားအိမ်အတွင်းမှ မီးရောင်ပျပျထွက်ပေါ်နေလေသည်။ မလှမ်းမကမ်းတွင် ခြောက်သွေ့နေသော သစ်ပင်အို သုံးပင်ရှိနေရာ လုရှောင်ဖုန့်တို့က ထိုနေရာသို့ အလျှင်အမြန်သွား



ရောက်၍ ပုန်းခိုနေလိုက်ကြသည်။

ထိုစဉ်ပင် အင်္ကျီအနက် ဝတ်ဆင်ထားသူများ ဆူညံစွာနှင့် အိမ်လေးထဲ ပြေးဝင်သွားကြသည်ကို ပြတ်ပြတ်ထင်ထင်မြင်လိုက်ကြရသည်။ သူတို့အသွင်က ဆရာ့အလိုကျ ဆောင်ရွက်ပြီးစီးသဖြင့် မျက်နှာလို မျက်နှာရ လုပ်ကြတော့မည့်အသွင်။

သို့ရာတွင် တစ်ခဏချင်းပင် ဆူညံနေသောအသံများ ငြိမ်သက်တိတ်ဆိတ်လို့ သွားကြ၏။

ပြတင်းပေါက်မှ မြင်ရသည်မှာ အားလုံး ခေါင်းငုံ့ငြိမ်သက်ပြီး တစ်ခုခုကို အလေးအနက် ထားနေသလိုပင်။

"အင်း....ဒီအိမ်ထဲမှာ သူတို့ရဲ့ခေါင်းဆောင်ရှိနေတယ်ကွ"

"အေး ဟုတ်တယ်"

ဆက်တူ စကားဆက်ပြောမည် ပြုစဉ်ပင် သာယာငြိမ့်ညောင်းသော တေးသံက ရုတ်တရက် ပေါ်ထွက်လာသည်။

အသံက ထူးဆန်းလှပါ၏။ ထိုတေးသံကို ကြားရသည်နှင့် သွေးတိုးလာရသည်။ နှလုံးခုန်ပိုမြန်လာသည်။ တစ်ကိုယ်လုံးလေမှာ လွင့်နေသလို ပေါ့ပါးလာသည်။ စိတ်အလျဉ် လွင့်မျောနေသလိုလို၊ နတ်ပြည်ကိုပဲ ရောက်နေသလိုလို။

အိမ်လေးထဲမှ အင်္ကျီနက်လူများမှာ ထိုတေးသံကြောင့် ကိုယ်

လုံးတွေ တုန်နေကြသည်။ ထပြီး 'က'တော့ မလိုပင်။

ထိုစဉ်မှာပင် သူတို့အားလုံး လဲကျသွားသည်ကို လုရှောင်ဖုန့်တို့ တွေ့မြင်လိုက်ကြရသည်။

ဆက်တူမှာ ထိုဂီတသံကြောင့် မျက်နှာထူပူပြီး သွေးများ ဆူကြလာသည်။ သူစိတ်ကို ချက်ခြင်း ထိန်းလိုက်ရသည်။

"ဒါက ဘယ်လိုဖြစ်တာလဲကွ"

ဆက်တူ တအံ့တဩမေးသည်။ ကျိုပင်းရက် မဖြေ။ လုရှောင်ဖုန့်ကတော့ ဆတ်ခနဲ ခုန်ထွက်လိုက်ပြီ။

"လာဟေ့ အခြေအနေ မဟုတ်တော့ဘူး...မကောင်းတော့ဘူး"

ပြောပြောဆိုဆို လုရှောင်ဖုန့် အိမ်ထဲဆီသို့ ခုန်ပျံဝင်သွားသည်။ ဆက်တူလည်း လွှားခနဲ ခုန်သွားသည်။

လုရှောင်ဖုန့်က ပြတင်းပေါက်ဆီ ရောက်သွားသည်။ အတွင်းကို မျှော်ကြည့်လိုက်စဉ်ပင် ဆက်တူက တံခါးကို ခြေဖြင့် ဆောင့်ကန်ဖွင့်လိုက်ပြီး ဖြစ်သည်။

"ဟေ့....ထွက်ပြေးဖို့ မင်း မကြိုးစား...."

ဆက်တူ စကားအဆုံးမသတ်ဘဲ ရပ်သွားရ၏။ သူ ဘယ်သူ့ကိုမှ မပြောနိုင်တော့ပါ။

အခန်းတွင်းမှာ အားလုံးလဲကျနေသည်။ လူနှစ်ဆယ်ခန့်မှာ



သေဆုံးနေပါပြီ။

တစ်ခန်းလုံးမှာ အသက်ရှင်နေသူ တစ်ဦးတစ်ယောက်မှ မတွေ့ရ။ အားလုံး တွန့်လိမ်လျက် သေဆုံးနေကြ၏။ မျက်နှာများမှာ ထူးဆန်းစွာ တောက်ပနေကြသည်။ နာနာကျင်ကျင် မခံစားရဘဲ ပျော်ရွှင်စွာ အသက်ထွက်သည့် သွင်ပြင်များကို တွေ့ကြရသည်။

အခန်းအလယ်တည့်တည့်တွင် စင်ကြီးတစ်ခုရှိသည်။ ထိုစင်ပေါ်တွင် ရုပ်ထုကြီးတစ်ခု ရှိနေလေသည်။

"တို့ လိုက်လာတာသိလို့ ဆက်ပြီး နောက်ယောင်ခံမလိုက်နိုင်အောင်....သူ့လူတွေ သူပြန်သတ်ပြီး ထွက်ပြေးသွားတာပဲ...."

လုရှောင်ဖုန့်က ပင့်သက်ချပြီး ပြောလိုက်၏။

"သူတို့ကိုယ်မှာ ဘာဒဏ်ရာမှလည်း မရှိပါလား...."

"ဒီမှာ လျှို့ဝှက်ချက်တစ်ခုခုရှိမှာပေါ့...သိပ်ကို စိတ်ရွှင်မြူးစေတဲ့ တေးသံက တကယ်တော့ လူသတ်လက်နက်ပဲ ဖြစ်မှာပေါ့...."

လုရှောင်ဖုန့်က လေးကန်စွာ ပြောလိုက်၏။ သူ့မျက်နှာမှာလည်း တစ်ခုခုကို စိုးရိမ်နေသည့်အသွင်။

ထိုစဉ်မှာပင်....

"ဆက်တို....ဆက်တို....သူ....သူ ရူးသွားပြီ"

အပြင်ဘက်ရှိ ရှောင်ပန်း၏ စူးစူးဝါးဝါး အော်သံလုရှောင်ဖုန့်

တို့ ထိတ်လန့်တုန်လှုပ်စွာဖြင့် အပြင်ကို ခုန်ထွက်လိုက်ကြသည်။

ရှောင်ပန်းမှာ ကတုန်ကရင် ဖြစ်နေသည်။ ချွေးသီးချွေးပေါက်တွေ ရွှဲနေသည်။ ပါးစပ်မှာလည်း အဆက်မပြတ်အော်နေသည်။

ကျိုပင်းရက်က ပါးကို ဖျန်းခနဲရိုက်လိုက်မှ အအော်ရပ်သွားသည်။ သတိ ပြန်ဝင်လာသည်။

"ဆရာတို့ ဒီဆိုင်ထဲဝင်သွားကြတော့...ကျွန်တော်နဲ့ ဆက်တိုတို့ကလည်း လိုက်ဝင်မလို့ လျှောက်လာခဲ့ကြပါတယ်.... ဒီတံခါးနားရောက်တာနဲ့ ဆက်တိုက တုန်ခါသွားပြီ တစ္ဆေသရဲ တွေ့သလို လှည့်ပြီး ပြေးတော့တာပဲ....သူ့ မျက်နှာ သိပ်ကြောက်စရာကောင်းတာပဲ"

ရှောင်ပန်းက ထစ်ထစ်ငေါ့ငေါ့ ပြောပြသည်။

မယုံနိုင်စရာပါလား။ မျက်ကန်းက မည်သို့သော ကြောက်စရာကောင်းသည့် အခြင်းအရာကို မြင်နိုင်ပါဦးမှာနည်း။ စဉ်းစားလို့ အဖြေမပေါ်နိုင်။

မည်သူမျှလည်း အချိန်ကုန်ခံ စဉ်းစားမနေကြပါ။ ဆက်တိုနောက်သာ ပြေးလိုက်သွားကြသည်။

ဆက်တို မည်သည့်အရာကိုမှ မမြင်။ မည်သည့် အသံကိုမှ မကြားရသော ဆက်တိုက သွေးရူးသွေးတန်း ပြေးနေလေသည်။ သူ့အသွင် မြင်ရသည်ကပင်လျှင် ရန်တုန်စရာ ကောင်းနေ၏။



လုရှောင်ဖုန့်နှင့် ကျိုပင်းရက်တို့က ဆက်တိုကို မီသည်နှင့် [...]ချုပ်ထားလိုက်ကြသည်။ ဒဏ်ရာရထားသော ကျားတစ်ကောင်လို [...]တို့ အတင်းရုန်း၍ ထွက်ပြေးပြန်၏။

အရူးအမူး သွေးရူးသွေးတန်း ဖြစ်နေသော ဆက်တိုကို [...]ရှောင်ဖုန့်နှင့် ကျိုပင်းရက်တို့ မထိန်းချုပ်နိုင်ဘဲ ဖြစ်နေရာ ကြယ်ချွေ[...]တ်တူ ရောက်မှ သုံးယောက်သား ဝိုင်းချုပ်နိုင်တော့သည်။

ဆက်တိုက အတင်းရုန်း၍ ထွက်ပြေးရန် ကြိုးစားသေးသည်။ [...]ပင်းရက်က သူ့လက်ဖဝါးကို အသာဆုပ်ကိုင်လိုက်မှ ငြိမ်သက်သွား[...]သည်။

ဒါက ကျိုပင်းရက်နှင့် ဆက်တိုတို့ စကားပြော ဆက်သွယ်သော [...]နည်း ဖြစ်လိမ့်မည်။ လုရှောင်ဖုန့် သိရှိလိုက်၏။

ဆက်တိုမှာ တဖြည်းဖြည်း ငြိမ်သက်သွားပြီး ရှိုက်နေသည်။

"မေးစမ်းကွာ...မြန်မြန် မေးကြည့်စမ်းပါ....ဘာကို ခံစားမိလို့ [...] ထွက်ပြေးတာလဲလို့...."

ဆက်တူက အော်ပြောသည်။

ဆက်တို၏ ကြောက်လွန်း၍ တွန့်လိမ်နေသည့် သွင်ပြင်နှင့် [...]မျက်နှာမှ ချွေးသီးချွေးပေါက်များသည် လရောင်တွင် ထင်ထင်ရှားရှား[...]ပင်။ ရှောင်ပန်း အပြောနှင့် ကြယ်ချွေဆက်တူပင်လျှင် ကျောချမ်းမိသွား

ရ၏။

"ငါ သူ့ကို မေးကြည့်ပြီးပြီ....သူ ဘာမှ မပြောဘူးကွ"

အတန်ကြာမှ ကျိုပင်းရက်က ပြောလိုက်ခြင်းဖြစ်၏။

"သစ်သားအိမ်ထဲမှ သူ့ကို လုပ်ကြံတဲ့လူ ရှိတယ်ဆိုတာ သိ
ခံစားရလို့ ထွက်ပြေးတာများလား...."

လုရှောင်ဖုန့်က အဝေးကို ငေးပြီး စဉ်းစဉ်းစားစားပြောလိုက်
"အိမ်ထဲမှာ လူသေတွေကလွဲပြီး ဘယ်သူမှ မရှိဘူး...လူဆိုး
က ဘယ်နေရာမှ ပုန်းနေဖို့ နေရာမရှိဘူး...."

ဆက်တူက ပြောသည်။

"သစ်သား အိမ်ထဲမှာ တကယ်ဘာမှ မရှိဘူးလား...."

လုရှောင်ဖုန့်က တစ်လုံးချင်း မေးလိုက်၏။

"စင်ကြီးတစ်ခုပဲ ရှိတယ်...."

"အဲဒီစင်ကြီးပေါ်မှာ ဘာရှိသလဲ...."

"ရုပ်တုတစ်ခု....အဲ ကွမ်းရင်းမယ်တော်ရဲ့ ရုပ်တု"

ဆက်တူ စကားသံရပ်သွားသည်။ သူ့ကိုယ်လုံးမှာ ကြာ
အရိုက်ခံရသလို တုန်ခါသွားသည်။ ပြီးတော့ ရူးသွပ်သွားသလို အိမ်
သို့ ခုန်လွှားပြေးသွားတော့သည်။

သို့ရာတွင် သစ်သားအိမ်မှာ သည်အတိုင်း။ စင်ကြီးမှာလည်



ည်အတိုင်း။ ထူးခြားသည်က မယ်တော်ရုပ်ကြီးကား မရှိပါလေ
တော့။

ဆက်တူမှာ တစ်ကိုယ်လုံး ချွေးတွေ ရွှဲနေသည်။ အသက်ပြင်း
ရှူပြီး ငေးကြောင်လို့နေသည်။

စင်ပေါ်တွင် ဒယ်အိုးတစ်လုံး၊ ဒယ်အိုးထဲမှ ဟင်းနံ့က အငွေ့
ထောင်းထောင်းနှင့် မွှေးကြိုင်လှသည်။ ဒယ်အိုးအောက်တွင်တော့
စာတစ်ရွက်ရှိနေ၏။ စာရွက်ကိုယူ၍ ဖတ်ကြည့်လိုက်တော့....

"မောင်မင်းတို့ သိပ်ပင်ပန်းလာကြတယ် မဟုတ်
လား၊ ဒီဟင်းအိုးနဲ့ နှစ်သိမ့်ပါရစေလား..."

မယ်တော်ဘုရား။

သူတို့အားလုံး ငိုင်သွားကြသည်။

ဤသူက ဘယ်သူလဲ။ ဘယ်ကလဲ။ အားလုံး စာရွက်ကိုကြည့်
ပြီး ငေးကြောင်လို့နေကြ၏။

အတန်ကြာမှ....

"သူက တို့ခြေရာကို အစောကြီးကတည်းက ကောက်ထား
သိထားပြီကိုး...."

လုရှောင်ဖုန့်က မဲ့ပြုံးကလေးဖြင့် ရေရွတ်လိုက်၏။

"သူက ဘယ်သူလဲ .... တို့ သူ့ရဲ့အရိပ်တောင် မမြင်လို့ မတွေ့လိုက်ရပါကလား...."

ဆက်တူကပြောသည်။ လုရှောင်ဖုန့်က စင်ကြီးကိုငေး ကြည့်ပြီး....

"ဆက်ကွမ်းရင်းပဲပေါ့...."

"ဆက်ကွမ်းရင်း ဟုတ်လား...အချောဆုံး၊ အလှဆုံး၊ အ စက်ဆုံး၊ အကောက်ကျစ်ဆုံးလို့ သိုင်းလောကမှာ တစ်ချိန်က သတ ကြီးတဲ့ မိန်းမလား...သိုင်း သိပ်တော်တယ်လို့ အများက လက်ခံထ တဲ့ မိန်းမကို မင်းပြောတာလား...."

ဆက်တူက အလောတကြီး မေးလိုက်ပါ၏။

"ဒါပေါ့ကွာ...ဒီလောက် အဆိပ်ပြင်းတဲ့ လျှို့ဝှက်လက်နက် သူကလွဲရင် ဘယ်သူက လုပ်နိုင်မှာလဲ...သူကလွဲလို့ ဘယ်သူက လောက် ရုပ်ဖျက်တော်ပါ့မလဲ...အဲ...ပြီးတော့ ဉာဏ်နီဉာဏ်နက်မျ တာကရော သူကလွဲလို့ ဘယ်သူဖြစ်နိုင်ပါ့မလဲ...."

လုရှောင်ဖုန့်က မဲ့ပြုံး ပြုံး၍ ပြောရာ ကျိုပင်းရက်က ခေါင်းညိတ် ပြီး ထောက်ခံသည်။ ပြီးတော့....

"ဟုတ်တယ်....သူပါပဲ....ဘယ်သူမှ သူ့လောက်အတွင်းအ သိုင်းမကောင်းနိုင်ဘူး .... သူကလွဲပြီး ဘယ်သူက တစ်ကိုယ်လုံ



ဖျက်တုံးလို တင်းမာအောင် လုပ်ပြီး ရုပ်တုလို ဟန်ဆောင်နိုင်မလဲ၊ သုံးယောက်ကြည့်ပြီး မတွက်ဆမိလို့ အညာခံလိုက်ရတာပဲ...."

ကျိုပင်းရက်က တစ်လုံးချင်း အေးဆေးစွာပြောသည်။ ဆက်တူ တော့ ကြောင်နေပါသည်။ ဆက်ကွမ်းရင်းကို သူ မမြင်ဘူး။ မတွေ့ ဘူးခဲ့ပါ။ သို့ရာတွင် သူနှင့်ပတ်သက်သော အဖြစ်အပျက်များကို တော်များများ ကြားခဲ့ရဖူးသည်။ ကြားရသည့် အဖြစ်အပျက်များ အားလုံးသည် သူတို့ ခေါင်းမှ ခြေအထိ အေးစက်သွားစေခဲ့သည်ချည်း သာ။

ဆက်ကွမ်းရင်းသည် ချောသည်။ လှသည်။ သိုင်းတော်သည်။ ရက်စက်သည်။ ကောက်ကျစ်သည်။ မြွေဟောက်ထက် ကြောက်စရာ ကောင်းသော မြွေဟောက်မပါတည်း။

အခန်းတွင်းဝယ် ဟင်းနံ့က ကြိုင်လို့နေပါ၏။ စားချင့်စဖွယ် ပင်၊ လောလောဆယ် သူတို့အလိုအပ်ဆုံးမှာ ဟင်းရည်များရှိနေသော ဤဟင်းများပင်တည်း။

ဆက်တူက ဟင်းနံ့ကို တစ်ချက်ရှူရှိုက်လိုက်ပြီး အော်ဟစ် ရယ်မောလိုက်သည်။ နောက်....

"သိုင်းလောက,က လူတွေပြောတာ မှန်ပါလားကွ.... သူက တို့ကို သွားရည်ယိုဖို့ ဟင်းအိုးလေး ပေးထားရစ်ခဲ့တာ တို့ဘယ်လိုလုပ်

စားရဲမှာလဲ...."

ဆက်တူ စကားအဆုံးဝယ် အပြင်မှ ခွေးဝါလေးတစ်ကော
ပြေးဝင်လာသည်။ ခွေးဝါလေးက စင်ပေါ်ကို ခုန်တက်ပြီး ဟင်းအိုးကို
လျှာဖြင့် ယက်လိုက်လေသည်။

"တယ် ဒီကောင်သေချင်လို့ အဆိပ်ကိုမှ လာယက်ရသလား"

ဆက်တူက ပြောပြောဆိုဆို ခွေးကို ဆွဲချလိုက်သည်။ ခွေး
ပါးစပ်ထဲတွင် အသားတစ်တုံးပါသွားသည်။ ခွေးကလေးက အသား
တုံးကို မြေကြီးပေါ်ချပြီး အားပါးတရစားနေ၏။

လုရှောင်ဖုန့်တို့ သုံးယောက်က ခွေးကို စူးစူးရဲရဲ ကြည့်နေကြ
သည်။

အသားတုံး ကုန်သွားပြီ။ ခွေး ဘာမှမဖြစ်သေး။ တစ်ခဏ
စောင့်ကြည့်သေးသည်။ ခွေးဘာမှ မဖြစ်ပါ။ တစ်ခဏ စောင့်ကြည့်ပြီး
ဆက်တူက ခွေးကို ဖမ်းလိုက်သည်။ ပြီးတော့ လျှာကို ကြည့်သည်။

"ဟင်းအိုးထဲမှာ အဆိပ်မရှိဘူးကွ"

ဆက်တူက ဖြည်းညင်းစွာ ပြောသည်။ ပြီးတော့ ချက်ချင်းပင်
ဒေါသဖြစ်သော အမူအရာ ပြောင်းသွားပြီး စားပွဲခုံကို ရိုက်၍....

"သိပ်ကောက်ကျစ် ယုတ်မာတဲ့မိန်းမ...တို့မစားရဲမှန်း ရိပ်မိလို့
ခွေးကိုလွှတ်ပြီး စားပြနိုင်းတာကွ...သက်သက် တို့စိတ်ကို ဆွနေတာ



ခွေးစားပြီးသား အစာကို စားခိုင်းတာ...."

"ဟ...ခွေးစားပြီးသား အစာကို လူမစားရဘူးလို့ ဘယ်သူက
ပြောသလဲကွ...."

ကျိုပင်းရက် ပြောသည်။

ဆက်တူ လုရှောင်ဖုန့်ကို ကြည့်လိုက်၏။ လုရှောင်ဖုန့်က ငြိမ်
နေသည်။ ဆက်တူက ယင်းအိုးကို ယူပြီး တစ်မုဟုတ်ချင်း အပြင်သို့
လွှင့်ပစ်လိုက်လေသည်။

"တို့ ငတ်ပြီးသေချင်သေပါစေ...ခွေးစားပြီးသားအစာကိုတော့
မစားနိုင်ဘူးဟေ့...."

ဆက်တူက အော်ဟစ်လိုက်သည်။

လု...ကျက်က သက်ပြင်းချသည်။ ပြီးတော့ ဆက်တူကို ကြည့်
ပြီး ခနဲ့ပြုံးကလေး ပြုံးကာ....

"မင်းရဲ့ စိတ်ဓာတ်ကတော့ သိပ်ချီးမွမ်းစရာ ကောင်းတယ်"

"ငါက...."

ဆက်တူ စကားတစ်ဝက်တစ်ပျက်တွင် ရပ်သွားရသည်။ စူးစူး
ဝါးဝါး အော်သံက အပြင်ဘက်မှ ထွက်ပေါ်လာသည်။ သုံးယောက်
စလုံး ပြေးထွက်သွားကြသည်။

ဆက်တိုကို စောင့်ကြည့်နေသော ရောင်ပန်းမှာ မြေကြီးတွင်

လူးလိမ့်လို့နေသည်။ ဟင်းအိုးမှာ သူ့အားတွင် ရှိနေ၏။

သူ၏ပါးစပ်ထဲမှ အမြှုပ်များတရစပ်ထွက်နေသည်။ မျက်နှာ ရှုံ့မဲ့တွန့်လိမ်နေသည်။

"အဆိပ်....အဆိပ်"

ပါးစပ်မှလည်း မပီမသ ဝူးဝူးဝါးဝါး ရေရွတ်နေသည်။

တကယ်တော့ ရောင်ပန်းခြေမှာ ဟင်းအိုးထဲမှာ အဆိပ်မရှိမှန်း ပြောစကားအရ သိထားတုန်း ဟင်းအိုးလွှင့်အပစ် အနားရောက်လာရာ အနည်းငယ်ကျန်သော ဟင်းရည်များကို အငမ်းမရ သောက်လိုက်မိလေသည်။

သူတို့အနား ရောက်စဉ်ပင် ရောင်ပန်း အသက်ထွက်သွားပါပြီ။

ဩော်...မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း အသက်တစ်ချောင်း ပျောက်ကွယ်သွားလေပြီကော။ ဟင်းရည်လေး တစ်လုပ်အတွက် အသက်ပေးလိုက်ရပြီကော။

သူတို့ စိတ်မကောင်းစွာ ပင့်သက်ချလိုက်ကြလေသည်။

"အတော် [illegible] စရာကောင်းတဲ့ အဆိပ်ပါလား...."

လုရှောင်ဖုန့်က ပင့်သက်ရှည်ကြီး ချပြီး ရေရွတ်လိုက်ပါ၏။

"အဆိပ်ထက် ကြောက်စရာကောင်းတာက 'လူ'ပါ ဉာဏ်နီ



ဉာဏ်နက်များတဲ့'လူ'ပါ။ တကယ်တော့ ဖယောင်းဖုံးထားတဲ့ အဆိပ်တုံးကို ဒီခွေးရဲ့ ပါးစပ်ထဲငုံထားခိုင်းပြီး ခွေးကိုလွှတ်လိုက်တာ ခွေးက ဟင်းအိုးကို လျှာနဲ့ယက်တော့ အဆိပ်တုံးက ဟင်းအိုးထဲ ကျသွားတာပေါ့....ဟင်းရည်က ပူနေတော့ ဖယောင်းအရည်ပျော်ပြီး အဆိပ်တွေ ဟင်းအိုးထဲမှာ ပျံ့သွားတာပဲ...."

ကျိုပင်းရက်က တစ်လုံးချင်း ပြောလိုက်ရာ ဆက်တူမှာ တုန်လှုပ် ချောက်ချား သွားလေသည်။

"ဒီခွေးဟာ သူတို့ လေ့ကျင့်ပေးထားတဲ့ ခွေးပေါ့...ဟုတ်လား"

"ဟုတ်တယ်...."

"အင်း.... ဒီတစ်ခါတော့ ဆက်တူရဲ့ တဇွတ်ထိုးစိတ်ဓာတ်ကြောင့် တို့နှစ်ယောက် ဆက်ကွမ်းရင်းရဲ့ လုပ်ကြံမှုက လွတ်သွားတာပဲကွ...."

လုရှောင်ဖုန့်က ကျိုပင်းရက်ကို ပြောသည်။ ကျိုပင်းရက် ခေါင်းညိတ်သည်။

တကယ်တော့ ကံကောင်းထောက်မသဖြင့်သာ အလွန်ပိရိသော ကြောက်စရာကောင်းသော အဆိပ်ခတ်မှုမှာ လက်မတင်လေး သူတို့သုံးယောက် လွတ်မြောက်ခဲ့ခြင်း ဖြစ်သည်။

တွေးမိလျှင်ပင် ကြက်သီးတဖြန်းဖြန်းထ ကျောချမ်းသွားမိကြသည်။

ရှောင်ပန်းတစ်ယောက်ခြေမှာတော့ 'ဒဏ်' ခံသွားရပြီဖြစ်လေတော့သည်။

အစားမတော် တစ်လုပ်ဟူသည့်စကားက မှန်ကန်လှပေသည်တကား။

✻ ✻ ✻ ✻ ✻

## အခန်း (၁၂)

နောက်တစ်နေ့ မနက်ပိုင်း။

သူတို့ ခရီးမထွက်ကြသေးပါ။

ပူပြင်းသော နေ့အချိန်တွင် သစ်သားအိမ်လေးမှာပင် နားနေကြသည်။

ညရောက်မှ စတင်ခရီးထွက်ကြသည်။ သူတို့ ကိုယ်ခန္ဓာတွင်းမှ ရေကို အပူဓာတ်ကြောင့် ကုန်ခမ်းသွားမည် စိုးရွံ့သောကြောင့် ညအခါကျမှ ခရီးထွက်ကြခြင်းဖြစ်သည်

လမ်းခရီးတစ်လျှောက်လုံး ဆက်တိုက သဲများကိုယူ၍နှာခေါင်းတွင် ကပ်ပြီးရှူကြည့်နေလေသည်။

"သူ ဘာလုပ်တာလဲကွ"

ဆက်တူက ကျိုပင်းရက်ကို မေးလိုက်၏။

"ရေရှာနေတာပေါ့...."

"ဘယ်လိုလုပ်ရှာနေတာလဲ...နှာခေါင်းနဲ့ရှူပြီး ရှာလို့ရနိုင်လို့လား...."

မည်သူကမှ စကားပြန်မပြောတော့ချေ။ စကားများများ ပြောလျှင် ဝမ်းဗိုက်ထဲမှ ရေများ ပို၍ ကုန်မည်မဟုတ်လား။

မကြာခင်ပင် ဆက်တိုက အရူးသဖွယ် သဲများကို တူးဖော်နေသည်ကို တွေ့ကြရသည်။

"ဟ....အဲဒီမှာ ရေရှိနေပြီထင်တယ်...."

ဆက်တူက ရေရွတ်သည်။ ပြီးတော့ အားလုံးဝိုင်း၍ တူးကြသည်။ အတန်ကြာ တူးသည့်တိုင် ရေမတွေ့ကြရ။

"ဆက်တိုရဲ့နှာခေါင်း သိပ်မကောင်းတော့ဘူးထင်တယ်"

ကြယ်ချွေးဆက်တူက စိတ်ပျက်စွာ ရေရွတ်သည်။ သူ့စကားအဆုံးတွင်ပင် ဆက်တိုက သဲတစ်ဆုပ်ယူပြီး ကျိုပင်းရက်ကို ပေးလိုက်၏။

ကျိုပင်းရက်က သဲများကို ပါးစပ်ထဲထည့်လိုက်သည်။ သူ့မျက်နှာ ဝင်းပလို့သွားသည်။



သဲမှာ စိုစိစိဖြစ်နေ၏။

သူတို့အားလုံး အနည်းငယ် စိုစွတ်နေသော သဲများကို ပါးစပ်တွင်ထည့်၍ ငုံစုပ်လိုက်ကြသည်။ ရေမှာ အလွန်နည်းပါးလှသော်လည်း ယခုအချိန်တွင် ထိုနည်းပါးလှသော ရေမှာ အဖိုးတန်လွန်းနေ၏။

ထိုနောက်ပိုင်း နှစ်ရက်တိုင်တိုင် ရေမတွေ့ရတော့ပေ။ လုံးဝရေရှာမရ ဖြစ်နေကြရသည်။

ခက်ပြီ။ သူတို့အခက်တွေ့နေကြပြီ။ အားလုံး လမ်းကိုပင်ကောင်းစွာ မလျှောက်နိုင်ကြတော့။

သုံးရက်မြောက်နေ့တွင် ကံကောင်းလာကြပြန်သည်။ သည်တစ်ခါ သဲထဲတွင် တွေ့သောရေမှာ ပထမအကြိမ်ထက် ပိုသည်။ ဆက်တိုက သည်ရေကြောအတိုင်း ဆက်ရှာလျှင် ရေတွေ့မည်မှာ အမှန်။

သူတို့အားလုံး စိတ်ဓာတ် ပြန်တက်လာကြသည်။ အားအင်တွေ ပြန်ပြည့်လာကြသည်။

သူတို့ စိတ်ဓာတ် ပေါ့ပါးစွာဖြင့် ခရီးဆက်ကြသည်။

မကြာလှပါ။ စိမ်းလန်းသော မြက်ခင်းပြင်ကို ရှေ့ခပ်လှမ်းလှမ်းတွင် မြင်တွေ့ကြရသည်။

အိုအေစစ်ပါတည်း။

"ဟော့....ဟော့....ငါ့မျက်စိပြာနေတာလား"

ဆက်တူက မျက်လုံးကို အထပ်ထပ်ပွတ်ပြီး ရေရွတ်သည်၊ လုရှောင်ဖုန့်က ယုံ့ယုံ့လေး ပြုံးပြီး....

"တို့တစ်တွေ ရေငတ်လွန်းလို့ မျက်လုံးတွေပြာပြီး တံလျှပ်တွေ မြင်တာတော့ မဟုတ်တန်ကောင်းဘူး ထင်ပါရဲ့...."

ထိုစဉ်ပင် အိုအေစစ်အတွင်း စွန်ပလွန်ပင်ကြီးများ ကြားမှ ရယ်သံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်မိကြသည်။

အလွန်ရက်စက်သော သဲကန္တာရအတွင်းမှာ ရယ်သံက ထိတ်လန့်စရာတစ်မျိုး ကောင်းနေ၏။

"ဒါ....ဆက်ကွမ်းရင်းရဲ့ ဌာနချုပ်များလား...."

ဆက်တူက တုန်လှုပ်စွာ ရေရွတ်သည်။ လုရှောင်ဖုန့်က တခဏ တွေဝေနေသည်။ စဉ်းစားနေသည်။ ပြီးမှ....

"မင်းတို့ ဒီမှာ ခဏစောင့်ကြည့်နေကြ...ငါ သွားစုံစမ်းလိုက်ဦးမယ်...."

"ငါလည်း သွားမယ်"

ဆက်တူကလည်း လိုက်ရန် ဟန်ပြင်သည်။

"မင်းရဲ့ ကိုယ်ဖော့ပညာက လုရှောင်ဖုန့်ထက် ပိုပြီးကောင်းလို့



လား....ဆက်တူ"

ကျိုပင်းရက် မေးလိုက်မှ ဆက်တူက အသာနေရစ်ခဲ့လေတော့သည်။

လုရှောင်ဖုန့်ကတော့ အလျှင်အမြန်ပင် မြင်ကွင်းမှ ကွယ်ပျောက်သွားပါပြီ။ မြင်ခင်းပြင်စိမ်းစိမ်း၊ သစ်ပင်အုပ်အုပ်ရှိတဲ့ အိုအေစစ်ဆီ ရောက်ရှိသွားပါပြီ။

ကြီးမား ကျယ်ပြန့်တဲ့ အိုအေစစ်တစ်ခုပင် ဖြစ်ပါ၏။ လှပလွန်းသော အိုအေစစ်ဟုလည်း သတ်မှတ်နိုင်ပြန်သည်။

လုရှောင်ဖုန့်မှာ ပူပြင်းခြောက်သွေ့ပြီး ကြောက်မက်ဖွယ်ရာကောင်းလှသော သဲကန္တာရအတွင်းဝယ် ဤလိုလှပ စိမ်းလန်းသော အိုအေစစ်ကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရပေရာ အတိုင်းမသိဝမ်းသာ ကြည်နူးလို့ သွားပါသည်။ သူကိုယ်သူ နတ်ပြည်ကို ရောက်သွားသလားဟုပင် မှတ်ထင်မိလိုက်ပါသည်။

သစ်ပင်အုပ်များ ကြားမှ ရယ်သံများ ထွက်ပေါ်လို့ နေသည်။

နတ်သမီးလေးတွေများလား။

ရွှင်ချို့တဲ့ မိန်းကလေးရယ်သံများမို့ သို့ကိုလို တွေးထင်မိရသည်။ သို့တည်းမဟုတ် သရဲသဘက်တွေကများ လူသားများကို မြူဆွယ် ဖြားယောင်းနေတာများလား။

ဘာပဲဖြစ်ဖြစ် သွားကြည့်ရင် တွေ့ရမှာ မလွဲပေ။ လုရှောင်ဖုန့်က သက်ပြင်း ယဲ့ယဲ့ချပြီး သစ်ပင်တစ်ပင်ပေါ် လွှားခနဲ ခုန်တက်လိုက်သည်။ သစ်ပင်ပေါ်ရောက်ပြီး ရယ်သံ ကြားရာတစ်ဘက်ကို ငေးကြည့်လိုက်သည်။ အတွင်းဘက်ကို ဖြစ်သည်။ သူ ကြက်သေ သေသွားလေသည်။ မျက်လုံး အဝိုင်းသား။ မျက်တောင်ခတ်ဖို့ပင် မေ့လျော့သွားပြီ၊ အတွင်းဘက်၌ ရေကန်ကြီး နှစ်ကန် ရှိနေသည်။

ရေကန်ကြီး၏ ဘေးတွင် လှပသော ရွက်ဖျင်တဲကြီး သုံးလုံးရှိနေသည်။ ရွက်ဖျင်တဲကြီးရှေ့တွင် ဓား၊ လှံ ကိုင်သော အစောင့်စစ်သားတွေက အသင့်စောင့်လို့နေကြသည်။

ရေကန်အသေးတွင်မူ ပိတ်ဖြင့် သုံးထပ်ကာရံထားသည်။ ဟိုဘက်မှ လုံးဝ ရေကို မမြင်နိုင်ပေ။ သူရှိရာ သစ်ပင်များဘက်တော့ အကာအရံမရှိ။

ထိုရေကန်ငယ်တွင် လှလွန်းဆွေလေးတစ်ဦး ရေချိုးနေသည်။ ဆံရှည်မလေး ဖြစ်သည်။

လုရှောင်ဖုန့် အသက်ရှူရန်ပင် မေ့နေသလိုပင်၊ ဤအချိန်အခါမျိုးဝယ် မိန်းကလေးတစ်ဦး၏ အလှအပကို မခံစားဘဲ မနေနိုင်အောင် ဖြစ်နေရသည်။

ရွှေရုပ်ကလေးဟုပင် ခေါ်ဆိုနိုင်လေသည်။ သူလေး၏ ပျော့



ပျောင်းသော ကျော့ရှင်းသော ကိုယ်ခန္ဓာမှာ ညနေဆည်းဆာနေရောင်ခြည်ဝယ် ရွှေရောင်တောက်လို့နေသည်။ လှပလွန်းသော အချိုးအဆက်မှာ ကွက်ကွက်ကွင်းကွင်း အသက်ရှူမှားဖွယ်ပင်။

ရေကန်ဘေးတွင် မိန်းကလေးသုံးယောက် ရှိနေသည်။ ထိုမိန်းကလေးသုံးယောက်က ရေချိုးနေသူလေး ရေချိုးပြီးလျှင် ရေသုတ်ရန်၊ အဝတ်အစားဝတ်ရန်၊ ဖီးလိမ်းရန် အသင့်လိုအပ်သည်များ ကိုင်ဆောင်၍ စောင့်နေကြသည်။

လုရှောင်ဖုန့်မှာ ဘာလုပ်ရ ဘာကိုင်ရမှန်း မသိအောင် ဖြစ်နေသည်။

ထိုစဉ်မှာပင် ရေချိုးနေသော မိန်းမချောလေးက တစ်ဘက်ကိုလှည့်နေ... လုရှောင်ဖုန့်ရှိနေသော သစ်ပင်ဆီ ခေါင်းလှည့်လာသည်။ တစ်ချက်ငေးကြည့်ပြီး ကပျာကသီ ရေချိုးခြင်းကို ရပ်လိုက်လေသည်။

သူ့ကို တွေ့သွားလေပြီ။

လုရှောင်ဖုန့် ချက်ခြင်းသိလိုက်၏။ သူ့မျက်နှာမှာ နီရဲသွားသည်။ မိန်းကလေးတစ်ယောက် ရေချိုးနေသည်ကို ချောင်းကြည့်နေသလို ဖြစ်သွားပြီပဲ။

မိန်းမပျိုလေး အဝတ်အစားကို အလျင်အမြန်ဝတ်ဆင်ပြီးသည်နှင့် လုရှောင်ဖုန့်ရှိရာ သစ်ပင်ကို တစ်ချက်စောင်းငဲ့ကြည့်ပြီး....

"ရှင်က ခုထက်ထိ ကြည့်လို့အားမရသေးဘူးလားဟင်...."

ချိုလွင်တဲ့ အသံလေးပါ။ နတ်သမီးလေးတွေရဲ့ သာယာငြိမ့်ညောင်းတဲ့အသံဆိုတာ ဒါမျိုးလားကွယ်၊ အသံက သိပ်သာယာလှသော်လည်း မြေပြန့်စကားကိုတော့ သိပ်ပြောတတ်သေးဟန် မတူ၊ တစ်နယ်တစ်ခြားက လေသံဖြစ်နေလေသည်။

လုရှောင်ဖုန့် ပြုံးသည်။ အပြုံးက ရှက်ပြုံးနဲ့ မဲ့ပြုံး။ သက်ပြင်းလည်း ချမိသည်။ သူ့ တစ်သက်ဝယ် ဤမျှ ရှက်စရာကောင်းသော အဖြစ်မျိုး မကြုံတွေ့ခဲ့ဖူးပေ။

ထွက်ပြေး၍လည်း မဖြစ်ပါ။ သည်တော့ မျက်နှာပူပူဖြင့် ခုန်ဆင်းပြီး ကပ်သွားရတော့သည်။

ဒေါသကြောင့် ပန်းနုရောင် မျက်နှာလေးဖြစ်နေသော မိန်းမပျိုလေးက သူ့ကို အသေအချာကြည့်သည်။ အထက်အောက် အသေအချာ အကဲခတ်သည်။ မိန်းကလေး၏ ဒေါသရောင်လျှမ်းနေသော မျက်နှာမှာ တဖြည်းဖြည်း ပျော့ပျောင်းလာသည်။

မိန်းမလှလေးက လုရှောင်ဖုန့်ကို စိုက်ကြည့်ပြီး....

"ရှင်က တယ်သဘောကောင်းပါလား....ထွက်မပြေးဘဲ လာရဲတယ်နော်...."

"ဒီလို အဖြစ်မျိုးကို ကျုပ်မမျှော်လင့်ဘဲ ကြုံကြိုက်သွားရတာအဲဒီအတွက် စိတ်မကောင်းပါဘူး....ဒါပေမယ့် ထွက်ပြေးရင် ပိုပြီး အရှက်ကွဲသွားမှာပေါ့...."

"ဒါဖြင့်ရင် ရှင်တောင်းပန်ဖို့ လာတာ ဟုတ်လား"

"ဟုတ်ပါတယ်...ကျုပ် တောင်းပန်ပါတယ်...အဲ တစ်ခုတော့ ပါရစေလား...."

"ဘာပြောချင်တာလဲ"

မိန်းမပျိုလေးက ချစ်စဖွယ် မျက်မှောင်လေးကုပ်ထားသည်။

"နောက်တစ်ခါ ရေချိုးရင် ဒီဘက်ကိုလည်း ပိတ်နဲ့ကာထားလိုက်ပါဗျာ...."

မိန်းမပျိုလေးက မျက်နှာလေး ရဲသွား၏။ ရှက်သွေးတွေ ဖြာသွား၏။

"ရှင်က ကတယ့်လူပဲ....ကျွန်မ ရေချိုးတာကိုလည်း လာပြီး ချောင်းကြည့်သေးတယ်...ကျွန်မကိုလည်း အပြစ်တင်သေးတယ် ဟုတ်လား...."

"ကျုပ်က မမျှော်လင့်ဘဲ လာပြီး ကြုံကြိုက်တာပါ.... ဒီမှာ မိန်းမချောလေးတစ်ယောက် ရေချိုးနေမှန်း ဘယ်လိုလုပ် ကျုပ်သိနိုင်မှာလဲ...."

"ရှင်တကယ်လို့ သိရင်ကော"

မိန်းမပျိုလေးက ခပ်တင်းတင်းမေးလိုက်၏။ လုရှောင်ဖု

တခဏ စဉ်းစားပြီး မိန်းမပျိုကို စိုက်ကြည့်ကာ....

"ဒီနေရာမှာ ခင်ဗျားလေးကို ချောမောလှပတဲ့ မိန်းကလေး

ယောက် ရေချိုးနေမှန်း အစကတည်းကသိရင်....အင်း....ဒီဘက်

လည်း ပိတ်ကာမထားဘူးဆိုတာ သိရင် ကျုပ်က...."

"ရှင် မလာရဲဘူးပေါ့ ဟုတ်လား"

"အို...ကျုပ် ခြေထောက်နှစ်ဖက်စလုံး ကျိုးနေရင်တောင်

တွားပြီး လာကိုလာမှာပဲ...."

လုရှောင်ဖုန့်က ရယ်မောရင်း ပြောလိုက်၏။

မိန်းမပျိုလေးသည် အပြေကြောင့် ကြောင်သွား၏။

ဘယ်လို လူကြီးပါလိမ့်။ မုန်းစရာကောင်းလိုက်တာ။ သူ့ မျ

ခုံးမွေးနဲ့ နှုတ်ခမ်းမွေးကလည်း ကွေးကျနေပုံချင်း တူလိုက်တာ၊ ဘယ်

ဒီလောက်တောင် မျက်နှာပြောင်ရပါလိမ့်။ သိပ်အတင့်ရဲတဲ့ လူကြီ

တစ်သက်နဲ့တစ်ကိုယ် ယောကျ်ားတစ်ယောက်က သူ့ကို သည်လိုစကား

မျိုး ပြောဝံ့လိမ့်မည်ဟု အိပ်မက်ပင် မက်မထားခဲ့ပါ။

တကယ်တော့ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စနဲ့ ဒီလူကြီး အပြောက ဒေါသ

ထွက်စရာပါ။ ဘာကြောင့် ဒေါသမထွက်မိပါလိမ့်။ ရင်ခုန်ပြီး ရယ်ချ

သလိုလို၊ မရယ်မိအောင် ထိန်းထားရသည်။ သူ့ရဲ့အဖော် မိန်းကလေ



ကတော့ မအောင့်နိုင်ဘဲ "ခစ်" ခနဲ ရယ်မိကြသည်။

မိန်းမပျိုလေးက မျက်နှာထားကို ချက်ခြင်း တင်းလိုက်သည်။

လိုက်မိသော အမျိုးသမီးတစ်ဦးကလည်း လေသံတင်းတင်းဖြင့်....

"ရှင်က သိပ်အတင့်ရဲတဲ့ လူပါလား...ရှင်က သခင်မလေးကို

ပြောမျိုး ပြောရဲတယ် ဟုတ်လား...."

လုရှောင်ဖုန့်မှာ သခင်မလေးဟူသည့် စကားကြောင့် အံ့အား

သို့ သွားသည်။ သူ့ ကိုယ်ကိုကိုင်းပြီး....

"ကျုပ် အမှန်အတိုင်း ပြောလိုက်မိတာပါ"

သည်စကားကြောင့် သခင်မလေးဟု ခေါ်သော မိန်းမလှလေး

ခေါ်သော မိန်းမလှလေး မျက်နှာမှာ အရောင်လက်သွားသည်။

ခုံးအစုံ တောက်ပြောင်လာသည်။

"ရှင်တို့ မြေပြန့်က လူတွေထဲမှာ အမှန်အတိုင်း ပြောရဲတဲ့ လူ

ရှိသေးတာကိုး...."

မိန်းမချောလေးက ဖြည်းညှင်းစွာ ရေရွတ်သည်။ လုရှောင်ဖုန့်

ခေါင်းတစ်ချက် ညိတ်ပြီး....

"သခင်မလေးတို့ရဲ့ နေရာမှာ အမှန်စကားပြောတတ်တဲ့လူကို

ခံပါသလား...."

မိန်းမပျိုလေးက လုရှောင်ဖုန့်ကို စူးစူးရဲရဲ ကြည့်နေပြီးမှ ပြုံးလာ

သည်။ ပြီးတော့ ဝို၍ လှလို့လာသည်။

"အင်း…ခု ကျွန်မတို့ရဲ့ ဧည့်သည်တော်အဖြစ် ရှင့်ကို လ…
လိုက်ပါပြီ….ဒါပေမယ့် သတ္တိရှိတဲ့ ရှင့်ကို ဘယ်လိုအစွမ်းအ…
ရှိသေးသလဲဆိုတာ ကျွန်မတို့ ကြည့်ချင်သေးပါရဲ့…."

မိန်းမပျိုက ပြောလိုက်လေသည်။

✱

ပထမဆုံး သခင်မလေးက ကာရံထားသော ပိတ်များမှ တိုး
ထွက်သွားသည်။ ပြီးတော့ လုရှောင်ဖုန့် နောက်ကလိုက် သွားသည်။

တစ်ဘက် ရွက်ဖျင်တဲကြီးများတွင် အစောင့်စစ်သားတွေက
အများကြီး ရှိနေသည်။ လုရှောင်ဖုန့် ကုလားကာနောက်မှ သခင်မလေး
နှင့် အတူ ထက်လာသည်ကို မြင်တော့ မျက်လုံးပြူး မျက်ဆံပြူး
ဖြစ်သွားကြပါ၏။

သခင်မလေးက ရွက်ဖျင်းတဲကြီးတစ်လုံးဆီ ကန့်ကရလေး
လျှောက်သွားသည်။ အပေါက်ဝရောက်တော့ လက်ယပ်ခေါ်သည်။

လုရှောင်ဖုန့်က ရွက်ဖျင်းတဲအပေါက်ဝတွင် စောင့်နေသော
စစ်သား၏ပခုံးကို လှမ်းပုတ်ရင်း ပြုံးပြလိုက်သည်။ ပြီးမှ အထဲဝင်လိုက်

၏။ မည်သို့သော အရေးအခင်းနဲ့တွေ့တွေ့ ရင်ဆိုင်ရန် အသင့်ပြင်ထား ပြီး ဖြစ်လေသည်။

မီးစင်ကြည့်ကရတော့မည်သာ။

သို့ရာတွင် အထဲတွင် မည်သည့် အန္တရာယ် အရိပ်အရောင်မျှ မတွေ့ရပါ။

အတွင်း၌ နူးညံ့သော ကောဇောများက နေရာလပ်မရှိအောင် ခင်းထားသည်။ အလယ်တွင် စားပွဲခုံများ ခင်းထားပြီး စားသောက်ဖွယ် ရာတွေက သွားရည်ကျဖွယ်ရာပင် တည်ခင်းထားလေသည်။

ထိုစားပွဲဝိုင်းတွင် တောက်တောက်ပပ အဝတ်အစား ဝတ်ဆင် ထားကြသူများက စတိုင်ကျကျ၊ ဟန်ကျကျ၊ ဖိမ်ကျကျနှင့် အခန့်သား စားသောက်လို့ နေကြသည်။

ထိုအထဲတွင် ရွှေရောင်ဦးဆောင်းနှင့် ပိုးကတ္တီပါဝတ်ဆင်ထား သော ပါးသိုင်းမွေးနှင့်လူမှာ အရွှင်လန်းဆုံးဖြစ်နေသည်ကို တွေ့မြင်ရ သည်။ သူ၏ ဘယ်လက်တွင် အရက်ထည့်ထားသော ရွှေခွက်တစ် ခွက် ကိုင်ထားသည်။ သခင်မလေး အနားရောက်လာသည်နှင့် ညာ လက်ဖြင့် လှမ်း၍ ဖက်ကာ ရယ်မောပြီး....

"ကျုပ်တို့ရဲ့ သခင်မလေး'ပီးပါး'က ဒီလို ရေချိုးလာ...



...လာဘူးလား ဧည့်သည်တော်တို့...."

နောက် လုရှောင်ဖုန့်ကို တစ်ချက်စေ့ကြည့်သည်။

"ဩော်...သမီးလေးက ဧည့်သည်ကို ခေါ်လာတာကိုး သမီးရဲ့ ...ဧည့်သည်က ဘယ်သူလဲ.... ဒီကနေ မိုင်သုံးရာ ပတ်ဝန်းကျင်မှာ ...လောက်ခန့်ညားတဲ့ ယောကျ်ား မရှိပါဘူး...."

ကိုမုတ်ဆိတ်ကြီးက ရေရွတ်သည်။ မင်းသမီးလေး ပီးပါးက ...တ်ခမ်းကို တင်းတင်းစေ့ကာ ရယ်မောပြီး သူ့ခမည်းတော်နားကပ်၍ ...တိုးလေး ပြောနေသည်။

သူလေးရဲ့ ခမည်းတော်က ခေါင်းတညိတ်ညိတ် နားထောင်နေ ...င်း လုရှောင်ဖုန့်တစ်ကိုယ်လုံးကို သိမ်းကျုံးအကဲခတ်နေသည်။ သူ့ ...ျက်နှာသွင်ပြင်ဟန်မှာ တည်ငြိမ်သွားသည်။ ခန့်ညားသော သွင်ဟန် ...က ပေါ်ပေါက်လာသည်။

လုရှောင်ဖုန့်က ပြုံးနေသည်။ သူ့စိတ်မှာ အနည်းငယ် ပေါ့ပါး ...သွားရသည်။

မိန်းကလေးမှာ အလွန်ချစ်စရာကောင်းသလို၊ ကိုမုတ်ဆိတ်ကြီး ...လည်း လူဆိုးမဟုတ်။

ထိုစဉ် ရွှေရောင်ဝင်းနေသော လုလေးချောင်းက သူ၏ နောက်

ကျောကို ထိုးစိုက်ကျလာသည်။

တကယ်တော့ လုရှောင်ဖုန့်မှာ ထမင်းမစားရသည်မှာလည်း

သုံးရက်ရှိနေပြီ။ ရေကိုလည်း မဖြစ်စလောက်လေး သောက်ထား

သည်။ ဤသို့ ရုတ်တရက် ထိုးစိုက်လိုက်သောလှံကို ရှောင်နိုင်

မလွယ်။

သွေးထွက်သံယို ဖြစ်လေတော့မည်လား။

စားပွဲဘေးတွင် ထိုင်၍ အရက်သောက်နေသူ နှစ်ယောက်

ထိုအခြင်းအရာကို ဖျက်ဖျက်ထင်ထင် မြင်ကြရသော်လည်း တစ်စက်

ကလေးမျှ မတုန်လှုပ်၊ သည်အရေးအခင်းက သူတို့စိတ်ကို မည်သို့

လှုပ်ရှားနိုင်စွမ်း မရှိသလိုပင်။

ပီးပါး မင်းသမီးလေးကတော့ မျက်လုံးဝိုင်းသွားသည်။

လှံက လုရှောင်ဖုန့်၏ နောက်ကျောကို ထိလုနီးသွားပြီ။

စက္ကန့်ပိုင်းလေးမျှသာလိုတော့သည်။ လုရှောင်ဖုန့် တစ်ချက်

မလှုပ်သေး၊ မင်းသမီးလေး ပီးပါးမှာ တုန်လှုပ်သွားသည်။ စိတ်မထိန်း

နိုင်ဘဲ လဲကျသွားတော့မလိုပင် ဖြစ်သွားသည်။

ယိုစဉ် 'ချွင်' ခနဲ အသံကြားလိုက်ရသည်။ ပီးပါးမင်းသမီးလေး

က မကြည့်ဝံ့ဝံ့နှင့်ပင် အသာကြည့်လိုက်၏။



လုရှောင်ဖုန့်မှာ နေရာမှာ သည်အတိုင်း။ လှည့်၍ ကြည့်ဟန်

မတူ။ သို့ရာတွင် မည်သို့မည်ပုံ လှုပ်ရှားလိုက်သည်ကို ပီးပါးမင်းသမီး

လေး မသိလိုက်။ လှံလေးချောင်းက သူ၏ ဂျိုင်းတစ်ဖက်တစ်ချက်တွင်

ညှပ်မိရက်သား ဖြစ်နေသည်။

လှံကိုင်လေးယောက်မှာလည်း အချင်းချင်း စုပြုံတိုက်မိသွားကြ

သည်ကိုသာ တွေ့လိုက်ရသည်။

စောစောက ဘာကိုမှ ဂရုမစိုက် အရေးမထားသော လူနှစ်

ယောက်မှာ ဤအချင်းအရာကို မြင်သည်နှင့် မျက်လုံးပင့်၍ ကြည့်လိုက်

ကြသည်။ လုရှောင်ဖုန့်ကို စူးစူးရဲရဲ ကြည့်လိုက်ကြသည်။ အံ့အားသင့်

သည့် အမူအရာလည်း ပေးထွက်လာ၏။

ထိုစဉ်ပင် ကတ္တီပါဝတ်ရုံရှင်အဘိုးကြီး လက်ခုပ်တီး၍ ရွှင်လန်း

စွာ ရယ်မောပြီး....

"သိပ်တော်.... သိပ်ကောင်းတဲ့ သိုင်းပညာပါလားကွယ်....

သမီး အကဲခတ်မမှားဘူး တော်တယ်"

"ကျုပ်ကတော့ အကဲခတ်မှားသွားတယ်လို့ ပြောချင်ပါတယ်၊

လူကြီးမင်းဟာ ဒီလို ချောင်းမြောင်းလုပ်ကြံလိမ့်မယ်လို့ ကျုပ် မထင်ခဲ့

ဘူး...."

လှရှောင်ဖုန့်က အေးစက်သော လေသံဖြင့် ပြောလိုက်သည်။

"မင်း စိတ်ဆိုးသွားသလား...ဒါ ငါ့အစီအစဉ် မဟုတ်ပါဘူး၊ သမီးက မင်းရဲ့ အစွမ်းအစကို စမ်းသပ်ကြည့်တာပါ...သူက ပြောတယ်၊ ဒီတိုက်ခိုက်မှုကို မင်း ရှောင်တိမ်းနိုင်ရင် သူ့ဧည့်သည်တော်တဲ့"

အဖိုးကြီးက မင်းသမီးလေး၏ လက်ကိုဆွဲပြီး ပြောပြလိုက်သည်။

"ဒါပေမယ့်....တကယ်လို့ ကျုပ် မရှောင်တိမ်းနိုင်ရင်ကော"

လှရှောင်ဖုန့်က မကျေနပ်သလို ပြောလိုက်ရာ မင်းသမီးလေးက နှုတ်ခမ်းကို ကိုက်ပြီး မပွင့်တပွင့် ရယ်မောလိုက်သည်။ ပြီးတော့မှ....

"ဘယ်လိုပဲဖြစ်ဖြစ် ရှင် ရှောင်တိမ်းနိုင်ခဲ့ပြီ မဟုတ်လား.... ဒီတော့ ကျွန်မရဲ့ ဧည့်သည်ဖြစ်သွားပြီလေ...ဧည့်သည်က အိမ်ရှင်ကို စိတ်မဆိုးရဘူးရှင့်...."

အလုလေးက စိတ်မဆိုးရဘူးတဲ့။ သူ စိတ်မဆိုးနိုင်တော့ပါ။

လှရှောင်ဖုန့် သက်ပြင်း တစ်ချက်ချလိုက်ပြီး မှဲ့ပြုံးလေးသာ ပြုံးလိုက်ရသည်။

"မိတ်ဆွေရဲ့ သိုင်းပညာက မဆိုးပါဘူး...မိတ်ဆွေက ဘယ်သူပါလဲ...."



ဘေားစားပွဲတွင် ထိုင်နေသော နှာခေါင်းကောက်ကောက်နှင့် လူတစ်ယောက်က အေးစက်သော လေသံဖြင့် မေးလိုက်ခြင်း ဖြစ်ပါ၏။

"ဩော်...ကျွန်တော်လား...ကျွန်တော်က 'လိုရှန့်'ပါ...နာမည်မရှိတဲ့လူပေါ့...."

လှရှောင်ဖုန့်က နှာခေါင်းကိုတစ်ချက် လက်ဖြင့်ပွတ်ပြီး ဖြေလိုက်သည်။

နှာခေါင်းကောက်ကောက်နှင့်လူမှာ 'ဩော်' ဟုသာ တစ်ခွန်းတည်း ရေရွတ်ပြီး အရေးမစိုက်သလို ပြန်လှည့်သွားသည်။ 'လိုရှန့်' ဆိုတာ ကြားပင် မကြားဘူး။ နာမည်ကြီးတစ်ယောက် မဟုတ်ဟု သတ်မှတ်လိုက်ခြင်းဖြစ်ပေသည်။

သို့ရာတွင် သူ့ကို တစ်စုံတစ်ယောက်ကတော့ အရေးစိုက်ပါသည်။ မင်းသမီးလေး ပီးပါးက ဂရုစိုက်ပါသည်။ သူ့ကို မျက်နှာမလွှဲတန်း ကြည့်နေပြီး....

"ကဲ....ထိုင်တော့လေ....ရှင်က ကျွန်မရဲ့ ဧည့်သည်ဖြစ်ပြီမဟုတ်လား...."

လှရှောင်ဖုန့်က ဝင်ထိုင်လိုက်ရသည်။ မုတ်ဆိတ်မွေးနှင့်အဘိုး

ကြီးမှာ မင်းသမီးလေး ခမည်းတော် ဖြစ်လေသည်။ အဘိုးကြီးမှာ တရုတ်ပြည်၏ တောင်ပိုင်းနယ်များနှင့် ကပ်လျက်ရှိသော ပြည်ငယ်လေးတစ်ခုမှ ဘုရင်ဖြစ်ကြောင်း မင်းသမီးလေးက ပြောပြသည်။ ပြည်နယ်လေးက ကွေးရှင်ပြည်နယ်လေး ဖြစ်ရာ ကွေးရှင်းဘုရင်ကြီးဟု အများက ခေါ်ကြပေသည်။

ထိုစဉ်မှာပင် အပြင်ဘက်မှ ကျယ်လောင်သော အော်ဟစ်သံ ထွက်ပေါ်လာသည်။

"ဟေ့....မြေခွေးကြီး မင်းဘယ်မှာလဲဟေ့...."

ဆက်တုရဲ့ အသံပါ။

ပြီးတော့....တိုက်ခိုက်သံများ ထွက်ပေါ်လာသည်။ လူအချို့ လွင့်စင်သွားသော အသံနှင့် နာကျင်စွာ အော်ဟစ်လိုက်သော အသံများလည်း ဆက်တိုက်ပေါ်လာသည်။ အပြင်မှာ ဝရုန်းသုန်းကား ဖြစ်နေပါပြီ။

နှာခေါင်းကောက်ကောက်နှင့်လူက ဆွတ်ခနဲ ထရပ်လိုက်ပြီး...

"တော်တော် အတင့်ရဲ ရမ်းကားတဲ့ လူပါလား....ကျုပ်သွားကြည့်လိုက်ဦးမယ်...."



"စိတ်မရှိပါနဲ့ခင်ဗျာ...ကျွန်တော့်သူငယ်ချင်းပါ"

လုရှောင်ဖုန့်က ပြောလိုက်ရသည်။ နှာခေါင်းကောက်ကောက်လူက လုရှောင်ဖုန့်ကို စိုက်ကြည့်ပြီး ပြန်ထိုင်လိုက်လေသည်။

ကွေးရှင် ဘုရင်ကြီးကတော့ ရယ်မောပြီး....

"မင်းရဲ့ သူငယ်ချင်းဆိုရင်လည်း ခေါ်လိုက်ပါကွယ်....တို့ရက် တူတူ သောက်ကြရအောင်...."

"ဘာဖြစ်လို့ သူများက ရှင့်ကို မြေခွေးကြီးလို့ ခေါ်တာလဲ....နောက်တော့ ကျွန်မကို ပြောကိုပြောပြရမယ် သိလား...."

မင်းသမီးလေးက နှုတ်ခမ်းတိုက်ပြီး ပြောလိုက်ပါသည်။ ပြီးတော့ မပွင့်တစ်ပွင့် ရယ်မောရလေသည်။

❋

ဆက်တူမှာ လုရှောင်ဖုန့်ကို အခန့်သား စားသောက်နေသည်ကို တွေ့လိုက်ရသည်နှင့် ဒေါသထွက် စိတ်ဆိုးသွားပါ၏။ ဒီကောင် သူငယ်ချင်းကောင်း မပီသဘူး။ သူ ဒီလိုသတ်မှတ်လိုက်၏။

သို့ရာတွင် သုံးလေးခွက်ခန့် သောက်ပြီးသည်နှင့် သူ့ဒေါသတွေ ပြေပျောက်သွားသည်။ အလွန်လှပသော အပျိုရုံလေးတွေက သူ့ အရက်ခွက်ကို ဖြည့်ဖြည့်ပေးနေလေတော့ ဒေါသမထွက်နိုင်ဘဲလည်း ရှိနေရသည်။

ထိုအခါကျမှပင် လုရှောင်ဖုန့်ကလည်း အရက်ဝိုင်း ထိုင်သောက်နေကြသော လူများ၏ အကြောင်းကို သိရှိခဲ့ရလေသည်။



တကယ်တော့ ထိုသူများမှာ ဒိတ်ဒိတ်ကြဲ သိုင်းသမားများဖြစ်နေလေသည်။

နဂါးပတ်သိုင်းအဖွဲ့မှ နာမည်ကျော် သိုင်းသမား နှစ်ယောက်ဖြစ်သော 'ဟူကျား'နှင့် ဟူရှန်းတို့မှာ တစ်ကိုယ်တော် သိုင်းသမားကူးဖုန်းနှင့်အတူ ဘယ်ဘက်တွင် ထိုင်နေလေသည်။

နှာခေါင်း ကောက်ကောက်နှင့် လူမှာ နာမည်ပို၍ ကြီးသည်။ အလွန်ရက်စက်သူဟု သတင်းကြီးသော သွေးအေးလူသတ်သမားတုခိုင်ဖြစ်လေသည်။ တုခိုင်၏ ဘေးတွင် ထိုင်နေသူမှာ ဝမ်းချုံးဖြစ်လေသည်။ မျက်နှာမှာ ရောဂါသည်လို ဝါထိန်နေသည်။ သူ့နာမည်ကိုမူ လုရှောင်ဖုန့် မကြားခဲ့ဘူးချေ။

ကျေးရှင် ဘုရင်ကြီးက တစ်ယောက်ချင်း မိတ်ဆက်ပေးပြီးနောက် ....

"ကျုပ်က အထွေအထူး တခြားဝါသနာ မရှိလှပေမယ့် .... သိုင်းသမားတွေနဲ့ မိတ်ဆွေဖွဲ့ချင်တဲ့ ဝါသနာကတော့ သိပ်ကြီးတယ်၊ သူတို့ ငါးယောက်က ကျုပ်ဖိတ်ခေါ်ထားတဲ့ ဧည့်သည်တော်တွေပဲ၊ ဒါထက် မင်းတို့က ဘယ်သူတွေပါလဲ...."

ဘုရင်ကြီးက ဆက်တူနှင့် ကျိုပင်းရက်ကို လှမ်းမေးလိုက်၏။

လုရှောင်ဖုန့်က ဝင်ရောက်၍ နာမည်များ ပြောလိုက်သည်။ နာမည်
က အစစ်မဟုတ်၊ နာမည်တုများ ပေးလိုက်ခြင်းဖြစ်လေသည်။

✱ ✱ ✱ ✱ ✱

## ...အခန်း (၁၃)

မင်းသမီးလေး ပီးပါးက အရက်နှစ်ခွက် ငှဲ့လိုက်ပါသည်။
...တော့ အရက်နှစ်ခွက်ကို ဆက်တူနှင့်ကျိုပင်းရက်ကို ကမ်းပေးပြီး....

"ရှင်တို့က သူ့ရဲ့သူငယ်ချင်းတွေဆိုတော့...ကျွန်မရဲ့ ဧည့်သည်
...တော်တွေပဲပေါ့....ကျွန်မရဲ့ ဂုဏ်ပြုတဲ့အရက်ကို သောက်ကြပါ"

ကြယ်ချွေဆက်တူမှာ သဘောကျသွားသည်။ ရွှင်လန်းစွာ
...ရယ်မောပြီး....

"ကျုပ်တို့ကို သခင်မလေးက ခုလို လေးလေးစားစား ပြုမူ
ဆက်ဆံတာကို ကျုပ်တို့ သိပ်ပြီး ဝမ်းသာပါတယ်...."

ပြောပြောဆိုဆို ဆက်တူက အရက်ခွက်ကို လှမ်းယူရန် ပြင်
...လိုက်သည်။

"ဒီအရက်ခွက် ကျုပ်သောက်ချင်တယ်...."

အေးစက်သောအသံက ရုတ်တရက် ပေါ်ထွက်လာသည်

ပြီးတော့ လူတစ်ယောက်ထလာသည်။ သွေးအေး လူသ

သမား တုခိုင်ပင်ဖြစ်လေသည်။

"အရက်တွေ အများကြီးပါ....မိတ်ဆွေသောက်ချင်ရင် ဟို

ရှိနေပါတယ်...."

ဆက်တူက ခပ်ပြုံးပြုံးပြောလိုက်သည်။ တုခိုင်ကလည်း

သည်။ တုခိုင်အပြုံးက မခိုးမခန့်အပြုံး။ ပမာမခန့် အပြုံး။

"ကျုပ်က ဒီအရက်တစ်ခွက်ပဲ သောက်ချင်တာဗျ...."

ဆက်တူမှာ အံ့အားသင့်နေ၏။

"ဒီအရက်ခွက်ထဲက အရက်က ပိုကောင်းလို့လား ပိုပြီးမွှေး

လား...."

"ဟုတ်တယ်...သခင်မလေးရဲ့ လက်ထဲက အရက်ကပိုကော

ပိုမွှေးတယ်...."

ဆက်တူက တုခိုင်ကို တွေဟန်နှင့် စိုက်ကြည့်နေသည်။ အတ

ကြာ စိုက်ကြည့်ပြီးမှ မပွင့်တပွင့် ရယ်လိုက်ပြီး....

"ကျုပ်သိပြီ...ခင်ဗျားက အရက်သောက်ချင်လို့မှ မဟုတ်

အနိုင်ကျင့်ချင်နေတာကိုး...."



တုခိုင်က ဘာမပြော။ ဆက်တူကို အေးစက်သောအကြည့်ဖြင့်

ကြည့်နေ၏။

"ကဲ...ကျုပ်ကလည်း ဒီအရက်ခွက်ကိုမှ သောက်ချင်နေတာ၊

ကာ...ခင်ဗျားရော ကျုပ်ရော ဒီအရက်ခွက်ကိုမှ သောက်ချင်နေတော့

ယ်လိုလုပ်ကြမလဲ...."

ဆက်တူက ခပ်အေးအေး မေးလိုက်သည်။ တုခိုင်က ပမာမခန့်

အရာဖြင့်....

"ဒီအရက်ခွက်ကို ခင်ဗျားသောက်ချင်ရင်....ကျုပ်ကို လဲကျ

အောင် တွန်းကြည့်....တွန်းနိုင်ရင် ခင်ဗျားဒီအရက်သောက်နိုင်တယ်၊

ဗျားကိုလည်း ကျုပ်က ဒူးထောက်ပြီး ဦးသုံးကြိမ်ချဦးမယ်...ဒါမှ

ဟုတ်ဘဲ ခင်ဗျား ကျုပ်ကို ဦးသုံးကြိမ်ချပေတော့...."

ဆက်တူ သက်ပြင်းလေးယဲ့ယဲ့ချပြီး။

"ဒီ အရက်ခွက်သောက်ဖို့ ဘာဖြစ်လို့ ဒီလောက်တောင် ဒုက္ခ

ခံနေရပါလိမ့်နော်...အေးလေး ဘာပဲဖြစ်ဖြစ် ကျုပ်တို့စမ်းကြတာပေါ့"

ဆက်တူက ပြောလိုက်၏။ အားလုံး လှုပ်လှုပ်ရှားရှားဖြစ်လို့

သွားကြသည်။ တုခိုင်၏ မျက်နှာဝယ် လူသတ်ချင်တဲ့ အရိုးအငွေ့

မျက်သမ်းနေကြောင်း အားလုံး တွေ့ရှိနေကြသဖြင့် ဆက်တူတစ်

ယောက် ဒုက္ခလှလှကြီး ရောက်တော့မည်ဟု သတ်မှတ်နေကြပါပြီ။

"တုနိုင်ရဲ့ သိုင်းပညာ မသေးဘူးကွ...ပြီးတော့ ရက်စက်တယ် ကောက်ကျစ်တယ်၊ ကြောက်စရာကောင်းတယ်လို့လည်း ပြောတယ် ဆက်တူကို ကောင်းကောင်း ဂရုစိုက်ကြည့်နေဦး...."

ကျိုပင်းရက်က လုရှောင်ဖုန့်ကို လေသံလေးဖြင့် ပြောလိုက်၏၊ လုရှောင်ဖုန့်က ပြုံးလိုက်ပါသည်။

"ကိစ္စမရှိပါဘူးကွာ...အရေးမကြီးပါဘူး...ဒီကောင်က ဒီနိုင် တွေမှာ အရက်တွေသိပ်သောက်နေပေမယ့်...လေ့ကျင့်မှု မပြတ်လပ် သေးပါဘူး...."

ထိုစဉ်မှာပင် တုနိုင်က လက်နှစ်ဖက်နောက်ပစ်ပြီး ကိုယ်ကို ဖြောင့်ဖြောင့်ရပ်ထားလိုက်သည်။ သူ့မျက်နှာမှာ ကြောက်စရာကောင်း လှအောင် တင်းမာနေသည်။ ပြီးတော့ ကြောက်စရာကောင်းသော ခနဲ့ပြုံး ပြုံးကာ....

"ကျုပ် ဒီအတိုင်းပဲရပ်နေမယ်...မလှုပ်ဘူး...ကျုပ်ကို ခင်ဗျား တွန်းရဲသလား...."

"ခင်ဗျား ရှေ့ကိုလဲကျချင်သလား.... နောက်ကို လဲကျချင် သလား ပြောပါဦးလေ...."

ဆက်တူကလည်း ပမာမခန့် ရယ်မောရင်း ပြန်မေးလိုက်သည်။

"ခင်ဗျား ကျုပ် ကိုယ်ကွေးအောင် တွန်းနိုင်ရင်ပဲ ခင်ဗျ နိုင်



သွားပြီ...."

တုနိုင်က ခေါ်သဖြင့် လှမ်းအော်သည်။

"ခင်ဗျား ဘာမှ ပြန်မလုပ်ဘူးလား...."

ဆက်တူ မျက်တောင်တစ်ချက်ခတ်ပြီး ခူးစူးစမ်းစမ်းမေးလိုက် ပြန်၏။ တုနိုင်က အေးစက်သော လေသံဖြင့်....

"ကျုပ် သိချင်တာ ခင်ဗျားက ကျုပ်ကိုယ်ကို ကွေးနိုင်၊ မကွေး နိုင်ဆိုတာပဲ....ကျုပ် ခင်ဗျားကိုယ်ကို ကွေးချင်တာ မဟုတ်ဘူး...."

"ကောင်းပြီ စိမ်လိုက်"

ဆက်တူက တစ်လှမ်းချင်း လျှောက်သွားသည်။ နဂါးပတ် သိုင်းအဖွဲ့မှ ညီအစ်ကိုနှစ်ယောက်နှင့် တစ်ကိုယ်တော် သိုင်းသမား ကူဖုန်း ...ဆက်တူအား သနားသော အမူအရာများဖြင့် ကြည့်နေ ကြလေသည်။ ဆက်တူတစ်ယောက် အသေအချာ သေတော့မည်ဟု တွက်ထားလိုက်ကြပြီ ဖြစ်သည်။

ဝမ်းချူးတစ်ယောက်ကသာ မျက်စေ့ မပွင့်တစ်ပွင့် မှိုင်တိုင်တိုင် နှင့် အရေးမစိုက်သလို ရှိနေ၏။

ဆက်တူ တုနိုင်နား ရောက်သွားပြီ။

"သူက ငါ့ကို ဘာမှမလုပ်ဘူးတဲ့...မတ်တတ်ရပ်နေတဲ့လူကို ငါက တွန်းလှဲရမယ်ဆိုတော့ နိုင်မှာ ကျိန်းသေပေါ့...."

ဆက်တူက သူ့ဖာသာ တီးတိုးရေရွတ်ပြီး အင်္ကျီလက်စကို တင်လိုက်သည်။ ပြီးတော့ တုခိုင်၏ ပခုံးနှစ်ဖက်ကို ကိုင်လိုက်ပြီး နောက်ကို တွန်းလှည့်လိုက်ပါ၏။

ထိုအချိန်မှာပင် ကောက်ကျစ်သော အပြုံးက တုခိုင်မျက်နှာတွင် ရုတ်ခြည် ပေါ်လာသည်။

"ခင်ဗျား တွန်းတာကို ကျုပ်က ဒီအတိုင်းငြိမ်ပြီး နေရမှာလား ဘယ်သူ ဒီလောက် အ,ပါ့မလဲ...."

ပြောပြောဆိုဆို နောက်ပစ်ထားသော သူ့လက်က လှုပ်ရှားလာသည်။ ဆက်တူကို အပိုင် တိုက်ခိုက်လိုက်ပြီ။

ညိုမဲနေသော သံကွင်းကြီးက တုခိုင်လက်မှာ ရှိနေသည်။ သံကွင်းကြီး၏ အနားမှာ ထက်မြက်လှသည်။ ထက်မြက်ရုံမက အဆိပ်လည်းပြင်းလှသည်။ တစ်ချက် ထိမိလျှင်ပင် အသက်ရှင်ဖို့ မလွယ်တော့။

သံကွင်းကြီးမှာ ဆက်တူ၏ ရင်ဘတ်ဆီ အရှိန်နှင့်ကျလာပြီ။

ဆက်တူမှာ တုခိုင်၏ ပခုံးကို ကိုင်ထားသဖြင့် သူ့ရင်ဘတ်မှာ ဖွင့်ပေးထားသလို ဖြစ် သည်။

ဟူကျားတို့ လူသိုက်မှာ ဆက်တူ စက္ကန့်ပိုင်းအတွင်း သေတော့မည်ဟု တွက်ဆလိုက်သည်။



လုရှောင်ဖုန့်ပင်လျှင် ရုတ်တရက် မျက်လုံးပြူးသွားသည်။

...နှံလှုပ်သွား၏။

ထိုခဏလေးတွင်ပင် ဆက်တူ၏ လက်နှစ်ဖက်က တုခိုင်၏ ...ခုံးကို ကိုင်ထားရာမှ သူ့ရင်ဘတ်ရှေ့တွင် ဖျတ်ခနဲ ရိုက်လိုက်၏။

ယင်ကောင်ကို လက်ဝါးနှစ်ဖက်ဖြင့် ရိုက်သတ်လိုက်သလို ...ခန့်မျိုး။ ဒါပေမယ့် ယင်ကောင်တော့ မဟုတ်ပါ။ သွေးအေး လူသတ် ...သမား တုခိုင်၏ လက်ကိုပါ။ တုခိုင်၏ သံကွင်းကိုင်လက်မှာ ဆက်တူ ...၏ လက်ဝါးနှစ်ဖက်ကြားတွင် ညှပ်မိသွားပါ၏။

မြန်လှပါသည်။ ပြင်းလည်း ပြင်းထန်လှပါသည်။

တုခိုင်လက်မှာ ဆက်တူ၏ လက်နှစ်ဖက် ရိုက်မိသွားသည်။ ...ဆက်တူ၏ ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် အရိုးကျိုးသွား ...ပါပြီ။

ဆကတူက ပေ့ါပါးစွာ နောက်သို့ ခုန်ဆုတ်လိုက်သည်။ ပြီး ...တော့ ယဲ့ယဲ့ပြုံးပြီး....

"ဒီလူက လူသတ်တာတွေ သိပ်များနေပြီ....သူ အနားယူဖို့ ...ကောင်းပါပြီ....အနားယူလိုက်ပါတော့...."

သွေးအေးလူသတ်သမား တုခိုင် အံကိုကြိတ်၍ ထားသည်။ ...နာကျင်လွန်းသဖြင့် မအော်မိရန် အံကြိတ်ထားရသည်။ မျက်နှာမှာ

သွေးမရှိတော့သလို ဖြူဖွေးသွားသည်။ နောက် တဖြည်းဖြည်း လဲကျ သွားတော့သည်။

အားလုံး တစ်ခဏ မှင်သက်မိသွားကြ၏။ အဖြစ်က မထင် မှတ်တဲ့အဖြစ်။

ဟူကျားတို့ လူသိုက် တုန်လှုပ်ချောက်ချားသွားကြသည်၊ ဆက်တူ၏ သိုင်းပညာမှာ အနုစားမှ မဟုတ်တာ။ အလွန် အဆင့်မြင့် ကြောင်း တွေ့ရှိသွားကြပါပြီ။

သို့ရာတွင် ဆက်တူတစ်ယောက် ဘယ်လို သိုင်းကွက်ကြီး သုံးလိုက်သည်ကိုမူ သူတို့နားမလည်လိုက်ပါ။ အနည်းငယ် ရိပ်စားမိ လိုက်သူက ‘ဝမ်းချုံ’ ပင်။

တစ်ချိန်လုံး မှိုင်တိုင်တိုင် ဖြစ်နေသော ရောဂါသည် ဝမ်းချုံးက ထိုင်ရာမှ ရုတ်တရက် ထလိုက်ပြီး....

“ခင်ဗျား....ခင်ဗျားက သိုင်းလောကမှာ လုရှောင်ဖုန့်နဲ့အတူ သတင်းကြီးတဲ့ သူခိုးဝိဇ္ဇာကြီး ကြယ်ရွှေဆက်တူဆိုတာများလား၊ ခင်ဗျား သုံးတဲ့သိုင်းကွက် လုရှောင်ဖုန့်လည်း အသုံးပြုတတ်တယ်”

ဆက်တူက ကြောင်သွားသည်။ သူ့ကို သိသွားပြီပဲ။

သူ ရယ်မောလိုက်ပြီး...

“ဒီသူခိုးဝိဇ္ဇာကြီးက အရက်အိုးထဲမှာ အကြာကြီး စိမ်ထားတာ



တောင် ခင်ဗျားက မှတ်မိသေးတာကိုး....”

သူ ဝန်ခံလိုက်သည်။

ဟူကျားတို့ လူသိုက် တုန်လှုပ်ချောက်ချားသွားကြလေသည်။

ဝမ်းချုံက သက်ပြင်း ယဲ့ယဲ့ချပြီး။

“အင်း....ကြယ်ရွှေဆက်တူ....ကျုပ်အစောကြီးကတည်းက ခင်ဗျားကို မှတ်မိသင့်တယ်....”

“ခင်ဗျားကိုတော့ ကျုပ် မမှတ်မိပါဘူး....”

“ကျုပ်နာမည်ကြီးတဲ့လူ မဟုတ်ပါဘူး”

ဝမ်းချုံးက စကားဆုံးသည်နှင့် လုရှောင်ဖုန့်ဘက် လှည့်ကြည့် သည်။

“ဟုတ်ပါပြီ၊ မျက်ခုံးမွေး လေးခုနဲ့လူပဲ....ခင်ဗျားက နာမည် ကြီး သိုင်းသမား လုရှောင်ဖုန့်ပေါ့နော်....”

အားလုံး လှုပ်ရှားသွားကြပြန်၏။

“သူခိုးဝိဇ္ဇာကြီးရဲ့ ဘေးမှာရှိတဲ့ လူဟာ...လုရှောင်ဖုန့်ပဲ ဖြစ်ရ တော့မှာလား....”

လုရှောင်ဖုန့်က အေးဆေးစွာ ပြောသည်။

“ကျုပ်က နာမည်မကြီးပေမယ့်...သိုင်းလောကနဲ့ သိုင်းသမား ကြီးတွေကို သိပါတယ် .... လုရှောင်ဖုန့်ရဲ့ဘေးမှာ သူခိုးဝိဇ္ဇာတို့

မုသောက်ရသေ့ကြီးတို့၊ မန်လိုတို့၊ သိန်းငှက်တို့ ရှိတတ်တာပဲ....မုသောက်ရသေ့ကြီးနဲ့မန်လိုကို မြင်ဖူးထားတော့ ခင်ဗျားက မျက်ခုံးမွေးလေးခုရှင် လုရှောင်ဖုန့်...ဟို မိတ်ဆွေက သိန်းငှက်ဘုရင် ကျိုပင်းရက်ထင်ပါရဲ့...."

လုရှောင်ဖုန့်မှာ အံ့အားသင့်သွား၏။ ဝမ်ချုံးသည် ထူးခြားသည့်လူတစ်ဦးပင်၊ ဘယ်လိုလူမျိုး ဖြစ်ပေသနည်း။ သူ့စိတ်မှာ တစ်မျိုးကြီးဖြစ်နေသည်။ သံသယတွေ ဝင်နေသလိုလို။

ကွေးရှင် ဘုရင်ကြီးကတော့ ရယ်မောပြီး....

"လက်စသတ်တော့ မောင်မင်းတို့က တကယ့်ဒိတ်ဒိတ်ကြိုင်းသမားကြီးတွေကိုး...ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ ဧည့်သည်တော်ဖြစ်ရင် ကောင်းကောင်း ပြုစု ဧည့်ခံကျွေးမွေးမှာပဲ...."

❋

တကယ်ပင် ကောင်းကောင်း ဧည့်ခံ ကျွေးမွေးပါ၏။

ရွက်ဖျင်ကြီးမှစ၍ ကောင်းမွန်လှပလှသည်။

အရက်ခွက်ကို ကိုင်ထားသော ဆက်တူက ကျားအရေခွံပေါ်တွင် ခြေပစ်လက်ပစ် ဇိမ်ကျကျ လှဲလျောင်းလို့နေသည်။

"အင်း....လောကကြီးက တယ်ဆန်းပါလား....မနေ့တုန်းကတော့ တို့တွေ သဲပြင်မှာ ခွေးတွေလို အိပ်ခဲ့ရတယ်....ဒီနေ့တော့ နတ်သားလေးတွေလို ဇိမ်နဲ့နေနေရတယ်...."

ဆက်တူက အားရစွာ ရေရွတ်သည်။

ကျိုပင်းရက်ကမူ အေးစက်သော လေသံဖြင့်....

"ဒီနေရာက သိပ်ဇိမ်ကျတယ်လို့ မင်းက ထင်နေလို့လား"

"ဟ...ဒီထက် ဇိမ်ကျတဲ့နေရာ ရှိသေးသလား...မင်းရှာပေးနိုင်ရင် မင်းကို ဆရာတင်မယ်ကွာ...."

"ငါက ဒီရောဟာ ဇိမ်ကျရုံမကဘူး…အန္တရာယ်လည်း သိပ်များတယ်လို့ ငါထင်တယ်…."

ဆက်တူက ချက်ခြင်း လူးလဲထလိုက်၏။

"ဘာပြောတယ် အန္တရာယ်ဟုတ်လား"

"အေး…ဟုတ်တယ်…မင်း စဉ်းစားကြည့်စမ်း…ကွေးရှင်ဘုရင်ကြီးဟာ…. သူ့ တိုင်းပြည်မှာ သူ အေးအေးဆေးဆေး ဇိမ်ကျကျ နေထိုင်နိုင်ရက်နဲ့ လူတွေတစ်ပုံကြီးနဲ့ ဒီလောက် ခြောက်သွေ့ပြီး လူသုကင်းတဲ့ သဲကန္တာရမှာ လာနေရသလဲ…."

"သူတို့ အရောင်းအဝယ် ထွက်တာများလား…."

ဆက်တူ ငေးကြောင်ကြောင် ရေရွတ်သည်။ ကျိုပင်းရက်က ဆက်၍….

"ဘုရင်တစ်ယောက် ဖြစ်နေရက်နဲ့ ဘာကြောင့် သိုင်းလောကက လူတွေကို အောက်ကျခံ ပေါင်းနေရတာလဲ…."

သည်တစ်ခါ ဆက်တူ ငြိမ်သွားသည်။ တွေဝေ စဉ်းစားနေသည်။ တခဏနေမှ….

"ဟုတ်တယ်ကွ…ထူးဆန်းနေတယ်…သူက သိုင်းပညာတော်ရင် ပြီးရော….လူဆိုး လူကောင်းမခွဲဘူး….ဘုရင်ကြီး ဘာတွေ ကြံနေသလဲ မသိဘူး…."



သူတို့နှစ်ယောက် စကားပြောနေသည်ကို ငြိမ်သက်စွာ နားထောင်နေသော လုရှောင်ဖုန့်က ပြုံးလိုက်ပြီး။

"ဒါက လွယ်လွယ်လေးပါ…. ဘုရင်ကြီး အခက်အခဲ တွေ့နေတယ်….သိုင်းသမားတွေနဲ့ ဖြေရှင်းမှ ရနိုင်မယ်ဆိုတာ ထင်ရှားတာပေါ့…."

"တို့ကို သူငယ်ချင်းလို ဆက်ဆံတာ တို့ကို ကူညီနိုင်းဖို့ပေါ့ ဟုတ်လား…."

ဆက်တူက မေးလိုက်သည်။

"ဒါပေါ့ကွာ….မင်းက အရက်ကို အလကား သောက်ရမယ် ထင်နေလို့လား…."

လုရှောင်ဖုန့်က ရယ်မောရင်း ဖြေလိုက်၏။

"ဒါက အကြောင်းမဟုတ်ပါဘူး….ဒီဘုရင်က သိပ်မဆိုးလှပါဘူး….သူ ဒုက္ခတွေ့နေရင် တို့ ကူညီသင့်တာပေါ့…."

"အေး…တို့က ကူညီချင်ပေမယ့် တို့ ဆက်ကွမ်းရင်းကို မေ့နေလို့ မရဘူးကွ…."

ကျိုပင်းရက်က ဝင်ပြောလိုက်ခြင်း ဖြစ်၏။

ဆက်ကွမ်းရင်းဟူသည့်အမည် ကြားလိုက်သည်နှင့် ဆက်တူမှာ တောင့်တင်းသွားသည်။ အတန်ကြာမှ။

"ဒီလိုဆို တို့ ဘာလုပ်ကြမလဲ...."

"တို့အားလုံး ညဥ့်နက်ရင် ရေဘူး သုံးလေးဘူးခိုးပြီး ထွက်သွားကြတာပေါ့...."

လုရှောင်ဖုန့်က သူတို့နှစ်ယောက်ကို ကြည့်ပြီး ခေါင်းယမ်းလိုက်၏။ ပြီးမှ....

"ထို့သွားဖို့ မလိုပါဘူး...."

သည်စကားကြောင့် ဆက်တူမျက်နှာ ချက်ခြင်း ဝင်းလက်သွားသည်။ ကျိပင်းရက်ကတော့ လုရှောင်ဖုန့်ကို အကဲခတ်ပြီး။

"ဘာဖြစ်လို့ တို့သွားဖို့ မလိုတာလဲ...."

"တို့ ဆက်ကွမ်းရင်းကို ခြေရာခံချင်ရင် တွေ့ချင်ရင်...ဒီကနေစပြီး ခြေရာခံရလိမ့်မယ်...."

လုရှောင်ဖုန့်သည် စကားတစ်ခွန်းကို အကျိုးမဲ့ မပြောတတ်၊ ဒါကြောင့် ကျိပင်းရက် စဉ်းစားသည်။ ပြီးတော့ တုန်လှုပ်သွားသည်၊ ဆက်တူမှာလည်း ထိတ်လန့်သွားပြီ။

"ဆက်ကွမ်းရင်း ဒီမှာ ရှိနေသလား"

"သူကိုယ်တိုင် ရှိချင်မှရှိမယ်....ဒါပေမယ့် သူ့ယော်သားတွေ သူလျှိုတွေတော့ လွှတ်ထားတာ ရှိလိမ့်မယ်..."

"မင်း ဘယ်လိုလုပ်သိတာလဲ...."



ဆက်တူက အကဲခတ်ရင်း မေးလိုက်သည်။

"ကျားငါးကောင်ဂိုဏ်းက အာမခံသမားတွေ မိုးသောက်ကြယ်ဆိုတဲ့ ရတနာကို ဘယ်နေရာပို့ဖို့ လာသလဲဆိုတာ မင်းတို့သိသလား"

လုရှောင်ဖုန့်က အေးဆေးစွာ မေးလိုက်၏။ ဆက်တူက မျက်ခုံးပင့်ပြီး....

"မသိဘူးလေ....ဘာလဲ ဒီနေရာကို လာပို့တာလား...."

"အေး....ဟုတ်တယ်"

"ဘယ်လိုလုပ်ပြီး မင်း သိတာလဲ...."

ကျိပင်းရက် ဝင်မေးသည်။

"ငါကို အရက်သောက်နေကြတုန်းက စစ်သားတစ်ယောက်ဝင်လာပြ ဘုရင်ကြီးနားကပ်ပြီး တီးတိုးပြောတယ် မဟုတ်လား"

"အေးလေ....ငါလည်း မြင်လိုက်သားပဲ"

"ငါ သေသေချာချာ နားထောင်လိုက်တယ်ကွ...သူတို့ပြောတာ ကြားရင်ပြည်နယ် စကားပါပဲ....ဒါပေမယ့် တချို့စကားလုံးတွေက တရုတ်စကားတွေပဲ .... ကျားငါးကောင်တို့ ဖန်ရှီအာမခံဌာနတဲ့ .... ဆက်ကွမ်းရင်းတို့ မိုးသောက်ကြယ်တို့ဆိုတာ ကောင်းကောင်း ကြားလိုက်ရတယ်....ဒီစကားတွေ ကြားတော့ ဘုရင်ကြီးအတော် မျက်နှာပျက်သွားတယ်ကွ...."

လုရှောင်ဖုန့်က စကား ခဏရပ်ပြီး ပင့်သက်ရှိုက်လိုက်သည်။ နောက်ဆက်၍....

"ဒီတော့ မိုးသောက်ကြယ်ဟာ...ကွေးရှင်ဘုရင်ကြီးနဲ့ ဆက်သွယ်မှု ရှိလိမ့်မယ်...ဆက်ကွမ်းရင်းဟာ ဘုရင်ကြီးရဲ့ ရန်သူဖြစ်ရမယ်လို့ ငါ ထင်တယ်"

"ဒီလိုဆို သိပ်ကောင်းတာပေါ့...ဆက်ကွမ်းရင်းသာ သူ့ရန်သူဆိုရင် တို့အပြန်အလှန် ကူညီနိုင်ကြတာပေါ့...."

ဆက်တူက အားရဝမ်းသာ ရေရွတ်လိုက်သည်။

"ပြီးတော့...တို့တတွေ ဒီကနေ ဆက်ကွမ်းရင်းကို စောင့်ရင်း စားရေးသောက်ရေးလည်း မပူပန်ရတော့ဘူး...."

လုရှောင်ဖုန့်က ဆက်ပြောသည်။

ကျိပင်းရက်က အတန်ကြာ လေးလေးနက်နက် စဉ်းစားပြီး....

"ဆက်ကွမ်းရင်းက သူလျှိုလွှတ်ထားတယ်ဆိုရင် ဘယ်သူဖြစ်နိုင်မယ် ထင်သလဲ...."

"ဝမ်ချုံး ဖြစ်နိုင်တယ်ကွ"

"အေး ဟုတ်တယ်...ဒီကောင်က နာမည်ရင်း ဝှက်ထားတာပဲ ဒီနာမည် ငါ တစ်ခါမှ မကြားဖူးဘူး....သိပ်ဖြစ်နိုင်တာပေါ့"

ဆက်တူက ထောက်ခံသည်။



"အေး...သိပ်ဟုတ်နိုင်တယ်၊ နေထိုင်တာက ထိုင်းထိုင်းအအိပ်ရှိတယ်၊ သိုင်းပညာကိုလည်း မဖော်ထုတ်ဘူး...ဖုံးဝှက်ထားမှန်တယ်၊ သူ့မှာ အကြံအစည်ရှိရမယ်...."

ကျိပင်းရက် သဘောပေါက်သွားသည်။ ထောက်ခံသည်။

ထိုစဉ် အပြင်မှ ချောင်းဟန့်သံကြားလိုက်ရပြီး....

"မိတ်ဆွေတို့ မအိပ်ကြသေးဘူး မဟုတ်လား...."

လူတစ်ယောက် ဝင်လာသည်။

နဂါးပတ် ဓားသိုင်းအဖွဲ့မှ ဟူဂျူးပင် ဖြစ်လေတော့သည်။

❀ ❀ ❀ ❀ ❀

## အခန်း (၁၄)

ဟူကျားက ပြုံးပြုံးရွှင်ရွှင်နှင့် ရွက်ဖျင်တဲကြီးအတွင်း ဝင်လာသည်။

"ကျုပ်...ဒီကိုလာရတဲ့ အကြောင်းရင်း မိတ်ဆွေတို့ ခန့်မှန်းနိုင်လိမ့်မယ် မထင်ဘူးဗျို့...."

သူက ပြောသည်။

- ဆက်တူက ခေါင်းညိတ်ပြီး....

"စဉ်းစားနေပေမယ့်....အဖြေပေါ်မယ် မထင်ဘူးဗျ"

"သူများရဲ့ စေခိုင်းချက်ကြောင့် ကျုပ် လာခဲ့ရတာပါ"

ဟူကျားက ရယ်မောပြီး ပြောလိုက်သည်။

"ဘာကိစ္စအတွက် ဘယ်သူက စေခိုင်းတာလဲဗျ"



ဟူကျားက ဆက်တူကို ပြုံးပြီး ကြည့်ရာမှ အားလုံးကို ဝေ့ကြည့်ပါ၏။

"မိတ်ဆွေတို့ကို ထိမ်းမြားလက်ထပ်ဖို့ ဘုရင်ကြီးက ဖောင်းဆိုလိုက်လို့ပါ...."

သည်စကားကြောင့် ကျိုပင်းရက်ပင်လျှင် အံ့အားသင့်သွားလေ၏။ ဆက်တူကတော့ ယိမ်းထိုး ရယ်မောပြီး....

"ဘုရင်ကြီးက တို့ကို အိမ်ရှေ့စံမင်းသား ခန့်မလို့လား...."

ဟူကျားကလည်း ရယ်မောပြီး....

"မိတ်ဆွေတို့ သုံးယောက်ထဲက တစ်ယောက်ကိုပါ...ဘုရင်ကြီး မဟုတ်ပါဘူး....မင်းသမီးရဲ့ ဆန္ဒပါ"

ထိုစကားကြားလိုက်သည်နှင့် ကျိုပင်းရက်က အေးဆေးစွာနှင့် ရာတွင် သွားထိုင်လိုက်သည်။ မင်းသမီးက သူ့ကို မည်သည့်နှင့်မျှ သဘောကျလိမ့်မည် မဟုတ်။ ဒါကို သူ အသေအချာသိ၏။

ဆက်တူကတော့ စိတ်လှုပ်ရှားသွားလေသည်။

လုရှောင်ဖုန့်မှာတော့ ခပ်တည်တည်ပင်။ သို့ရာတွင် မျက်လုံးမှာ ရှင်လက်လို့ နေသည်။

နှစ်ယောက်စလုံး စိတ်လှုပ်ရှားနေသည်ကို ကျိုပင်းရက်က

အကဲခတ်မိသည်။ ရယ်ချင်နေသည်။

ဆက်တူက မနေနိုင်တော့ပေ။ သိလိုစိတ်ပြင်းစွာနှ

"ဘယ်သူ့ကို မင်းသမီးက မျက်စိကျတာလဲ မသိဘူး

သူ့အသံက ခြောက်ကပ်နေသည်။

သူ အိမ်ရှေ့စံ မင်းသားလည်း မဖြစ်ချင်ပါ။ မင်းသမီး

လည်း သိပ်သဘောကျလွန်း၍ မဟုတ်ပါ။ အခြားတစ်ယော

သဘောကျလျှင် သူ သိက္ခာနည်းနည်းကျရာ ရောက်ပေမည်

ဟူကျားက ဆက်တူကို စိုက်ကြည့်ပြီး ပြုံးသည်။ ပြီး

"ခင်ဗျားပဲလေ....မင်းသမီး မျက်စိကျတာ ခင်ဗျားကို

"ဟာ...သိပ်ကောင်းပေါ့....မင်းသမီးက တို့ရဲ့ လူစွမ်း

ကို သဘောကျတာကိုး...."

လုရှောင်ဖုန့်က ဝမ်းသာအားရ ရေရွတ်လိုက်သည်။ သူ

က ဝမ်းသာသံပါ။ ဒါပေမယ့် အနည်းငယ်တော့ အခံရခက်သွား

သိက္ခာ အနည်းငယ် ကျသွားသည်ဟု ထင်သည်။ အံ့အား

သင့်နေသည်။ မင်းသမီးလေးက ဘာကြောင့် ဆက်တူကို သ

ပါလိမ့်။

ဆက်တူ၏ ခွက်ထဲမှ အရက်များ ဖိတ်စင်သွားသည်

ရင်ထဲမှာ ပီတိတွေဖြာပြီး ဘုရားပွဲ လှည့်နေသော်လည်း မျက်



တော့ စိတ်ဆိုးတဲ့ သွင်ဟန်။

"ဟာ...အဓိပ္ပာယ်မရှိတာ မင်းသမီးက ကျုပ်ကို မျက်စိမကျ

နိုင်ပါဘူး....ခင်ဗျား မှားနေပြီထင်တယ်... "

ဆက်တူက စိတ်ဆိုးသလို ရေရွတ်သည်။

"ဟာဗျာ...ဒီလောက် အရေးကြီးတဲ့ ကိစ္စမျိုး မှားပါ့မလားဗျ"

ဆက်တူက လုရှောင်ဖုန့်ကို တစ်ချက်စွေကြည့်ပြီး ဟူကျားကို

ပြန်လှည့်ကြည့်သည်။

လုရှောင်ဖုန့်ကို ကြည့်သော အကြည့်က ကြွားလိုက်တဲ့

အကြည့်မျိုး။

"ခင်ဗျား မှားနေပြီထင်တယ်...ပြန်သွားမေးကြည့်ပါဦး"

ဆက်တူ ထပ်ပြောသည်။

ကျိုပင်းရက်မှာ ရယ်ချင်သော်လည်း မရယ်မိအောင် အောင့်

ထားရသည်။ မရယ်ရန် စိတ်တင်းထားပြီး....

"ဒီကိစ္စက သိပ်အရေးကြီးတယ် မဟုတ်လား...ကျုပ်တို့လည်း

ချက်ခြင်း ဘယ်အဖြေပေးနိုင်မလဲ...စဉ်းစားဖို့ အချိန်ပေးပါဦးလား"

"ဟုတ်တာပေါ့...ကျုပ် နောက်နာရီဝက်လောက်မှ လာခဲ့မယ်၊

ကျုပ်မလောပါဘူးဗျာ....မင်းသမီးကသာ ဟား....ဟား....ဟား"

ဟူကျားက ရယ်မောရင်း ထွက်သွားလေသည်။

"တို့ရဲ့ တစ်ကိုယ်တော် သူခိုးကြီး ဘုရင့်အိမ်ရှေ့စံ ဖြစ်တော့မယ် ဟေ့....ချီးကျူးပါတယ် ဂုဏ်ယူပါတယ်ကွာ...."

လုရှောင်ဖုန့်က ရယ်မောရင်း ပြောလိုက်ရာ ဆက်တူက မပွင့်တပွင့် ပြုံးပြီး....

"ဟေ့...ကြက်ဖအိုကြီး ဒီကောင်ကြီး ငါ့ကို မကျေမနပ်ဖြစ်နေတယ်ကွ....သူက မိန်းကလေးတိုင်း သူ့ကိုပဲ ကြိုက်နေကြတယ်လို့ ထင်နေတယ်ဟ....ဒီတစ်ခါတော့ ငါ့ကို သူတော်တော် မနာလိုဖြစ်နေပြီကွ....ဟား....ဟား....ဟား"

ဆက်တူက ကျားသားရေပေါ်တွင် လိမ့်၍ ရယ်မောနေလေသည်။ သည်တစ်ကြိမ် လုရှောင်ဖုန့်ကို ကောင်းကောင်းအနိုင်ရလိုက်သဖြင့် သိပ်သဘောကျနေပါ၏။

လုရှောင်ဖုန့်က နှာခေါင်းကို တစ်ချက်ပွတ်လိုက်ပြီး....

"ဘာပြောတယ်....ငါက မနာလိုဖြစ်နေတယ် ဟုတ်လား"

ကျိုပင်းရက်က လုရှောင်ဖုန့်ကိုကြည့်ပြီး မအောင့်နိုင်ဘဲ ပြုံးသည်။ ပြီးတော့ ရယ်သည်။ နောက်....

"မင်း မနာလိုဖြစ်နေတာတော့ ဟုတ်မယ်မထင်ဘူး...ဒါပေမယ့် မင်းစိတ်ထဲမှာတော့ သိပ်နေမကောင်းတာပါ .... တစ်မျိုးကြီးတော့ ဖြစ်နေမှာပါ...."



ဆက်တူနှင့်ကျိုပင်းရက် ရယ်မောနေသည်။ လုရှောင်ဖုန့်က ...ည်း မနေနိုင်တော့။ သူလည်း ရယ်သည်။ သုံးယောက်သား အားရ...လန်းစွာ ရယ်မောနေကြလေတော့သည်။

✹

ညဉ့်နက်လာပါပြီ။

ဆက်တိုမှာ ယခင်ညများကအတိုင်းပင် ကုလားအုပ်မျာ

အတု အထီးကျန်စွာ အိပ်စက်လို့နေသည်

ဆက်တိုကို လူတစ်ယောက်က ခပ်လှမ်းလှမ်းမှ စိုက်ကြည့်

နေသည်။ ကြည့်နေသည်မှာ ကြာပြီ။ ဆက်တိုကတော့ ဘာမှ မသိ

လုရှောင်ဖုန့်က ရွက်ဖျင်တဲမှ ထွက်လိုက်သည်နှင့် ထိုအဖြ

အရာကို လှမ်းမြင်လိုက်သည်။

ဝမ်ချူးက ဆက်တိုကိုစိုက်ကြည့်နေသည်ပဲ။ စိတ်ဝင်စား

သွင်ဟန်မျိုးနှင့်။ ဘာကြောင့် ဤဒုက္ခိတကို ဝမ်ချူး စိတ်ဝင်စားပါလို

လုရှောင်ဖုန့်က ဝမ်ချူးထံသွားရန် ခြေလှမ်းပြင်လိုက်သည်

ဝမ်ချူးက ချက်ချင်းလှည့်ထွက်သွားသည်။



ဝမ်ချူးက လုရှောင်ဖုန့်ကို မြင်တွေ့သွားသောကြောင့် ရှောင်

ထွက်သွားဟန်ပင်။

လုရှောင်ဖုန့်က လိုက်ရန် ပြင်လိုက်သည်နှင့် ချိုလွင်သော

ရယ်သံလေးက နောက်ပါးမှ ပေါ်လာသည်။

"ရှင်က မအိပ်သေးဘူးလား...ဘယ်လိုလဲ ညမင်းသား လုပ်

မလို့လား"

ချိုလွင်သော အသံရှင်လေးက ပီးပါးမင်းသမီးလေးပါ။

လုရှောင်ဖုန့်က အနိုင်နိုင်အားတင်းပြီး ပြုံးလိုက်ရသည်။

"အိပ်တော့မလို့ပါ"

မင်းသမီးလေးက ချိုလွင်စွာ ထပ်၍ ရယ်မောပြန်သည်။ ပြီး

တော့ အသံလွင်လွင်လေးနဲ့....

"ခုထက်ထိ မအိပ်သေးတာ...သူများ ရေချိုးတာကို ချောင်း

ကြည့်ချင်သေးလို့လား...."

လုရှောင်ဖုန်း မျက်နှာမှာ ပူထူသွားပါ၏။ ဘာပြောရမှန်း သူ

မသိတော့။

"ကျုပ်....ကျုပ်....အိပ်တော့မယ်"

လုရှောင်ဖုန့် မှဲပြုံး ပြုံးပြီး မင်းသမီးလေးကို ကျောခိုင်းလိုက်

သည်။ ရွက်ဖျင်တဲဆီ လှမ်းသွားသည်။

"ဟေး....ဟိုလူကြီး စကောလာပါဦးရှင့်...."

သူ မလွန်ဆန်နိုင်ပါ။ ခြေလှမ်းအစုံ ရပ်တန့်သွားရသည်။ နောက်ကို လှည့်ကြည့်လိုက်သည်။

လှရောင်အောက်ဝယ် လှလွန်းဆွေမလေး၏ မျက်လုံးမှာ အရောင်တောက်နေသည်။ သူလေးက နှုတ်ခမ်းစူပြီး....

"ရှင်က ဘာလို့ ကျွန်မကို အရေးမစိုက်တာလဲလို့...."

"ကျုပ် မင်းသမီးလေးကို အရေးမစိုက်မရှိပါဘူး...ဘာကိစ္စမှ မရှိလို့ ပြန်အိပ်တော့မလို့ပါ...."

လှရောင်ဖုန့်က မဲ့ပြုံး ပြုံး၍ ပြန်ပြောလိုက်၏။

မင်းသမီးလေး တကယ့်ကို လှပလွန်းပါသည်။ မင်းသမီးလေးက မျက်လုံးပြူးပြီး....

"ကိစ္စမရှိဘူးလို့ ဘယ်သူပြောလို့လဲ"

နှုတ်ခမ်းလေး စူပြန်ပြီ။

လရောင်အောက်တွင် မင်းသမီးလေးအလှက ပို၍ မက်စရာကောင်းနေပါ၏။ လှရောင်ဖုန့် ရင်ခုန်လာသည်။ သေးတိုးမြန်လာသည်။ သူ့စိတ်ကိုသူထိန်းသိမ်းသော်လည်း သူ ညနေခင်းက တွေ့ခဲ့ရသော သူလေး၏ လှပသော ကိုယ်လုံးလေးကို ဘယ်လိုမှ မဖျောက်နိုင်ရှိနေ၏။



သူ အပြစ်ကျူးလွန်သလို ဖြစ်နေပြီလား။

သူ့ရင်မှာ လေးလံပြီး၊ စိတ်မှာ မအီမသာကြီး ဖြစ်လာသဖြင့် ကမန်းကတန်း ချောင်းတစ်ချက် ဟန့်ပြီး....

"ဘာ....ဘာကိစ္စများ ရှိလို့လဲ...."

သူ့အသံတွေ တုန်နေသလိုလို။

မင်းသမီးလေးက နှုတ်ခမ်းကို ကိုက်ပြီး မပွင့်တစ်ပွင့် ရယ်မောလိုက်ပြီး....

"မေးစရာရှိလို့ပေါ့...အရေးကြီးတယ်...ဘာဖြစ်လို့ မြေခွေးကြီးလို့ ခေါ်တာလဲဟင်...."

ကန့်ကရလေးပါ။ မျက်လုံးတွေက ရီဝေဝေပါ။

သူလေး၏လေသံ၊ သူလေးရဲ့အကြည့်၊ သူလေး၏ အပြုံးစသည်တို့က နက်နဲသော လျှို့ဝှက်ချက်တို့ပါ၏။ ဘာကို တောင့်တနေသည်ကိုလည်း လှရောင်ဖုန့် သည်လောက် မထုံမအပ်ပါ။

ဒါပေမယ့် မင်းသမီးလေးက သူ့ သူငယ်ချင်းဆက်တူနဲ့လက်ထပ်မယ်လေ။ ဘာကြောင့် သူ့ကို ချစ်ရိပ်ချစ်ငွေ့ပြရပါလိမ့်။

လှရောင်ဖုန့်က နှာခေါင်းကိုသာ ပွတ်နေမိသည်။

မင်းသမီးလေးကမူ သူ့ကို စူးစူးရဲရဲကြည့်နေသည်။ မျက်လုံးတွေက စကားပြောနေသည်။ မပွင့်တပွင့် ပါးစပ်ကလည်း အဖြေပေး

နေသည်။

အတန်ကြာ နှစ်ယောက်စလုံး ငြိမ်နေပြီးမှ မင်းသမီးလေးက တုန်ခါသော အသံလေးဖြင့်....

"ကျွန်မ မေးတာကို ဘာလို့ အဖြေ မပေးတာလဲ ရှင်ရယ်" တိုးတိုးလေးပါ။ ကန့်ကရ နွဲ့နွဲ့ ချိုချိုလေးပါ။

လုရှောင်ဖုန့်က မျက်နှာထားတင်းလိုက်ပြီး....

"ကျုပ်ကို ဘာလို့ မေးနေရတာလဲ.... အဲဒီလို ခေါ်တဲ့လူကို သွားမေးပါလား...."

သူ့စကားကို မင်းသမီးလေး သဘောပေါက်ဟန် မတူ။

အောင်သွယ်တော်ကြီး ဟူကျား အနားရောက်လာ၍ လုရှောင်ဖုန့် စိတ်သက်သာသွားသည် ကျိတ်၍ ပျော်သွားသည်။

"ဟုတ်တယ် မဟုတ်လား"

ဟူကျားကို မေးလိုက်၏။

"ဟုတ်တယ် ဘုရင်ကြီး သိပ်သဘောကျသွားတော့ ဘုရင်ကြီး ကလည်း စကားပြောချင်တယ်...."

"ဟုတ်တာပေါ့ ဒီလိုမင်္ဂလာရက်မှာ ကျုပ်တို့လည်း မပါဘူး"

လုရှောင်ဖုန့်က မင်းသမီးကို တစ်ချက် စူးစိုက်ကြည့်လိုက်၏။ ဘာကိုမှ နားမလည်သလို၊ သည်စကားတွေရဲ့ အဓိပ္ပာယ်ကို နား



ည်သလို လုပ်နေ၏။

"မင်းကြီးက ပြောပြော မပြောပြော၊ ကျွန်မကတော့ မရရအောင် ပဲ....ရှင်ကြီး ထွက်မပြေးနိုင်ပါဘူး...."

မင်းသမီးက နှုတ်ခမ်းကို ကိုက်ပြီးပြောကာ ချာခနဲ လှည့်ထွက် းလတော့သည်။

လုရှောင်ဖုန့်မှာ ကြောင်နေ၏။

သည်တစ်ခါ စကားအဓိပ္ပာယ်ကို နားမလည်သူမှာ သူပင် တ်လား။

❀

ရွက်ဖျင်တဲအတွင်းမှာ ထိန်ထိန်လင်းနေ၏။

ဘုရင်ကြီးနားတွင် ပီးပါးမင်းသမီးလေး ရောက်နေသည်။ ကြောင်တစ်ကောင်လို ဘေးမှ တွယ်ကပ်နေသည်။

လုရှောင်ဖုန့်တို့ ဝင်လာသည်ကို တွေ့ရသည်နှင့် မင်းသမီးလေး က ပြုံးလိုက်၏။

ဆက်တူမှာ မျက်နှာမထားတတ်အောင် ဖြစ်သွားပြီး မျက်နှာရဲ သွားသည်။ သတို့သမီးလေးက ပြုံးပြရသည်ကို အံ့အားလည်း သင့်နေ သည်။ သူ့ထက် သတ္တိရှိနေပါကလား။

“ဩော်...လာကြပြီကိုး...လာကြ...လာကြ...ဟော့ အရက်နဲ့ စားစရာတွေ ပြင်ကြ”

ဘုရင်ကြီးက အော်ဟစ်သည်။

ဟူကျားက ရယ်မောပြီး....



“ခဏနေပါဦးလား...သတို့သားလောင်းက ယောက္ခမကို အရင် ဦးချမှပေါ့....”

မင်းသမီးလေးကလည်း ရယ်မောပြီး....

“ဟုတ်ပေသားပဲ...မြန်မြန် ကန်တော့လိုက်လေ”

ဆက်တူမှာ ကတုန်ကယင်ဖြစ်နေ၏။ သူ့ကို ဤလိုနောက်ပြောင်ရဲလိမ့်မည်ဟု သူ ထင်မထားခဲ့ချေ။ ဆက်တူမှာ မျက်နှာ မပူတတ်ပေ။ မျက်နှာပြောင်စရာရှိလျှင် သူ့လောက် ဘယ်သူမှ မပြောင်။ ပိုင်ဘက်မရှိဖြစ်ခဲ့သူ။ ယခုတော့ သူ့ မျက်နှာမှာ ပန်းသီးလို ရဲတွတ်နေပါ၏။

လုရှောင်ဖုန့်နှင့် ကျိုပင်းရက်တို့က သူ့ကို နောက်မှ အသာတို့လိုက်၏။

ဆက်တူက ဒုန်းခနဲ ဒူးထောက်ချလိုက်သည်။ ပြီးတော့ ပေါက်ထိန်ပေါက် ကန်တော့လိုက်၏။ မျက်နှာမှ လည်တိုင်အထိ နီရဲလို့သွားသည်။

“အေး....အေး....သာဓု သာဓု သာဓု”

ဘုရင်ကြီးက ရယ်မောပြီး ဆုပေးလိုက်သည်။ နောက်ကျောက်စိမ်းပြားတစ်ခုကို အထိမ်းအမှတ်အဖြစ် လက်ဆောင် ကမ်းပေးလိုက်သည်။

ထိုအချိန်မှာပင် အပျိုတော်မိန်းကလေးတစ်ဦး ထွက်လာပြီး ဘုရင်ကြီးကို တီးတိုးလျှောက်တင်နေသည်။ ဘုရင်ကြီးက ခေါင်းညိတ်ပြီး....

"အေးလေ သူနေကောင်းတယ်ဆိုရင် ခေါ်ထုတ်ခဲ့ပေါ့ကွယ်"

မကြာခင် အပျိုတော်သုံးယောက်က ဘုရင်ကြီး၏ မိဖုရားကို တွဲ၍ ခေါ်ထုတ်လာသည်။

ကောင်စွာ မကျန်းမာသဖြင့် မိဖုရားမှာ နွမ်းနယ်သော သွင်ပြင် ရှိနေသည်။ သို့ရာတွင် အလွန် ချောမောလှပ လှပေသည်။ အသက်မှာ မငယ်လှသော်လည်း အသက်နှင့်မလိုက်အောင် နုပျိုလှပလွန်းနေသည်။

အားလုံး ခေါင်းငုံ့ထားကြသည်။

မျက်လုံးပင့်၍ပင် မကြည့်။

လုရှောင်ဖုန့် တစ်ယောက်ကတော့ မိဖုရားအလှကို အသေအချာပင် ကြည့်နေသည်။ ဘုရားသခင်က ဤသို့ အလှအပဖန်ဆင်းခြင်းမှာ လူသားများ ကြည့်ရှုရန်ပင်ဖြစ်သည် မဟုတ်လား။ သူကသည်လို ခံယူထားသည်။

ဘုရင်ကြီးက မိဖုရားကြီးကို ကြင်နာစွာ တွဲပြီး သူ့ဘေးတွင် ထိုင်စေသည်။



မင်းသမီးလေးကတော့ ဆက်တူကို လက်ညှိုးထိုးပြပြီး....

"သူပေါ့...."

ဆက်တူမှာ ကိုယ်ထဲမှ သွေးကြောတွေအားလုံး နားထင်ကို ...င့်ထိုးလိုက်သလို ခံစားလိုက်ရသည်။

"ကောင်းပါတယ်....ကောင်းပါတယ်"

မိဖုရားက ပြုံး၍ ရေရွတ်သည်။ နောက်လက်ယပ်မိုလိုက်သည်နှင့် ...လေးများက ရွှေလင်ပန်းတစ်ခုကို ကမ်းပေးသည်။ ထိုရွှေလင်ပန်း... ကျောက်မျက်ရတနာများ ရှိနေ၏။

"ဒါက မယ်တော်ဖုရားက ရှင့်ကိုပေးတာ ယူလိုက်ပါ...."

မင်းသမီးလေးက ပြောလိုက်၏။ ဆက်တူက ချက်ခြင်း...ခံ ယူလိုက်ရလေသည်။

✱✱✱✱✱

## အခန်း (၁၅)

ပျော်စရာ ပျော်စရာ ညတစ်ညပါ။

အားလုံး ပျော်ရွှင်စွာ စားသောက်လို့နေကြပါ၏။ စကားသံ
ရယ်သံတွေ သောသောညံနေသည်။

တစ်ယောက်သောသူကတော့ နှုတ်ဆိတ်ပြီး ခေါင်းမမော့ပါ
ထိုသူ ကြယ်ချွေဆက်တူ၊ သူက သတို့သမီးလောင်းတစ်ယောက်လို
ခေါင်းပင် မမော့ရဲ ဖြစ်နေ၏။

တစ်ခု ဆန်းနေပါသေးသည်။

ချောမောလှပလွန်းသော မိဖုရားသည် ဘာကြောင့်ရယ်မသ
လုရှောင်ဖုန့်ကိုသာ တစ်ချိန်လုံး အကဲခတ်နေသည်။ ကြည့်နေသည်
အတန်ကြာမှ မိဖုရားက အားလုံးကိုနှုတ်ဆက်ပြီး အနော်



က်ကို ပြန်ဝင်သွားလေသည်။

လုရှောင်ဖုန့်က သူမထွက်သွားသည်ကို မျက်စိတစ်ဆုံး ငေး
ကြည့်နေမိ၏။

"တခြားမိန်းမကို မင်းကြံစည်ရင် အရေးမကြီးဘူးကွ....သူက
ျား၏ မိဖုရားကွ....မင်းကြံစည်ဖို့ စိတ်မကူးနဲ့နော်...."

ကျိုပင်းရက်က အသံတိုးတိုးဖြင့် သတိပေးသည်။ လုရှောင်ဖုန့်
တစ်ချက်ပြုံးလိုက်သည်။ ပြီးတော့ တစ်စုံတစ်ရာ ဖြေရှင်းချက်ပေး
ပြင်ပြီး ပါးစပ်ပိတ်သွားသည်။ ဘာမှ ဖြေရှင်းချက် မပေးတော့။

"တုနိုင်ကော မမြင်ပါလား"

ဟူကျားက ဘုရင်ကြီးကို မေးလိုက်ခြင်း ဖြစ်၏။ ဘုရင်ကြီးက

"ထွက်သွားပြီလေ....ငါ တားပါသေးတယ်....တားလို့လည်း
ဘူး....ကုဖုန်းလည်း မရှိတော့ဘူး...."

"ဝမ်ချုံးကော.... "

လုရှောင်ဖုန့်က မေးလိုက်ခြင်း ဖြစ်၏။

"ဒီလူက ဘယ်လိုလူလဲ မသိပါဘူး....သူ့ကို ဖိတ်ခေါ်တာ
ရေးတောင် မစိုက်ဘူး...."

ဝင်ရောက် ပြောဆိုသူက ဟူရွှန်းဖြစ်ပါ၏။

ဘုရင်ကြီးက မျက်နှာထား တင်းသွားသည်။

"သူမလာချင်ရင်လည်း နေပါစေ...သူက သိပ်လျှို့ဝှက်တဲ့
မသင်္ကာစရာ ကောင်းလှတယ်...."

ဘုရင်ကြီးက ပြောသည်။ နောက် ချောင်းတစ်ချက် ဟန့်
ဆက်ပြောသည်။ အလေးအနက် သွင်ဟန်မျိုးနှင့်။

"ဒီမှာ တို့လူတွေပဲ ရှိတော့...အရေးကြီးတဲ့စကား ငါပြော
တယ်၊ ဒီစကား လုံးဝ မပေါက်ကြားစေချင်ဘူး...."

"ပြောသာ ပြောပါ အရှင်မင်းကြီး...ကျွန်တော်တို့ နှုတ်လုံ
တယ်...."

ဟုကျား ညီအစ်ကိုက ကတိပေးသည်။

ဘုရင်ကြီးက လုရှောင်ဖုန့်တို့ကို ဝေ့ကြည့်သည်။ လုရှောင်
က ပြုံးပြီး....

"ကျွန်တော်တို့က အိမ်ရှေ့မင်းသားရဲ့ သူငယ်ချင်းတွေ
မဟုတ်လား....ဘုရင်ကြီးကို သစ္စာဖောက်ပါ့မလား...."

ဘုရင်ကြီးက ရယ်လိုက်သည်။

ပြီးတော့ ချက်ခြင်းပင် အရယ်ရပ်ပြီး တည်ကြည်သွားသည်

"တကယ်တော့ ကျုပ်ဟာ သစ္စာဖောက်တွေကြောင့် တိုင်းပြည်
က ထွက်ပြေးလာရတဲ့ ဘုရင်ပါ...ဒါကြောင့် သိပ်သတိထားနေရ
ပါ...."



လုရှောင်ဖုန့်နှင့် ကျိုပင်းရက်တို့ တစ်ယောက်မျက်နှာတစ်
ယောက် ကြည့်လိုက်မိကြ၏။ သူတို့အတွေးများ မှန်နေပြီပဲ။ သူတို့
စိတ်ထဲတွင်လည်း ဘုရင်ကြီးက သူ ထီးနန်းပြန်ရရေးအတွက် သူတို့ကို
စောင့်ရှောက်ခိုင်းမည်၊ ကူညီခိုင်းလိမ့်မည်ဟု တွေးဆလိုက်ကြသည်။

ဘုရင်ကြီးက သက်ပြင်းရှည်ကြီး ချပြီး။

"သူတို့က ကျုပ်ကို အပြတ်ရှင်းချင်တာပဲ...သစ္စာဖောက်တွေ
က ကျုပ်မရှိမှ စိတ်အေးမယ် ဆုံးဖြတ်ပြီး....တရုတ်ပြည် မြေပြန့်
သိုင်းသမားတွေငှားပြီး အကြိမ်ကြိမ် လုပ်ကြံခဲ့တယ်...."

"အရှင်မင်းကြီး စိတ်ချပါ....ကျွန်တော်တို့ ဒီမှာရှိနေသရွေ့
အရှင်မင်းကြီး အမွေးတစ်မျှင်တောင် မထိစေရပါဘူး...."

ဂျားက အားတက်သရော ဝင်ရောက် အားပေးလိုက်ပါ
သည်။

"ကျုပ်က ထီးနန်းကို စွန့်ခွာခဲ့ပေမယ့်....ထီးနန်းမှာ ကျုပ်ရဲ့
လူယုံတော်တွေ စစ်သည်တော်တွေ အများကြီး ကျန်နေရစ်ပါတယ်၊
ကျုပ်ကို လုပ်ကြံဖို့ ကြံရွယ်တိုင်း သူတို့က ကြိုတင်ပြီး သတင်းပေး
အကြောင်းကြားခဲ့တယ်...."

"ဘယ်သူပဲဖြစ်ဖြစ် ဘယ်လောက်ပဲ တော်တော် လုပ်ကြံဖို့ ဒီကို
လာရင်တော့ အသက်ရှင်ရက် ပြန်သွားဖို့ မစဉ်းစားနဲ့တော့...."

ဆက်တူက ဒေါသဖြင့် အော်ဟစ်လိုက်သည်။ သူ့ကို မင်းသမီး လေးက ပြုံး၍ ကြည့်လိုက်ရာ ဆက်တူ မျက်နှာနီရဲသွားပြန်၏။

ဘုရင်ကြီးကတော့ ရယ်မောပြီး....

"သိပ်ဟုတ်တာပေါ့....မောင်မင်းတို့လို လူစွမ်းကောင်းတွေရှိမှ တော့...ကျုပ် ဘယ်သူ့ကို ကြောက်ရမှာလဲ...ဘယ်သူ့ကိုမှ မကြောက် ဘူး...ဩော်...ဒါထက် ကျုပ် ဝမ်းချုံးကို မသက်သာဘူး...သစ္စာဖောက် တွေ ငှားတဲ့လူသတ်သမားများလား...."

အားလုံး ငြိမ်နေကြ၏။ မည်သည့် ထင်မြင်ချက်မှ မပေး။ ဘုရင်ကြီးကပင် ဆက်၍....

"မိုးသောက်ကြယ်ဆိုတာ ကြားဖူးကြသလား...."

လူရှောင်ဖုန့် ရင်မှ ထိတ်ခနဲ ဖြစ်သွား၏။

"ကျွန်တော်တို့ မကြားဖူးပါဘူး အရှင်မင်းကြီး"

ဟူကျား က အဖြေပေးလိုက်သည်။

"မိုးသောက်ကြယ်ဆိုတာ သိပ်အဖိုးတန်တဲ့ စိန်တစ်လုံးပဲ... ကျုပ်က အဲဒီ စိန်ကို ကျားငါးကောင် အာမခံဌာနက လူတွေကို စောင့် ရှောက်ပြီး ယူလာခိုင်းတယ်...."

"ကျားငါးကောင် အာမခံဌာန.က မြေပြန့်မှာ နာမည်ကြီးပဲ... သူတို့ စောင့်ရှောက်လာရင် စိတ်ချနေပါ...အေးအေးဆေးဆေးရောက်

လာမှာပါ...."

ဟူကျား က အခိုင်အမာပင် ပြောသည်။ ဘုရင်ကြီးက သက်ပြင်း ချပြီး....

"ဒီအကြောင်းသိလို့ ကျုပ်က သူတို့ကို လွှဲအပ်လိုက်တာပါပဲ၊ ဒါပေမယ့် မမျှော်လင့်ဘဲ ခုတော့ သူတို့တစ်တွေ အသက်ဆုံးသွားပြီ မိုးသောက်ကြယ်လည်း သူများလက်ထဲရောက်သွားပြီလေ...."

"ဒါ....တကယ်....တကယ်ပဲလား...."

ဟူကျား က တုန်လှုပ်စွာ မေးလိုက်သည်။

ဘုရင်ကြီးက ခေါင်းညိတ်လိုက်၏။

"ဒီလိုဆိုတော့ မိုးသောက်ကြယ်ကို ကျွန်တော်မျိုးတို့က ပြန်လု ပေးစေချင်တာလား...."

လူရှောင်ဖုန့်က မေးလိုက်၏။

ဘုရင်ကြီးက ခေါင်းခါပြီး....

"မဟုတ်ပါဘူး...."

"ဒါဖြင့်....အရှင်မင်းကြီးရဲ့ ဆန္ဒက...."

"အမှန် ပြောရရင် ဒီမိုးသောက်ကြယ်ကို လုသွားတာ ကျုပ်ကို လွှတ်ပြီး အကြောင်းကြားပြီးပါပြီ...."

ဘုရင်ကြီးက လေးတွဲ့စွာ ပြောလိုက်သည်။ လူရှောင်ဖုန့်က

အုံအားသင့်သွားရာမှ....

"အဲဒီ အကြောင်းလာကြားတဲ့ လူကကော...."

"မရှိတော့ဘူး...သူက သိပ်မြန်တယ်...သူ့ရဲ့ ကိုယ်ဖော့ပည
က သိပ်တော်တယ်လို့ပြောတယ်....စာတစ်စောင်ပေးပြီး ချက်ချ
ပျောက်သွားတာပဲ...."

"ဒါဖြင့်ရင် အဲဒီစာကကော...."

"ဒီမှာ ရှိတယ်...."

ဘုရင်ကြီးက စာတစ်စောင် ကမ်းပေးလိုက်၏။

စာတွင် အပိုစကားတစ်လုံးမှ မပါ။ မိုးသောက်ကြယ်ကို ပြန်ရ
ယူလိုလျှင် ရွှေဒင်္ဂါး ငါးထောင်၊ ပုလဲ ငါးရာ၊ ကျောက်စိမ်းပြာ
ငါးဆယ်ကို သတ်မှတ်သည့် နေရာတွင် လာရောက်ပေးရန်၊ ထိုရတန
များ မပါလျှင် မိုးသောက်ကြယ်ကို တစ်သက်လုံး တွေ့ရလိမ့်မည
ပြန်ရလိမ့်မည် မဟုတ်ကြောင်း၊ သုံးရက်မြောက် နေ့လည်ခင်းအချိန
တွင် သတ်မှတ်သည့်နေရာတွင် လာရောက်လဲယူရန် ရေးသားထား
သည်။ လဲရမည့် နေရာကိုလည်း ဖော်ပြထားလေသည်။

စာ၏အောက်တွင် မယ်တော်ကွမ်းရင်း၏ ရုပ်တုပုံရေးဆွဲထား
လေသည်။

"မင်းကြီးက ဘယ်လိုလုပ်မယ် စိတ်ကူးထားပါသလဲ"



လုရှောင်ဖုန်းမေးလိုက်သည်။

"တောင်းဆိုတာကို လိုက်လျောလိုက်တယ်"

"ကျွန်တော်တို့ အရှင်မင်းကြီးရဲ့ မိုးသောက်ကြယ်ကို ပြန်ရ
အောင် ကြိုးစားနိုင်ကြပါတယ်...."

"ယုံကြည်ပါတယ်...မောင်မင်းတို့ရဲ့ အစွမ်းအစကို မယုံကြည်
လို့ မဟုတ်ပါဘူး...မောင်မင်းတို့ လိုက်ပြီဆိုတာ သိတာနဲ့ ဒီပစ္စည်း
ယူပြီး ထွက်ပြေးသွားမှာကို ကျုပ်ကြောက်တာပါ....အဲဒီလိုဆိုရင်
ဘယ်လိုလုပ်ပြီး ထပ်သွားရှာလို့ ရတော့မှာလဲ...."

ဘုရင်ကြီးက တစ်လုံးချင်း ပြောလိုက်၏။ ကျိုပင်းရက်က
ဘုရင်ကြီးကို စူးစိုက်ကြည့်နေရာမှ....

"ဘာဖြစ်လို့ ဒီမိုးသောက်ကြယ်ကို အရှင်မင်းကြီး အရေးထား
နေရတာပါသလဲ...."

ကျိုပင်းရက်၏ မေးခွန်းက ထိရောက်သော မေးခွန်းပါ။ ဘုရင်
ကြီး မျက်နှာပျက်သွားသည်။ ပြီးတော့ ငြိမ်သက်သွားသည်။ တွေ
လို့သွားသည်။

အတန်ကြာလေမှ....

"တကယ်တော့ ဒါက လျှို့ဝှက်ချက်ပါ...ဒီလျှို့ဝှက်ချက်ဟာ
ငါကလွဲပြီး ဘယ်သူမှ မသိကြဘူး...."

ဘုရင်ကြီးက ဖြည်းညင်းစွာ ပြောလိုက်၏။ အခန်းတွင်း၌ ငြိမ်သက် တိတ်ဆိတ်လို့သွားသည်။

တွေဝေငေးမောသွားသည်။ ကျိုပင်းရက် အတင်းထပ်မမေးပါ။ ဘုရင်ကြီးကလည်း မဖြွက်ကြားသေးပါ။

ထိုစဉ်နိုက်တွင်ပင် ကုလားအုပ်များ၏ အော်သံကြားလိုက်ရသည်။

အော်သံမှာ ကြေကွဲဆွေးမြေ့သည့် အော်သံများ....

"ကျွန်တော် သွားကြည့်လိုက်ဦးမယ်...."

ကျိုပင်းရက်က ဘုရင်ကြီးကို ဦးညွတ်၍ ကမန်းကတန်းအပြင်ထွက်သွားလေတော့သည်။

✵

မကြာခင် ကျိုပင်းရက် ပြန်ရောက်လာသည်။

"ဘာဖြစ်လို့လဲ"

ဟူကျားက မေးလိုက်၏။ ကျိုပင်းရက် မျက်နှာ သိပ်ကောင်းလှ။

"ဪ....ဘာမှ မဖြစ်ပါဘူး"

ကျိုပင်းရက် နေရာတွင် ပြန်ထိုင်သည်။ လုရှောင်ဖုန့်က မသိမသာ အနားတိုးကပ်သွားပြီး လေသံတိုးတိုးဖြင့်....

"ဘာဖြစ်တာလဲ"

"ဆက်တို မရှိတော့ဘူး....သူ ထွက်သွားပြီ"

"ဟင် တကယ်လား...."

"ဟုတ်တယ်...ဝမ်ချုံးလည်း မရှိတော့ဘူး...ထွက်သွားတယ်"

လုရှောင်ဖုန့်က စိတ်လှုပ်ရှားသွားသည်။

"သူ့ကို ဝမ်ချုံးကများ ခေါ်သွားသလား မသိဘူးကွ...."

"အေး...ဖြစ်နိုင်တယ်၊ ဒီလိုဖြစ်ဖို့များတယ်...."

"မင်း လိုက်မသွားဘူးလား...."

"ဟင့်အင်း မလိုပါဘူးကွာ"

"ဘာဖြစ်လို့လဲ"

လုရှောင်ဖုန့် ကျိုပင်းရက်ကို အကဲခတ်သည်။ သူ့တပည့်ကို သံယောဇဉ်ကြီးကြောင်း သူသိထားသည်။ ဘာကြောင့် မလိုက်ပါလိမ့်။

"အကြောင်းထူးလို့ ဆက်တိုလိုက်သွားတာ ဖြစ်ရမယ်ကွ၊ တို့ လိုက်ရှာပြီး ပြန်ခေါ်လည်း လိုက်လာမှာ မဟုတ်ဘူး....ပြီးတော့ ငါ သူ့ကို ကတိတစ်ခု ပေးထားတယ်....သူသွားချင်တဲ့ အချိန်ကျရင် သွားနိုင်ကြောင်း ခွင့်ပြုထားတယ်လေ...."

လုရှောင်ဖုန့်က သက်ပြင်းငွေ့ငွေ့ ချလိုက်ပြီး....

"အင်း...ဒီလူက လူထူးလူဆန်းပဲ...သူ့ရဲ့ ဇစ်မြစ်ကို မင်းခုချိန်အထိ မသိသေးဘူးလား..."

"မသိရသေးဘူး...."

သူတို့နှစ်ယောက်က တီးတိုး ပြောနေကြ၏။ ဘုရင်ကြီးကတော့ ဆက်တူနှင့် လေပေးဖြောင့်နေသည်။

မင်းသမီးအလှလေးကတော့ လုရှောင်ဖုန့်ကိုသာ စူးစူးရဲရဲကြည့်



၏။

ထိုစဉ် ဆူညံသော အသံများ ထွက်ပေါ်လာပြန်ပြီ။ ဆူဆူညံညံ [...]ဟစ်သံများနှင့် မြင်းခွာသံများ ဆူညံသွားသည်။

"မီး....မီး....မီးရှို့တယ်ဟေ့ ရှာကြစမ်း"

အစောင့်စစ်သားတွေရဲ့အသံ။

ဘုရင်ကြီးမှာ မျက်နှာပျက်သွားသည်။ ကတုန်ကယင်ဖြင့်....

"လူသတ်သမားတွေ ရောက်လာကြပြီထင်တယ်...ကြည့်လိုက် ကြည့်လိုက် ကြပါဦး...."

ဘုရင်ကြီး စကားမဆုံးခင် ဆက်တူ ခုန်ထွက်သွားပြီ။

လုရှောင်ဖုန့်က မျက်မှောင်ကုပ်လိုက်၏။ ရန်သူရဲ့ လှည့်ကွက် ဖြစ်နိုင်သည်။ သူက ထင်မြင်ချက်ကို ပြောမည်ပြုစဉ် ကျိုပင်းရက်က သူ့လက်ကို ရုတ်တရက်ဆွဲပြီး ပြေးထွက်လေသည်။

လုရှောင်ဖုန့် အပြင်ဘက်ပါသွားသည်။

အပြင်ဘက်တွင် အခြေအနေ ရှုတ်ထွေးခြင်း မရှိလှပါ။ ဘုရင်ကြီး၏ တပ်သားများမှာ ထိပ်တန်း စစ်သည်တော်များဖြစ်ပေရာ [...]းလောင်သည်ကို ငြိမ်းသတ်သူက ငြိမ်းသတ်ပြီး ကုလားအုပ်များ [...]မြင်းများကို လိုက်ဖမ်းသူကဖမ်း အကွက်ကျကျ ပြုလုပ်နေကြ၏။

ဘုရင်ကြီး၏ ရွက်ဖျင်တဲရှေ့တွင် အစောင့်စစ်သားတွေ မရှိ

တော့ချေ။

"တယ်ကောင်းတဲ့ လှည့်ကွက်ပဲ...ထောင်ချောက်လေ...ရှေ့က မီးရှို့ပြီး နောက်ကနေ ဝင်တဲ့နည်းပေါ့ကွာ...."

ကျိုပင်းရက်က ခနဲ့ပြုံးလေးနဲ့ ရေရွတ်လိုက်၏။

"လှည့်ကွက်မှန်းသိရက်နဲ့ ငါ့ကို ဘာလို့ ဆွဲခေါ်လာရတာလဲကွ...."

"မင်းကို ဆွဲထုတ်လာမှ သူတို့က ဒီဇာတ်ကို ဆက်ပြီး ကကြမှာပေါ့ကွ...."

ကျိုပင်းရက် လျှို့ဝှက်အပြုံးလေးနှင့် ပြောလိုက်သည်။

"ဟ....ဟူကျားတို့ ညီအစ်ကိုကို မင်းပြောတာလား...."

လုရှောင်ဖုန့် တအံ့တသြ ရေရွတ်လိုက်သည်။ သူ ဤမျှတွေးထင်မထားသည်မှာ အမှန်။

"ငါ ဆက်တူကို သွားရှာမယ်...မင်း ပြန်ပြီး ဆက်ကတဲ့ဇာတ်ကို ကြည့်ပေတော့...."

ကျိုပင်းရက် ပြောပြောဆိုဆို လွှားခနဲ ခုန်ထွက်သွားလေသည်။

လုရှောင်ဖုန့်ကလည်း တမုဟုတ်ခြင်းပင် ပြန်ပြေးလာသည်။ အပေါက်ဝအရောက်တွင် ရပ်လိုက်သည်။ အတွင်းကို လှရိပ်မပေါ်စေဘဲ ချောင်းကြည့်လိုက်၏။



ဘုရင်ကြီး၏လက်ထဲဝယ် အရက်ခွက်ကိုင်ထားဆဲ။ မင်းသမီးလေးမှာလည်း အနားမှာ ပူးကပ်ရပ်နေဆဲပင်။

ဟူကျားတို့ ညီအစ်ကို နှစ်ယောက်အနက် တစ်ယောက်က အပေါက်ဝနားမှာ အပေါက်ဝမှ လှဝင်လာသည်နှင့် သူနှင့်အရင်တိုးမည်မှာ အမှန်၊ နောက်တစ်ယောက်က ဘုရင်ကြီးနားမှာ ရပ်နေ၏။

အပေါက်ဝနားမှ ဟူရွှန်းက ပေါက်ဝကို တစ်ချက်ကြည့်ပြီး နောက်လှည့်ကာ....

"အားလုံး ထွက်သွားကြပြီ"

ဟူကျားက ခေါင်းညိတ်သည်။ ပြီးတော့ ပြုံးပြီး ဓားဆွဲထုတ်လိုက်၏။ ဓားသံ 'ရှွင်' ခနဲက မိုးခြိမ်းသံကဲ့သို့ပင်။

"မောင်မင်းတို့နှစ်ယောက် ဘယ်မှ မသွားကြပါနဲ့...."

ဘုရင်ကြီး၏ တုန်ရင်လှိုက်မောသောအသံက အံ့အားသင့် ရပ်ဆိုင်းလို့သွား၏။ ဓားသွားတစ်ခုက သူ့မျက်နှာကို ထိုးထားလေပြီကော။

❀ ❀ ❀ ❀ ❀

## အခန်း (၁၆)

"မင်း....မင်း....ဒါက ဘာလုပ်တာလဲ....ဘာသဘောလဲ...."

ဘုရင်ကြီးအသံမှာ တုန်လှုပ်ချောက်ချားမှုကြောင့် ကစ်ထစ်ငေါ့ငေါ့ဖြစ်နေပါ၏။

"ဘာသဘောရမှာလဲ....ခင်ဗျားကြီးခေါင်းကို ယူမလို့ပေါ့..."

ဟူကျားက ကောက်ကျစ်တဲ့ အပြုံးနှင့် ပြောလိုက်၏။

"ငါက မင်းတို့ကို ငွေကြေး အမြောက်အမြား ပေးပြီး ဖိတ်ခေါ်လာတာဘဲ....ဘာလို့ မင်းတို့ သစ္စာဖောက်ရတာလဲ...."

ဘုရင်ကြီးက တုန်လှုပ်စွာ မေးလိုက်ရာ ဟူကျားကရယ်သည်။

"ခင်ဗျားကြီးကို သတ်နိုင်းတဲ့လူက ခင်ဗျားကြီးထက် နှစ်ဆပိုပေးတာကိုးဗျာ....ဟား....ဟား"



"ငါ.... လူကခတ်လွဲတယ်.... မျက်စိကန်းတယ်လို့ ဆိုရမှာ
ဘွာ...."

ဘုရင်ကြီးက စိတ်ကိုတင်းပြီး မခံချိမခံသာ ရေရွတ်လိုက်မိ၏။

"ခင်ဗျားကြီးကိုသတ်ဖို့ လူဘယ်နှစ်ယောက် လွှတ်လိုက်တယ်
သလဲ....စုစုပေါင်း ခြောက်ယောက်ရှိတယ် သိလား"

"နောက်လေးယောက်က ဘယ်မှာလဲ...."

ဘုရင်ကြီးက တည်ငြိမ်သွားပါပြီ။ ခပ်အေးအေးပင် မေးလိုက်

"သူတို့လည်း ရောက်နေကြပါပြီ...သူတို့ကို ဘယ်သူက ငှား
လဲ ခင်ဗျားကြီး သိချင်သေးသလား...."

"တုနိုင်ပဲ ဖြစ်မှာပေါ့ရှင်"

ပီးပါး မင်းသမီးလေးက ဝင်ရောက် ဖြေလိုက်ခြင်းဖြစ်၏။
ကလေး မျက်နှာတွင် ကြောက်ရွံ့ဟန် တစ်စက်မှမတွေ့ရ။

"သိပ်ဟုတ်တာပေါ့ ကောင်မလေးက တော်သားပဲ....ကဲ"

ဟူကျားက ပြောပြောဆိုဆို ရတ်တရက် ဓားကိုပင့်မြှောက်ပြီး
က်ချလိုက်သည်။ ဓားသွားက ဘုရင်ကြီး၏ ခေါင်းဆီသို့ ဝဲကျသွားပါ
ီ။

လုရှောင်ဖုန့်က မဝင်သေးချေ။

ဘုရင်ကြီး၏ ခေါင်းကို ဟူကျားလိုသူက မည်သည့်နည်း
မှ မဖြတ်နိုင်၊ ဒါကို သူယုံသည်။ ပီးပါးမင်းသမီးလေးမှာ သာ
မိန်းကလေးမဟုတ်ကြောင်း အကဲခတ်သိရှိထားလေသည်။

တကယ်ပါပဲ။ ပီးပါး မင်းသမီးလေးမှာ သာမန်မိန်းက
မဟုတ်ပါ။ ဟူကျားလက်မှ ဓားမြောက်သွားသည်နှင့် မင်းသမီးလေ
လက်မှာ လက်ရှားသွားပါသည်။ ရွှေရောင်ဝင်းလက်နေသော အ
ချောင်းလေးများ ဖူးကောင်လေးများအလားပင်၊ လျှပ်တပြက်အတွ
ဖြာထွက်သွားသည်။ ဟူကျား၏ မျက်နှာနှင့် ကိုယ်လုံးများဆီ ဝဲ
သွားသည်။

ဟူကျားမှာ ထိတ်လန့်တုန်လှုပ်သွားပြီး ဓားကို ချက်ချင်
ရုတ်သိမ်းကာ သူ့ကိုယ်သူ ကာကွယ်လိုက်သည်။ သူ့ကိုယ်ကို ဓာ
စကြာဝေ့ယမ်း၍ ခါထုတ်သည်။ ကာကွယ်သည်။

သို့သော် မရပါ။ တစ်ခုသော လက်နက်က စိုက်ဝင်သွားပြီ
ထင်ရ၏။ စူးစူးဝါးဝါး အော်ဟစ်ပြီး ဟူကျားမှာ ဓားလွတ်ကျသွား
သည်။ မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ထားလိုက်သည်။ လက်
ချောင်းများကြားမှ သွေးများ ယိုစီးကျလာသည်

ဟူကျား တစ်ချက်အော်လိုက်ပြန်သည်။

"အဆိပ်....လက်နက်....သိပ်ရက်စက်"



စကားမဆုံးခင် လဲကျသွားတော့၏။

သွားပြီ ငမိုက်သားတစ်ကောင်။

"ဒီလို ရက်စက်တဲ့ လက်နက်မျိုးဟာ ရှင်တို့လို ရက်စက်တဲ့
းကို အသုံးချဖို့ ဖြစ်လာရတာပဲပေါ့...."

မင်းသမီးလေးက ရေရွတ်လိုက်သည်။

ထိုစဉ်ပင် ဟူရွှန်းက တစ်မှဟုတ်ချင်း တိုက်ခိုက်လာပါပြီ။ လက်
ဖက်က ဓား၊ လက်တစ်ဖက်က ဓားပွဲခင်းကို ဆွဲယူဝေ့ယမ်း၍
လာပါပြီ၊ တိုက်ခိုက်ပါပြီ။

ပီးပါးမင်းသမီးလေး နောက်ဆုတ်နေရသည်။ နောက်ကိုသာ
တွင် ဆုတ်နေသည်။ ရွက်ဖျင်ကို ကျောကပ်သွားပြီ။ သူလေး
နှာမှာ ပြုံးပြုံးရွှင်ရွှင်ပင်။ ကြောက်ရွံ့ဟန်မပေါ်။

ဟူရွှန်းက ဓားဖြင့် ပိုင်းလိုက်ပြီ။

မင်းသမီးလေးက သူ့ကိုယ် တစ်နေရာမှ ဓားကို လျှပ်တပြတ်
လိုက်ပြီး အပိုင်ဝင်လာသော ဟူရွှန်း၏ ဓားကိုခတ်ထုတ်လိုက်
သည်။ ဓားနှစ်စင်း ထိသံနှင့်အတူ ဟူရွှန်းဓား လွင့်ထွက်သွား
ည်။

ဟူရွှန်းက အထိတ်တလန့် နောက်ကို ခုန်ဆုတ်မည် ပြုသေး
ည်။ မရတော့ပါ။ နောက်ကျသွားပါပြီ။ မင်းသမီးလေး၏ ဓားက
ကိုယ်တွင်း ဖောက်ထွင်း ဝင်ရောက်သွားပြီ ဖြစ်တော့သည်။

ဟူရွှန်း ဒယီးဒယိုင် နောက်ကို သုံးလေးလှမ်း လှမ်းပြီး

သွားလေတော့သည်။

"ငါ လူမသတ်ချင်မှန်း သိကြရက်နဲ့ ဘာလို့များ ငါ့ကိုလူ

ဖို့ အတင်းစေခိုင်းနေကြတာလဲ...."

မင်းသမီးလေးက ပင့်သက်ချပြီး ရေရွတ်လိုက်၏။

လုရှောင်ဖုန့်ကတော့ သက်ပြင်းလည်း ချသည်။ မဲ့ပြုံးလ

ပြုံးလိုက်သည်။ တကယ်တော့ မင်းသမီးလေးမှာ သိုင်းပညာ သိပ်

လှသည် မဟုတ်ပါ။ ကြောက်စရာ ကောင်းသော သိုင်းကွက်ကို

တက်မြောက်ထားခြင်း ဖြစ်သည်။ ဤလို ထူးဆန်းပြီး ကြောက်

ကောင်းသော သိုင်းကွက်မျိုး မိန်းမသားတစ်ယောက် တတ်မြေ

မထားသင့်ပေ။

ထိုစဉ်ပင် မင်းသမီးလေးက ရွက်ဖျင် မိနေရာမှ ရှေ့သို့ လျှေ

ရန် အားယူလိုက်သည်။ နောက်ဘက်ရှိ ရွက်ဖျင်မှ လက်နှစ်

ဖောက်ထွက်လာသည်။ ထို လက်နှစ်ဖက်က မင်းသမီးလေး၏ လ

နှစ်ဖက်ကို ချုပ်ကိုင်ထားလိုက်ပါပြီ။

ဘုရင်ကြီးက ထိုအခြင်းအရာကို မြင်သည်နှင့် တစ်ကိုယ်

တုန်ခါလို့သွားသည်။ လက်ထဲမှ အရက်ခွက် လွတ်ကျသွားတေ

သည်။



ထိုအချိန်ပင် ရွက်ဖျင်တဲကြီး ပေါက်ထွက်သွားပြီး လူနှစ်

ယောက် ဝင်ရောက်လာသည်။ တစ်ယောက်တစ်ဖက်စီ မင်းသမီးလေး

လက်ကို ဖမ်းချုပ်ထားပြီး ဝင်လာလေသည်။

နှစ်ယောက်စလုံး အင်္ကျီအနက် ဝတ်ဆင်ထားကြ၏။

တစ်ယောက်မှာ သွေးအေးလူသတ်သမား တုခိုင်၊ သူ၏ ညာ

လက်မှာ ပတ်တီးစည်းထားသည်။ ဘယ်လက်ကမူ မင်းသမီးလေးကို

ချုပ်ကိုင်ထားသည်။ နောက်တစ်ယောက်မှာ ပိန်လှီသော လူတစ်

ယောက်။ သူ့ခေါင်းမှာ လည်ပင်းထဲတွင် မြုပ်နေသလား ထင်မှတ်ရ

၏။ မျက်လုံးအစုံမှာ ရူးရူးတောက်ပြောင်နေသည်။

"မင်းတို့ ငါ့ခေါင်းကို ယူချင်ယူသွားကြ၊ ငါ့သမီးလေးကိုတော့

ဘာမှ မလုပ်ကြပါနဲ့ကွယ်...."

ဘုရင်ကြီးက တုန်ရင်နေသော အသံဖြင့် တောင်းပန်နေ၏။

တုခိုင်က ရယ်မောပြီး။

"ခင်ဗျားကြီးက ကျုပ် နာမည် မကြားဖူးဘူးလား....လူနှစ်

ယောက် သတ်ခိုင်းရင် ဘယ်တော့မှ တစ်ယောက်တည်း မသတ်ခဲ့

ဘူး...."

"ကဲဟေ့...သတ်စရာရှိ မြန်မြန်သတ်...ဘာလို့ လျှာရှည်နေရ

တာလဲ...."

ကိုပိန်လိုက မျက်မှောင်ကုပ်၍ ခပ်မာမာ ပြောလိုက်၏။ ထိုသူကို တုခိုင် ကြောက်ရွံ့ဟန်ရှိသည်။

"ဩော်....ဟုတ်ကဲ့....ဟုတ်ကဲ့"

တုခိုင်က မျက်နှာချိုသွေးရင် ခေါင်းညိတ်သည်။ လုပ်ငန်းစရန်ပြင်သည်။

ထိုစဉ်ပင်....

"မင်းတို့နှစ်ယောက် သူတို့ကိုသတ်လို့ ဘယ်ဖြစ်ပါ့မလဲ"

ပထမ စကားသံ။ ပြီးတော့ မည်သို့မည်ပုံ ရောက်လာမှန်း မသိလိုက်ရဘဲ လူတစ်ယောက် ဘွားခနဲ သူတို့နား ရောက်လာသည်။

ဘယ်သူပါလိမ့်။ လုရှောင်ဖုန့်ပါ။ လုရှောင်ဖုန့်ကလွဲပြီး မည်သူက ဤမျှ ကိုယ်ဖော့ပညာ တော်နိုင်ပါ့မလဲ။

ကိုပိန်လိုမှာ စောင့်ကြွားကြွား အမူအရာများ လွင့်စင်ပျောက်သွား၏။ သူက ကြောက်လွန်း၍ မှင်သက်မိသလို ဖြစ်သွား၏။ မင်းသမီးလေးကို ဖမ်းချုပ်ထားသောလက်မှာ အလိုလို လွှတ်မိရက်သား ဖြစ်သွားသည်။

"မျောက်လွှဲကျော်ပါလား....တို့ တွေ့ကြရပြန်ပြီနော်....မင်းငါ့ကို မှတ်မိသေးရဲ့လား...."

လုရှောင်ဖုန့်က ခပ်ပြုံးပြုံး မေးလိုက်၏။ တကယ်တော့



ကိုပိန်လိုမှာ သူခိုးကြီး မျောက်လွှဲကျော် စွန်းခုံးဖြစ်လေသည်။ ဥပဒေ
ာက်တော်သားများ ခေါင်းကိုက်ရသော သူခိုးကြီးမျောက်လွှဲကျော်ပင်။

ယခုတော့ မျောက်လွှဲကျော် စွန်းခုံး ခေါင်းကိုက်ရပြီ။ သူ စကား
ပြောနိုင်လောက်အောင် ဖြစ်နေသည်။ အံ့အားသင့်ဟန်၊ ကြောက်ရွံ့
ာန်၊ ထိတ်လန့်ဟန်များက သူ့မျက်နှာဝယ် အထင်းသား။

"မျောက်လွှဲကျော်ရယ်...မင်းလို လူက လူသတ်သမားလုပ်နေပြီ
ား....မင်း မရှက်ဘူးလား မျောက်လွှဲကျော်"

လုရှောင်ဖုန့်က ပြုံးပြီး မေးလိုက်၏။

မျောက်လွှဲကျော်စွန်းခုံးက စိတ်ကို လျှော့ချလိုက်ပြီး ကြိတ်မနိုင်
ဲမရ အမူအရာဖြင့် ခြေတစ်ချက် ဆောင့်လိုက်သည်။ ပြီးမှ....

"မင်း ရှိနေမှန်း မသိလို့ပါ....မင်းရှိနေမှန်း သိရင် သေတာ
ာင် ငါ ဒီမလာဘူး...."

"ငါသိပါတယ်....မင်း စိတ်ကောင်းရှိသေးသားပဲ...."

စွန်းခုံးက ငိုင်နေသည်။ အတန်ကြာမှ ပင့်သက်ချပြီး လှည့်
ွက်သွားတော့သည်။

သွေးအေး လူသတ်သမား တုခိုင်မှာ တစ်ခဏ အံ့အားသင့်သွား
ီး ကြောင်နေရာမှ လှမ်းအော်သည်။

"ဟေး....ခင်ဗျား သွားတော့မှာလား....ဒီလိုနဲ့ သွားတော့မှာ

လား...."

"အေးလေ....ငါမသွားရတော့ဘူးလေ...."

စွန်းခုံး ပြန်မေးသည်။

"ဒီကောင်က ဘာကောင်မို့ အစ်ကိုစွန်းခုံးက ဒီလောက်တော

ကြောက်ရတာလဲဗျ...."

တုခိုင်က လှမ်းအော်သည်။

စွန်းခုံးက တုခိုင်ကို လှည့်ကြည့်သည်။ ပြီးတော့ ကောက်ကျ

ရက်စက်တဲ့ အပြုံးရိပ်ပေါ်လာပြီး။

"သြော်...မင်းလိုကောင်က သူ့ကို ဘာကောင်လဲ...ပြောရတပ

ဟုတ်လား ကဲ...."

ကဲဆိုသည့် စကားဆုံးသည်နှင့် စွန်းခုံး လွှားခနဲ ရောက်လ

သည်။ မဲနက် ခြောက်သွေ့သော လက်ချောင်းမှာ တုခိုင်ဆီ ဝင်သွ

သည်။ တုခိုင် ရှောင်တိမ်းချိန် မရလိုက်၊ ဗူးဗူးဝါးဝါး တစ်ချက်အေ

ပြီး နောက်သို့ ယိမ်းယိုင်သွား၏။

တုခိုင်ရင်မှာ ဟင်းလင်း ပွင့်သွား၏။

စွန်းခုံးက သူ့လက်မှ သွေးများကို တုခိုင်၏ ကိုယ်ပေါ်တွင်ပ

သုတ်လိုက်သည်။ ပြီးတော့ ခြေကိုဆက်ကန်လိုက်၏။ တုခိုင် အဝေးသ

လွင့်စင်သွားတော့သည်။



ပြီးတော့ ဘာမှမဖြစ်သလို လုရှောင်ဖုန့်ကို သွားအဖြေးသား

ရယ်ပြပြီး....

"ဒီကောင်ကို မင်းသတ်မှာ မဟုတ်ဘူးဆိုတာ ငါသိလို့ သတ်

လိုက်ရတာပဲ...သူလိုကောင်မျိုးရှိနေရင် ဒုက္ခများတယ်...ဒါကြောင့်

မင်းကိုယ်စား သတ်ပေးလိုက်တာပါ...."

စကားဆုံးသည်နှင့် လှည့်ထွက်သွား၏။ သို့ရာတွင် ခပ်လှမ်း

လှမ်း ရောက်သည်နှင့် ရုတ်တရက် လှည့်ကြည့်ပြီး....

"သြော်...မင်းကိုပြောဖို့ မေ့သွားတော့မလို့ မင်းကျေးဇူးငါ့အပေါ်

ရှိလို့ ငါက ချက်ခြင်းလှည့်ပြန်သွားပေမယ့် ငါ့ထက် ဆယ်ဆကြောက်

စရာကောင်းတဲ့လူက ဒီကို မကြာခင် ရောက်လာတော့မယ်....မင်း

သတိထားနော် သူငယ်ချင်း...."

သူက စကားဆုံးသည်နှင့် ချက်ခြင်း ခုန်ထွက်သွားတော့သည်။

ပျောက်ကွယ်သွားတော့သည်။

ထိုစဉ်ပင် ဆက်တူနှင့်ကျိုပင်းရက်တို့က အခြားတစ်ဖက်မှ ခုန်

ဝင်လာကြ၏။

"မင်းတို့ သက်သက် ငါ့ကို ဒုက္ခပေးတာပေါ့လေ....စွင့်ခုံးနဲ့

တုခိုင်တို့ ရောက်လာမှန်းသိရက်နဲ့ သက်သက် ငါနဲ့လွှတ်ပေးတာ

ပေါ့လေ ဟုတ်လား...."

လုရှောင်ဖုန့်က ကျွဲမြီးတိုသလို ရေရွတ်လိုက်၏။ မကျေမချမ်းလည်း ကြည့်နေ၏။

ဆက်တူက သဘောကျစွာ တဟားဟား ရယ်မောလိုက်သည်။

"တို့က စွန်းခုံးကို မသတ်ချင်လို့ မင်းနဲ့လွှတ်ပေးလိုက်တာပါ၊ မင်း သူ့ကို မသတ်ဘူးဆိုတာ တို့သိပါတယ်"

"နေပါဦးရှင့် အဲ ဒီစွန်းခုံးက သိုင်းပညာအတော်ညံ့ရက်နဲ့ ဘာလို့ သူ့ကို ဒီလောက်ကြောက်နေရတာတုန်း....."

မင်းသမီးလေးက အံ့သြတွေဝေစွာ မေးလိုက်ပါ၏။ လုရှောင်ဖုန့်က မပြေ၊ မကြားချင်ယောင် ဆောင်နေလိုက်၏။

ဆက်တူကသာ ရယ်မောပြီး....

"ဒီ မျောက်လွဲကျော်က ခိုးနေတုန်း မြေခွေးနဲ့ သုံးကြိမ်တောင် တိုးတယ်လေ...အဲဒီတုန်းက တိုက်ခိုက်ကြတာ သုံးကြိမ်လုံး မျောက်လွဲကျော်ရှုံးတယ်...မြေခွေးက မသတ်ဘဲ ပြန်လွှတ်လိုက်တာချည်းပဲ"

ထိုစဉ်ပင် ဘုရင်ကြီးက တုန်တုန်ရီရီ ဖြစ်လာသည်။

"စောစောက စွန်းခုံးက သူ့ထက်ဆယ်ဆသာတဲ့လူ ရောက်လာမယ်လို့ ပြောသွားသေးတယ်...."

ဘုရင်ကြီးအသံမှာ တုန်ခါလို့နေ၏။

"သူ့ထက် ဆယ်ဆသာတဲ့လူလား ဘယ်သူဖြစ်နိုင်မလဲ....



သိုင်းလောကမှာ ဒီလောက်တော်တဲ့လူ မရှိနိုင်ပါဘူး...."

ဆက်တူက မျက်မှောင်ကုတ်ပြီး ရေရွတ်သည်။

"ဟိုလူ ဘယ်သူပဲဖြစ်ဖြစ် ရောက်လာတော့မှ ရင်ဆိုင်ကြတာပေါ့....ကြည့်ရှင်းကြတာပေါ့....ခုတော့ သွားအိပ်တော့မယ်"

ကျိုပင်းရက် ပြောပြောဆိုဆို လှည့်ထွက်သွားသည်။ ဆက်တူလည်း နှုတ်ဆက်၍ လိုက်ပါသွားသည်။ လုရှောင်ဖုန့်ကလည်း နှုတ်ဆက်၍ နောက်ဆုံးမှ လိုက်သွားသည်။

"ဟေး....ရှင်....ခဏနေပါဦး"

မင်းသမီးလေးရဲ့အသံ၊ လုရှောင်ဖုန့်က မကြားသည့်အသွင်ဖြင့် ဆက်လျှောက်သွား၏။

"ခဏ နေပါဦးလား"

သည်တစ်ခါက ဘုရင်ကြီးရဲ့ အသံပါ။

သူ့ခြေအစုံ တုန့်ခနဲ ရပ်သွားရ၏။ ပြီးတော့ ပြန်လှည့်ခဲ့ရသည်။

"ငါ့သမီးနဲ့ မောင်မင်းရဲ့ သူငယ်ချင်းတို့ရဲ့ မင်္ဂလာနေ့ ဘယ်နေ့ သတ်မှတ်ရင် ကောင်းမလဲလို့...."

ဘုရင်ကြီးက မျက်နှာချိုသွေးရင်း ပြောလာသည်။

"ဒါက အရှင်မင်းကြီးသဘော မဟုတ်လား...."

ဘုရင်ကြီးသည် တစ်ခဏမျှ စဉ်းစားနေစဉ်ပင် မင်းသမီးလေး

က အလုအယက်ဝင်၍....

"မြန်လေ ကောင်းလေပေါ့....ဟုတ်ဖူးလား"

လုရှောင်ဖုန့်မှာ မင်းသမီးလေးကို ရှုံကြောက်ကြီးဖြစ်သွားရသည်။ ဤမျှ မျက်နှာပြောင်သော သတ္တိရှိသော၊ ဤမျှ မြန်မြန် လက်ထပ်ချင်သော မိန်းကလေးမျိုးကို သူမတွေ့ခဲ့ဘူးပေ။

"ဟုတ်တယ် မြန်လေ ကောင်းလေပါပဲ.... "

သူက ခပ်အေးအေး ပြောလိုက်သည်။

"ဒါဖြင့်ရင် မနက်ဖြန်ပဲ မင်္ဂလာရက် သတ်မှတ်လုက်တာပေါ့"

မင်းသမီးလေးကလည်း ခပ်အေးအေးပင် ပြောလိုက်လေသည်။

❖

သူပြန်လာခဲ့သည်။

စိတ်ထဲမှာတော့ သိပ်မကျေနပ်လှ။

မျက်နှာပြောင်လှသော မင်းသမီးလေးကို ဘယ်လိုနားလည်မှန်း မသိအောင် ဖြစ်နေရသည်။

သို့ရာတွင် ရွှက်ဖျင်တဲသို့ ပြန်ရောက်သည့်အခါ မင်းသမီးလေးအကြောင်း ကွယ်ပျောက်သွားသည်။ မင်းသမီးလေးထက် စိတ်ဝင်စားဖွယ်ကောင်းသော စာတစ်ရွက်က ရွက်ဖျင်တဲအတွင်းရှိ ပန်းအိုးအောက် ၌ ရောက်နေသည်။

လုရှောင်ဖုန့်က စာရွက်ကိုယူပြီး ဖတ်ကြည့်လိုက်၏။

"ရှင်တို့တစ်တွေ မနက်မိုးမလင်းခင် ဒီကနေ ထွက်သွားကြပါ။ မဆိုင်တဲ့ကိစ္စတွေ ဝင်ရှုပ်နေရင်က နောင်ကျမှ နောင်တရပါလိမ့်မယ်"

မယ်တော်ဘုရား

လုရှောင်ဖုန်မှာ စာရွက်ကိုကိုင်ပြီး ကြက်သေသေသွားသည်၊ ငေးငိုင်လို့သွားလေတော့သည်။

မယ်တော်ဘုရား လာပြန်ပြီ။

ပထမပိုင်းပြီး၏။

ဒုတိယ–ဇာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်